

# မှော်ဓားဖို မှော်ဓားမ

ဆက်ဝိုင်း

စာမူ ခွင့်ပြုချက်အမှတ် ၈၂၇/၉၄(၁၁)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၉၃၄/၉၄(၁၁)

ထုတ်ဝေခြင်း

ပထမအကြိမ်

၁၉၉၄ ခု၊ ဒီဇင်ဘာလ

အုပ်ရေ

၅၀၀ အုပ်

တန်ဖိုး

သုံးဆယ်ကျပ်တိတိ

နဂါး

စာပေ

အထက်မြန်မာပြည် ဖြန့်ချိရေး၊ မန္တလေး


# ရဲမာန်အောင်

'မှော်ဓားဖို မှော်ဓားမ'

စာစဉ် ၂ (ဇာတ်သိမ်း)


ဖြန့်ချိရေး

မှူးမိုးအောင်

စာပေ

အမှတ် ၈၂-ဖြ လမ်း ရန်ကုန်မြို့

စာတိုက်သေတ္တာအမှတ် ၁၁၈၃

ဗဟိုစာတိုက် ... ရန်ကုန်မြို့

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြ လမ်း
တောင် ဥ မြို့
ဖုန်း ၂၁၃၄၄



မိုးကြိုးပန်းနှင့် ဝေးရသူ

စီလင်ရှုတစ်ယောက် မိုးကြိုးပန်းကလေးများကို မြင်လေ တိုင်း ရင်ထဲ၌ ဆုံးရှုံးမှုတစ်ခု ဖြစ်ပေါ်လာသလို ခံစားရ သည်။

ချူယာကို ဘယ်အရပ်သို့ ပြေးပြီလဲ။

ခက်သည်က ချူယာကို နေထိုင်သော ဇာတိကို သူမသိရ သော ကိစ္စသာဖြစ်၏။

သူမနှင့် ဆုံစည်းခဲ့ရပုံ၊ နှင်းတောင် ဘွားဘွားဝ ထံတွင် ဆေးကုသပေးခဲ့ပုံနှင့် ငွေကြိုးကြာ ဝမ်လန်းစံ၏ အတွေအညီ

နှင့် ဆေးဝါးကုသပေးနေစဉ် အထင်အမြင် လွဲမှား၍ထွက်ပြေးသွားကြောင်း၊ သိရပုံတို့ကို မေ့မရနိုင်ခဲ့။

ချူယာကို သူ အပေါ် တစ်ဖက်သတ် မေတ္တာမျှနေကြောင်းကို သိရှိမြန်သည့်အခါ နှလုံးသားထဲမှ တမြည့်မြည့် ခံစားရပြန်သည်။

သူ၏ အဖြစ်ကို မြင်တွေ့နေရသည့် ငွေကြိုးကြာဝမ်လန်းစံပင် စိတ်မကောင်းဖြစ်ရတတ်စမြဲ ဖြစ်၏။

'ချူယာကိုရဲ့အကြောင်းကို ငါလဲ စုံစမ်းနေတာပါပဲ၊ အခု ထိတော့ သူဘယ်မှာ ရှိတယ်ဆိုတာ မသိနိုင်သေးဘူး၊ ဒါပေမယ့် သူ့ကို တွေ့တွေ့အောင် ရှာဖို့ လိုမယ်ဆိုတာတော့ ငါ သိထားပါတယ် စီလင်ရှု'

ဟုတ်တယ်....ဝမ်၊ အခုဆို သူဘယ်လောက် ဝေဒနာ ခံစားနေရမလဲ၊ စဉ်းစားကြည့်စမ်းပါ၊ အပ်စိုက် ပညာနဲ့ ဖောက်ထုတ်ခဲ့ရတဲ့ အဆိပ်သွေးတွေဟာ ဘယ်မှာ ကုန်သေးလို့လဲ ဝမ်ရယ်'

စီလင်ရှုက စိုးရိမ်သော လေသံနှင့် ဝမ်အား ချူယာကို နှင့် ပတ်သက်၍ ပြောပြနေပြန်သည်။

'ငါ နားလည်ပြီးသားပါ စီလင်ရှုရယ်၊ သမားတော်တိုင်းဟာ ကိုယ့်လူနာအတွက် အသက်ရှင်စေချင်တဲ့ လူချည်းပါပဲ'

'ငါ ဒီလိုသဘောနဲ့ ပြောလိုက်တာ မဟုတ်ပါဘူး ဝမ်'



စီလင်ရှု သူ့စကားများ သွားကြောင်း သိလိုက်၍ ချက်ချင်း သူ့ အမူအရာကို ပြောင်းလဲပစ်လိုက်ရင်း ဝမ်ကျေနပ်ရန် ပြောဆိုလိုက်၏။

နှင့်ရင်ထဲမှာ သူ့အတွက် ဘယ်လောက်ထိ ပူလောင်စွာ ခံစားနေရမယ်ဆိုတာ ငါသိပါတယ်ဟယ်၊ အခု ကိစ္စမှာလဲ သေသေချာချာစဉ်းစားကြည့်ရင် သူ ဘာကြောင့်အထင် လွဲသွားတယ်ဆိုတာ ရှင်းနေတာပဲ'

ပွင့်လင်းစွာ ပြောဆိုတတ်သည့် ဝမ်ကြောင့် သူ အနေခက်လှ၏။

နှင်းတောင် ဘွားဘွားဝ ထံ ပညာသင်ကြားကတည်းက ဝမ်က တခြားသူများနှင့် လုံးဝမတူခဲ့။

အကြင်နာတရားနှင့် ဓာနာတတ်မှု အပြည့်အဝရှိကြောင်း ကိုသူသိရှိနားလည်ပြီး ဖြစ်၏။

တစ်ခါတစ်ရံ ပြင်းထန်စွာ လေ့ကျင့်မှုကြောင့် အနာတရဖြစ်သည့်အခါ သူ့ကို ယုယ ကြင်နာစွာ ပြုစုပေးတတ်ပြီး လေ့ကျင့်မှု ပျက်ကွက်ခဲ့သော နေ့ရက်များအတွက် သူ့ထံ တွင် တစ်ဆင့် ပြန်လည် သင်ကြားခဲ့ရသည်။

ဝမ်က သိုင်းပညာကို သူ့လို ရည်ရွယ်ချက်ကြီးမားစွာ လေ့ကျင့်လာသူ တစ်ယောက်သာဖြစ်သည်။

မိန်းကလေး တစ်ယောက် ဖြစ်ပေမယ့် ယောကျ်ားလေးများပင် အာင်မန်ခံ မလုပ်နိုင် သည့် ကျင့်စဉ်များကို ဝမ်က စိတ်ပါဝင်စားစွာ လေ့ကျင့်နိုင်သည်က အံ့ဩစရာပင် ကောင်းလှပေသည်။

မလှပသည့် ဘဝ၌ အတိတ်၏ နာကြည်းချက် ဒဏ်ရာတစ်ခု တော့ ရှိလိမ့်မည်ကို သူသိ၍ မေးမြန်းကြည့်သော်လည်း သူက ပြောပြနိုင်ခြင်း မရှိခဲ့။

အထီးကျန်ဆန်လွန်းသည့် သူ့ဘဝလေးကို ဘယ်လိုမှ ဖြည့်ဆည်းမပေးနိုင်ရှာသဖြင့် သူ အတူးပဲ ဝမ်းနည်းမိသည်။

ထိုကိစ္စကို ဝမ်က မသိမဟုတ် သိသည်။

သို့ပေမယ့် မျိုသိပ်နိုင်ခြင်း တစ်ခုက သူ့၌ သူများထက်ကို ပိုလှသည်။

'ငါ သူ့ရဲ့ မိုးကြိုးအဆိပ်တွေ ကုန်သွားအောင် အခု ကုသလို့ရနေပြီပဲ၊ နင့်ဘက်ကသာ သူ့ကို မတွေ့တွေ့အောင် ရှာဖွေဖို့သာ တာ နှိုးယူပေတော့'

သမားတော် တစ်ယောက်လိုလူနာအတွက် ဝတ္တရားမပျက် ပြောဆို ထွက်ခွာသွားသည့် ဝမ်ကို ငေးကြည့်ရင်း တွေဝေစွာ ရပ်တန့်နေမိသည်။

ဝမ်က သည်အချိန်အထိ ဟန်ဆောင်ကောင်းနေဆဲ ဖြစ်သည်။

သူ၏ ဂရုစိုက်မှုက ချူယိကို အထင်လွဲရလောက်အောင် သူ့အပေါ် ပိုလွန်းနေမှန်း သိသာလှ၏။

ဝမ်က သူ စိတ်ချမ်းသာဖို့အတွက်ဆို ဘာမဆို လုပ်ပေးဝံ့သောသူသာ ဖြစ်၏။

သူ့အနေနှင့် မောင်နှမလို သဘောထားတတ်မှန်းကို ဝမ်က နားလည်သဖြင့် အရာရာကို စောင့်စည်းတတ်ဆည်



သိက္ခာတရားနှင့် သူ့အပေါ် အခင်အမင်မပျက် နေထိုင်ခဲ့တာ ကြာခဲ့လေပြီ။

* * *

ချူယိကို အမြဲထိုးစိနေတတ်သည့် ကျောက်တုံးဖြူလေးအား မြင်လိုက်ရသည့်အခါ ရင်ထဲ လွမ်းသလိုလို ခံစားလိုက်ရသည်။

လူနာတစ်ယောက်အနေနှင့် ခြောက်လအတွင်း သေဆုံးရမည်ကို ကျိန်းသေသိရှိသည့်အခါ သူ၏ နောက်ဆုံးအချိန်လေးအတွက် မည်သို့ စီစဉ်ခဲ့မည်နည်း။

ချူယိကိုကလည်း လျှို့ဝှက်နိုင်သူ တစ်ယောက်ဖြစ်ကြောင်း သူ ကောင်းစွာ နားလည်ထားပြီးဖြစ်၏။

သူနှင့်အတူ ရက်ပေါင်းအတော်ကြာကြာ နေထိုင်လာခဲ့သော်လည်း သူ့အကြောင်းကို မေးမြန်းသည့်အခါ သူ့ဘဝလေးကို ဖုံးကွယ်၍ စကားလမ်းကြောင်း ပြောင်းပစ်တတ်သည်။

သူ့အနေနှင့် ချူယိကိုနှင့်ပတ်သက်၍ တောထဲမှ ကယ်တင်ခဲ့ရသော်လည်း သူ့ဘဝအမှန်ကို မသိခဲ့ရ။

သူ ဘယ်ကသည်း။

သူ့အား တစ်စုံတစ်ခုသော အကြောင်းအရာက အရိပ်တစ္ဆေ ခြောက်လှန့်နေမှန်းကို အနည်းငယ်တော့ ရိပ်စားမိသည်။

ချူယာကိုက အတိတ်ကို မေ့လျော့နေဟန်ဆောင်၍ ဘယ်လိုပင် နေကာမူ သူ့မျက်ဝန်း၌ ဖျောက်ဖျက်မရနိုင်သော နာကြည်းခြင်း အရိပ်အယောင်များက အမြဲလိုလိုယှင်ဟပ် ပေါ်လွင်နေသည်။

သူမ မည်သူ့အား အဘယ်ကြောင့် နာကြည်းနေရသနည်း။

ချူယာကိုအား ဖွင့်ဟမေး ချင်လှပေမယ့် သူမမေးဖြစ်ခဲ့။

ကွယ်ဝှက်ထားသော ဘဝကို ရှာဖွေတွေ့ရှိရန် ခက်ခဲနက်နဲလှပေစွ။ ဆိတ်ငြိမ် အေးချမ်းလှသည့် နေရာလေးက အတွေးကို ပို၍ ပျံ့လွင့်လာစေသည်။

ကျဉ်းမြောင်းသည့် မြက်ရိုင်းပင်များ ပေါက်ရောက်သော လမ်းကလေးအတိုင်း ဖြတ်သန်းလာသည့်အခါ သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်သည့် နေရာသို့ ရောက်ရှိလာခဲ့၏။

အပင်ကြီးများပေါ်မှ အရွက်ချင်း ထိခတ်သံကို ကြားလိုက်ရသလို ထင်မိရုံမက တစ်ပင်နှင့်တစ်ပင် ကူးယှက်ပျံသန်းသွားသော ငှက်ကလေးများကို တွေ့လိုက်ရလျှင် ဘယ်ဆီကို ပြေးရှောင်ပုန်းနေမှန်း မသိသော ချူယာကိုအား လွမ်းဆွတ်တမ်းတမှုက ပိုလာသည်။



မိုးကြိုးပန်းကို အန္တရာယ်ကြားက မရ ရအောင် သူကြိုးပမ်း ရှာဖွေနေစဉ် ချူယာကိုတစ်ယောက် သူ့အား မျှော်လင့် စောင့်စားနေရှာမလိမ့်မည်။

သူ၏ အသက်ရှင်ရုံမျှသာမဟုတ်ဘဲ သူမထံတွင် မျှော်လင့်ချက်တစ်ခုတော့ အခိုင်အမာ ရှိနေမှာ သေချာလှ၏။

အခုတော့ အရာရာအားလုံး ဝေးကွာခဲ့ရလေပြီ။

သူ၏ စိတ်ထဲ၌ ချူယာကိုအား တစ်နေ့တွေ့ရမည်ဟု စိတ်ချ ယုံကြည်ထား၏။

ဒီပါသော်လည်း သူ အသက်ရှင် နေထိုင်ခွင့်ရသည့် ခြောက်လတာသော တစ်ခုအတွင်း သူမကို ရှာတွေ့မှ တွေ့ပါမည်လားဟု စိုးရိမ်စိတ်ကြောင့် ရင်ထဲ မသည်းမငြိမ် ဖြစ်ခဲ့ရ၏။

သူကိုယ်တိုင် စွန့်စားယူဆောင်လာသည့် မိုးကြိုးပန်းက လူတစ်ယောက်၏ အသက်ကို ကယ်တင်နိုင်ပါမည်လား။

သူစဉ်းစားရင်း ကြိုးကြာ ဝမ်သန့်စံထံသို့ လှည့်ပြန်လာခဲ့သည်။

ဝမ်က တွေဝေငေးမောစွာ ပြန်လည် ရောက်ရှိလာသည့် သူ့အား လှမ်းကြည့်လိုက်ရင်း…

‘ထုံးစံအတိုင်း ကျောက်ဖြူတောင်ကုန်းက ပြန်လာတာပဲ မဟုတ်လား၊ စီလင်ရှ’

‘ဟုတ်တယ်….ဝမ်၊ ငါ အဲဒီနေရာလေးကို ရောက်တိုင်း သူ့ကို အမြဲသတိရနေမိတယ်၊ ဒါကြောင့် အလွမ်းပြေသွားခဲ့တာပေါ့လေ’

သူက ဟုတ်တိုင်းမှန်ရာကို ရိုးသားစွာ ပြောလိုက်သဖြင့် ဝမ်က ပြုံးလိုက်၏။

ဝမ်၏လက်ထဲမှ မိုးကြိုးပန်းဝတ်ဆံ တချို့ကို တွေ့လိုက်ရ၏။

'ဘာလုပ်မလို့လဲ ဝမ်'

'ငါလဲ နင့်လိုပဲ သူ့ကို သတိရလို့ ပြန်လာရင် အဆင်သင့် ကုသနိုင်အောင်လို့ ဆေးဖော်တော့မလို့လို့'

'ကောင်းတာပေါ့ ဝမ်၊ ငါလဲ မနက်ကစပြီး သူ့ကို မတွေ့တွေ့အောင် ရှာဖို့ စိတ်ဆုံးဖြတ်ချက်ချလိုက်ပြီလေ'

'နင့်ရည်ရွယ်ချက်အတိုင်း အောင်မြင်ပါစေလို့ ငါဆုတောင်းပေးနေပါ့မယ် စီလင်ရှုရယ်'

စီလင်ရှုက လေးနက်စွာ ပြောဆိုလိုက်သည့် ဝမ်၏စကားသံအား ကျေးဇူးတင်ရှိစွာ တုံ့ပြန်ကြည့်လိုက်မိသည်။

( ၄၄ )

## ချူယီကို၏ဝေဒနာ

ချူယီကို၏ ရောဂါဝေဒနာတာ တစ်နေ့တခြားပို၍ပင် ဆိုးရွားကာ လာခဲ့လေသည်။

ခန္ဓာကိုယ်ထဲ၌ အင်အားယုတ်လျော့နေသဖြင့် တောင်ဝှေး တစ်ချောင်းကို အားပြု လျှောက်လာရသည်အထိ မျက်နှာများ ဖြူရော်လာသည်အထိ သွေးမရှိတော့သလို အရောင် ပြောင်းလာခဲ့သည်။

ငွေကြိုးကြာ ဝမ်လန်းစံထံတွင် နေခဲ့စဉ်က သွေးဆိုးများဟု ဖောက်ထုတ်ပစ်ခဲ့ရသဖြင့် ခန္ဓာကိုယ်အတွင်း ဖောက်

ပြန်မူ လုံးဝမရှိ ပါလောက် နေသာထိုင်သာ ရှိခဲ့သော်လည်း ယခုအခြေအနေ၌ သူမအား ပြုစုကုသပေးမည့်သူ မရှိ။

အားပေးဖော် တစ်ယောက်တလေမှ မရှိ။

သူမတစ်ယောက်တည်း ကျိတ်မှိတ်စွာ ခံစားရင်း ဖခင်၏ သူငယ်ချင်းတစ်ယောက်အိမ်၌ ထွက်ပြေးတိမ်းရှောင်နေထိုင်ခဲ့သည်ပင် နှစ်လကြာမြင့်ခဲ့လေပြီ။

သူ နောက်ထပ်လောကကြီးအတွင်း ဆက်လက်နေထိုင်ခွင့် လေးလသာ ကျန်ရှိတော့သည်။

ဝမ်နှင့် စီလင်ရှုတို့ သူ့အပေါ်တွင် မေတ္တာ စေတနာ အပြည့်အဝ ထားရှိကြောင်းကို အဝေးမှာ နေရမှ ပို၍ နားလည်ခွင့် ရခဲ့သည်။

သူ ဤအရပ်သို့ ရှောင်ပြေးမလာချင်သော်လည်း သူတို့နှစ်ယောက်အတွက် အန္တရာယ်အကျယ်ဖြစ်လို၍ တစ်နေ့ကျေးဇူးကန်းရာရောက်မည်ကို စိုးသဖြင့် စွန့်စား ထွက်ပြေးလာခဲ့ခြင်းသာ ဖြစ်၏။

သူမ တစ်ခန့် မှုချခဲ့ရသည်။

သေဆုံးမည့် ကာလတစ်ခုကိုလည်း လက်ချိုး ရေတွက် ခန့်မှန်းလို့ရနေခဲ့လေပြီ။

သည်လိုအချိန်မျိုးတွင် သူမ တားမြစ်နေသည့်ကြားက မိုးကြိုးတောင်သို့ ဇွတ်အတင်း ထွက်ခွာသွားသည့်စီလင်ရှုကို နားမလည်နိုင်သလို ဖြစ်ရ၏။

စီလင်ရှုအနေနှင့် သူ့အပေါ် မေတ္တာတရား မည်မျှ ကြီးမားကြောင်းကို လက်တွေ့ပြသသွားခဲ့လေပြီ။



မိုးကြိုးတောင်၌ အန္တရာယ် အားလုံးကို ဖြတ်ကျော်နိုင်ပါစေဟု စီလင်ရှုအတွက် သူမ ဆုတောင်းခဲ့မိသည်။

အကယ်၍သာ ငွေကြိုးကြာ ဝမ်လန်းစံထံသို့ စီလင်ရှု အရောက် ပြန်လာနိုင်ခဲ့ပါလျှင် အကြောင်းစုံ တော့ သိလောက်ပြီ။

ထိုအခါ သူ၏ရင်ထဲ၌ မည်သို့ ခံစားရလေမလဲ။

သူမအနေနှင့် စီလင်ရှုအကြောင်းကို တွေးမိတိုင်း စိတ်ထဲ ကြေကွဲစွာ ခံစားနေရသည်။

သူမ ထွက်ပြေး တိမ်းရှောင်လာမှန်းကိုသာ စီလင်ရှု သိလျှင် နာကြည်း မုန်းတီးသွားမှာတော့ သေချာသည်။

မှော်ဓားမအကြောင်းကို ခေါင်းထဲသို့ ရောက်လာလေ တိုင်း အတတ်ပညာတစ်ခုကြောင့် သေဆုံးခဲ့ရသည့်ဖေဖေ့ကို လွမ်းဆွတ် သတိရမိသည်။

သူမ ဖေဖေ့အတွက်ကို လုံးဝ တာဝန်မကျေနိုင်သေး။

စိတ်က သံမဏိလို ခိုင်မာလှပေမယ့် လူက မစွမ်းသာနိုင်သော အခြေအနေသို့ ရောက်ရှိနေသဖြင့် အရာရာကို အရှုံး ပေးနေသည်ကလွဲ၍ တခြားမရှိနိုင်တော့။

မှော်ဓား ဝှက်ထားသည့်နေရာသို့ သူမ ရောက်အောင် သွားချင်သည်။

မှော်ဓားကို အနက်ရောင် သိုင်းသမားများလက်ထဲသို့ ရောက်မသွားအောင် စီလင်ရှုအားပေးအပ်၍ သိုင်းလောက ထဲ၌ ကာကွယ်ခိုင်းစေချင်သည်။

ဖေဖေ သေဆုံးခဲ့သည်။

ဟိုက်ချိန် သေဆုံးခဲ့သည်။

မကြွစမိ သူမလည်း သေဆုံးရပေတော့မည်။

သို့ပေမယ့် အားလုံးသော မှော်ဓားအတွက် သစ္စာရှိစွာ ကာကွယ်ရင်း လောကထဲမှ စွန့်ခွာခဲ့ရသူများပင် ဖြစ်သည်။

သူမတို့ ပျောက်ကွယ်သွားသည့်နောက် သိုင်းလောကထဲတွင် မကောင်းသူပယ် ကောင်းသူကယ်ဖို့ မှော်ဓားနှစ်ချောင်းကို တာဝန်ကျေစွာ ကျန်ရစ်ခဲ့စေချင်လှသည်။

ထိုအခါ ရည်ရွယ်ချက်ကြီးမားစွာ အပင်ပန်း ဆင်းရဲခံ ဖန်တီးထားခဲ့သည့် ဖေဖေ၏ စိတ်ဆန္ဒအားလုံး သိုင်းလောကကြီး တစ်ခုလုံးထက် များစွာ မြင့်မြတ်မှန်ကန်ရာ ရောက်လာလိမ့်မည်ဟု ယုံကြည်ထားမိသည်။

သူမ အတွေးထဲ၌သာ သံသရာလည်နေမိပြီး စိတ်သွားတိုင်း ကိုယ် မပါနိုင်သောအဖြစ်ကို ပြန်လည် တွေးတောဆင်ခြင်မိသည့်အခါတိုင်း အားငယ်စိတ်တို့က လွှမ်းမိုးချင်သလို ဖြစ်လာခဲ့၏။

ထို ရက်ပိုင်းအတွင်း သွေး အဆိပ်တို့က မည်မျှ ပျံ့နှံ့နေသည်ကို မသိ၊ ဝေဒနာက ဆိုးဆိုးရွားရွားကို ခံစားနေရသည်။

ခြေလက် အင်္ဂါတို့ အနည်းငယ်ရောင်ကိုင်းစပြုလာသည်။

ကျောပြင်တစ်ခုလုံး တဆစ်ဆစ်နှင့် ပိုမွှား ကောင်များကဝိုင်းကိုက်နေသလို နာကျင် ကိုက်ခဲစပြုလာပြီး



သူ ခံစားနေရသည့် ဝေဒနာများကို တခြားလူ မသိစေချင်၍ တစ်ယောက်တည်းသာ ကျိတ်မှိတ် ခံစားနေရရှာလေသည်။

# ( ၄၅ )

## နှင်းဓားတစ်လက် အမွေဆက်

စီလဝ်ရှု မြင်းတစ်စီးဖြင့် နှင်းတောင် ဘွားဘွေးဝ ထံသို့ ခရီးထွက်လာခဲ့၏။

ချူယိကို၏ သတင်း စုံစမ်းမရသေးမီ နှင်းတောင်၌ ခေတ္တခိုလှုံရန်ဖြစ်ပြီး ဆရာဖြစ်သူထံ ကတိပေးထားသည့်အတိုင်း ဇီဂျင်ဟိုး၏ သတင်းကို စုံစမ်း ဖော်ထုတ်ရန် ဖြစ်သည်။

သိုင်းလောက၌ သစ္စာအရှိဆုံး သိုင်းသမားတစ်ယောက် အဖြစ် သူ ခံယူချင်သည်။

မိုးမခဝေးဟန်ဖေးအပေါ် ကြည်ညိုစိတ်ကြောင့် ပြောင်းလဲ လာရသည့် သူ့ဘဝကို တွေးမိရှောကိုင်း ဆရာဖြစ်သူအတွက် တာဝန်မကျေနိုင်သေးမှုကို လိပ်ပြာမသန့် ဖြစ်မိသည်။

သည့်ကြားထဲ မမျှော်လင့်ဘဲ ဆုံစည်းခဲ့ရသည့် ချူယ်ကို၏ ကိစ္စက ခေါင်းထဲသို့ ရောက်ရှိ နေပြန်သဖြင့် ဘယ်အရာကို ဦးစားပေး လုပ်ကိုင်ရမှန်းမသိအောင် တွေဝေသွားမိသည်။

နှင်းတောင်က သူရှိနေစဉ်ကအတိုင်း ဘယ်အရာမှမပြောင်းလဲဘဲ သာယာနေလေ၏။

နှင်းတောင် ဘွားဘွားဝ၏ အရိပ်အာဝါသ တစ်ခုကို ခိုလှုံရလေတိုင်း သူ့ရင်ထဲ ငြိမ်းချမ်း အေးမြသလို ခံစားရသည်။

နှင်းတောင် ဘွားဘွားဝက ဟပည့်ပေါင်း များစွာကို မွေးထုတ်ပေးခဲ့သူဖြစ်သော်လည်း သူ့အပေါ်တော့ သားသမီး အရင်းအချာပမာ ခင်တွယ်တတ်သည်မဟုတ်ပါလား။

'ဘယ့်နှယ်လဲကွယ်၊ ကောင်မလေးရော ဆေးကုအလို ပျောက်ကင်းသွားပြီလား'

ခရီးရောက်မဆိုက် လှမ်း၍ မေးမြန်းလိုက်သော ဘွားဘွား၏ စကားကြောင့် သူ ဘယ်ကစပြီး ဖြေရမှန်းမသိ ဖြစ်သွားခဲ့သည်။

'သူ မရှိတော့ဘူး....ဘွားဘွား၊ငွေကြိုးကြာ ဝပ်လန်းစံ ဆီမှာ ဆေးကုရင်း ထွက်ပြေးသွားပြီ'



'ဟေ....ဘယ်လို၊ထွက်ပြေးသွားတယ်....ဟုတ်လား'

'ဟုတ်ပါတယ်....ဘွားဘွား၊ သူ့ကို ဆေးကုသဖို့မိုးကြိုးပန်းကို သွားရှာနေတုန်း ရောဂါ မကုရသေးခင် ထွက်ပြေးသွားတာပါ'

'ကြော်....ကောင်မလေးနှယ်....ဒုက္ခကွယ်'

ဘွားဘွားဝက သူပြောပြသမျှ အကြောင်းစုံ သိရှိသွားသဖြင့် စိတ်မကောင်းဖြစ်သွားလေဟန် ညည်းညူလိုက်၏။

ဘွားဘွားဝက သူ စိတ်မချမ်းမြေ့ ဖြစ်မည်ကိုစိုး၍ ဘာမှ ထပ်မံမေးမြန်းခြင်း မပြုတော့ဘဲ လူကြီးပီပီ နှုတ်ဆိတ်နေလိုက်၏။

'ဒါနဲ့ မင်း နှင်းတောင်ကို ဒီတစ်ခေါက် ဘာကြောင့် ပြန်လာရတာလဲ'

ဘွားဘွားဝက ထူးထူးဆန်းဆန်း နှင်းတောင်ကို အရောက်ပြန်လာသည့် သူ့ကို အကဲခတ်ကြည့်ရင်း မေးလိုက်၏။

'ကျွန်တော် ဘွားဘွားဝထံမှာ အဆင့်မြင့် သိုင်းကွက်ကို ဆက်တက်ချင်လို့ပါ'

'မင်းမှာ ဘာရည်ရွယ်ချက် ရှိထားလို့တုံးကွယ်၊ အရင်လိုပဲ မင်းဆရာအတွက် လက်စားချေချင်ပြန်ပြီလား၊ သိုင်းပညာကို ကလဲ့စားချေဖို့အတွက်ဆို ဘွားဘွားဝ လုံးဝ သင်မပေးဘူး၊မင်းဟာ ဆရာ့ခြေရာ တစ်ကပ်တည်း နင်းဖို့များ အကြံအစည်ရှိနေသလား ပြောစမ်း'

မိုးမခဓား ဟန်ဖေးအကြောင်း ပါလာတိုင်း ဘွားဘွားဝ သည် အမြဲဒေါသသံများ ရောစွက်ပါလာတတ်ကြောင်းကို သူ သတိထားမိတာ ကြာလှပြီ။

ထို့ကြောင့် စီလင်ရှုက အမှန်အတိုင်းကို ပွင့်လင်းစွာ ဝန်ခံပြောမည်ဟု ဆုံးဖြတ်ချက်ချလိုက်ရင်း....

'ဟုတ်ပါတယ်....ဘွားဘွား၊ ကျွန်တော့် ဆရာ အတွက် တာဝန်ကျေချင်တယ်၊ပြီးတော့ ဆရာပေးခဲ့တဲ့ မစ္စည်းလေး ကြောင့် ပညာအမွေကို လိုချင်ပါတယ်'

'ဘာ....ဘယ်လို၊ပညာအမွေ ဟုတ်လား'

ဘွားဘွားဝ ၏ အမူအရာက ချက်ချင်းပင် တုန်လှုပ် ချောက်ချားဖွယ် ကောင်းလောက်အောင် ပြောင်းလဲသွားလေ ပြီ။

စီလင်ရှုက အိတ်ကပ်ထဲမှ မိုးမခဓား ဟန်ဖေးကိုယ်တိုင် စသောင် ပေးအပ်ခဲ့သော လက်စွပ်ကလေးကို ထုတ်လိုက် ရင်း....

'ဟောဒီ လက်စွပ်ကလေးက ဆရာကိုယ်တိုင် ကျွန်တော့် ကို ပေးအပ်ခဲ့တဲ့ ဥစ္စာအမွေလေးပါ....ဘွားဘွား။

'ဆရာရဲ့ နောက်ဆုံးမှာကြားခဲ့တဲ့ စကားကတော့ ဒီ လက်စွပ်လေးနဲ့ မင်းဘဝတစ်လျှောက်လုံးကို တိုးတက်အောင် နေထိုင်ရင်း ပညာအမွေကို ရှာဖွေသွားပါတဲ့'

ဘွားဘွားဝ က စီလင်ရှု၏ လက်ထဲမှ လက်စွပ်ကလေး ကို ယူကြည့်ရင်း မျက်ဝန်းမှ မျက်ရည်များ ဝေသီကျဆင်း လာခဲ့၏။



'ဟင်....ဘွားဘွားငိုနေတယ်'

'ဟုတ်တယ်....လူလေး၊ဘွားဘွား....မင်းဆရာ ဟန်ဖေးကို သတိရမိလို့ပဲ၊ မင်းဆရာဟာ တခြားလူမဟုတ်ဘူး လူလေး၊ ဟန်ဖေးဟာ ဘွားဘွားရဲ့ သားပဲ'

'ဗျာ....'

'ဘွားဘွားဝ ၏ စကားက ယုံကြည်နိုင်လောက်အောင် ဖြစ်ရ၏။

နှင်းတောင်ကို ပညာသင်ကြားရန် သူရောက်ရှိလာ ကတည်းက ဘွားဘွားဝ အနေနှင့် လိုလားစွာ လက်သင့်ခံ ပညာသင်ကြားပေးရုံကလွဲ၍ ဆရာဖြစ်သူ မိုးကြိုးဓား ဟန် ဖေးနှင့် ပတ်သက်၍ လုံးဝ မပြောခဲ့။

'မင်း တစ်နေ့မှာ ပညာအမွေတစ်ခု တောင်းလာမယ်ဆို တာကို ဘွားဘွား သိနှင့်းလည်ပြီးသားပါကွယ်။

'ဒါပေမယ့် မင်းဟာ အသက်ငယ်သေးတယ်၊ ပြီးတော့ သိုင်းလောကတစ်ခုလုံးနဲ့ ပတ်သက်လို့ အတွေ့အကြုံ နုနယ် သေးတာ အမှန်ပဲ၊ ဒါကြောင့် ဘွားဘွားဟာ မင်းကို သား ဖြစ်သူ ဟန်ဖေးလို လမ်းမှား ရောက်မသွားစေချင်ဘူး။

'ဟန်ဖေးဟာ မင်း ကြည်ညိုလောက်အောင် သိုင်း လောကကို မိုးမခဓားဟန်ဖေးဆိုတဲ့ နာမည်နဲ့ ဦးဆောင် သွားနိုင်တဲ့ လူတစ်ယောက် မဟုတ်ဘူး။

'သူ့ အောင်မြင် ကျော်ကြားမှုအတွက် အတ္တကြီးမားစွာ လုပ်ဆောင်ချင်တဲ့ အနက်ရောင် သိုင်းသမားကြီး တစ်ယောက် ပါပဲ'

ဘွားဘွားဝ ပြောပြသဖြင့် မိုးမခ ဟန်ဖေးနှင့်ပတ်သက်၍ အကြောင်းစုံကို သိနားလည်ခွင့် ရသွားလေပြီ။

ဘွားဘွားဝက သားဖြစ်သူအား သူရည်မှန်းထားသည့်အတိုင်း ဖြစ်မလာခဲ့သောကြောင့်အလွန် နာကြည်းမုန်းတီးနေလေဟန်ရှိသည်။

ထို့ကြောင့် ပညာအမွေဟု သူ ပြောလိုက်စဉ်က ဘွားဘွား ဝ ၏ အတိတ်က ဒဏ်ရာဟောင်းမှာ တရိပ်ရိပ် ပြန်ပေါ်လာခဲ့ခြင်းဖြစ်၏။

'အင်းလေ....မင်းရဲ့စိတ်ဓာတ်ကို စောင့်ကြည့်ပြီးမှ နှင်းဓားကို ပေးဖို့ ဆုံးဖြတ်ရမှာပေါ့'

'နှင်း....ဓား'

* * *

နှင်းဓား....။

နှင်းဓားက အရိုးကအစ ငွေရောင်သမ်းနေသည့် ဓားတစ်ချောင်းသာ ဖြစ်၏။



ထိုဓားကိုကိုင်ပြီး ဝှေ့ယမ်းလိုက်ရုံနှင့် တောတောင်များက ဝန်းကျင်သို့ ပျံ့နှံ့သွားလေဟန် နှင်းခဲ ဖြစ်သွားခဲ့သည်။

နှင်းဓားက အရွယ်အစား အလေးအချိန်ပမာဏ ကြီးမားလေဟန် ရှိသည်။

သို့သော်ငြားလည်း ဘွားဘွားဝ အတော့ အတွင်းအားကောင်းမွန်သူ ဖြစ်၍ သူ၏လက်ထဲ၌ စိတ်ထင်တိုင်း ဝှေ့ယမ်းပြသနိုင်သည်။

လွန်စွာ ထူးဆန်း အံ့ဖွယ်ကောင်းသော ဝိဇ္ဇာထားသော ဓားတစ်ချောင်းဖြစ်ပြီး ဓားပေါ်၌ သိုင်းကွက် ရှစ်ကွက်ကို ထွင်းထားသေး၏။

ထိုသိုင်းကွက်များမှာ အရေးပေါ်လိုလာလျှင် အသုံးပြုရန် ဖြစ်ပြီး နှင်းတောင်ဓားဆက်အမွေ ရှစ်ကွက်ဟု ခေါ်ဝေါ်ကြောင်းကို သိရှိရ၏။

ဘွားဘွားဝ တစ်ကိုယ်လုံး၌ ချွေးများ စိုရွှဲစပြုနေရှာလေပြီ။

အသက်အရွယ် ကြီးရင့်လာသောကြောင့် မောဟိုက်နွမ်းနယ်မှုကို တွေ့ရ၏။

စီလင်ရှုက ဘွားဘွားဝ ပြသလျက်ရှိသော နှင်းတောင်ဓားသိုင်းပညာကို စိတ်ဝင်တစား ကြည့်ရှုနေမိ၏။

သူသိသော ဓားသိုင်းပညာထဲတွင် တိုက်ကွက်များဖြင့် လေးလှသည်ဟု ထင်ရသော်လည်း တစ်ချက်ကောင်း အထိ

ရောက်ဆုံး တိုက်ခိုက်နိုင်သည့် နည်းစနစ်များက အံ့ဩဖို့ကောင်းလွန်းလှ၏။

'နည်းနည်းပါးပါး နခံပါဦးလား ဘွားဘွားရယ်'

သိုင်းကွက်အဆက် ပြတ်တောက်နေစဉ် စီလင်ရှုကအာရုဏာစိတ်ဖြင့် ပြောဆိုလိုက်သောကြောင့် ဘွားဘွားဝံက လေ့ကျင့်မှုကို ရပ်ဆိုင်း၍ သူ့ထံသို့ လျှောက်လာခဲ့၏။

'မင်းရဲ့ တက်ကြွနေတဲ့ စိတ်အာရုံကို နှင်းခေါး ပိုင်ဆိုင်ခွင့် ရသွားအောင် နှိုးဆွလိုက်ဘာပဲကွယ့်၊ ဘယ်လိုလဲ.... အခု နှင်းတောင်ဓားကွက် ဘယ်လောက် ခက်တယ်ဆိုတာ ခန့်မှန်းယှိုရပြီ မဟုတ်လား'

'ဟုတ်ကဲ့....ကျွန်တော် အချမ်းကို စိတ်ဝင်စားမိပါတယ် ဘွားဘွား'

'စိတ်ဝင်စားရုံနဲ့ ဒီဓားကိုပေးအပ်ဖို့ မလွယ်သေးပါဘူး၊ မင်းနဲ့ အမှန်တကယ်သာ ထိုက်တန်တယ်ဆိုရင် နှင်းတောင်မျိုးဆက် ဓားဟာ မင်းအတွက်ပဲ ဖြစ်ရမှာပေါ့၊ ဒီဓားကို မကိုင်ခင် မင်းအရည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာ အရင်ကြည့်ရသေးတာပေါ့'

ဘွားဘွားဝံက သူ့အား အရည်အချင်းကို စစ်ဆေးရန် ဖိတ်ခေါ်လိုက်၏။

* * *



နံနက်လင်းသည်နှင့် နှင်းဓားတစ်ချောင်းဖြင့် စီလင်ရှုတစ်ယောက် ချွေးတလုံးလုံးနှင့် လေ့ကျင့်နေသည်ကို မြင်တွေ့နိုင်သည်။

ခေတ်ခဲသည့် နှင်းတောင်လိုဒေသမျိုး၌ ချွေးတလုံးလုံးနှင့် တွေ့ရသူ အင်မတန်မှ ရှားပါးလွန်း၏။

နှင်းဓား၏ ရောင်ပြန်က အပူငွေ့ဟပ်သလို ခံစားရသဖြင့် တစ်ကိုယ်လုံး ရှိန်းမြမြ ဖြစ်နေသည်။

ခန္ဓာကိုယ် အပေါ်ပိုင်း၌ တေဇောဓာတ် အပူငွေ့များ အလူလူ ထွက်နေသည်။

နှင်းတောင် ဓားကွက်များက လျင်မြန် သွက်လက်လွန်းလှသည်။

တစ်နေ့နှင့်တစ်နေ့ ဖတ္တနိုင်လောက်အောင် လက်ထဲ၌ ပေါ့ပါးလာကြောင်း သတိထားမိသည်။

ဘွားဘွားဝံက သူ၏ထက်မြက်လှသော လေ့ကျင့်မှုနှင့် ကြိုးစားနေပုံကိုကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်လျက် သဘောကျနေဟန်ရှိသည်။

သူကိုယ်တိုင်လည်းဘွားဘွားဝံနှင့် နှင်းဓားကို ယုံကြည်စွာ အပ်နှံရလေအောင် ကြိုးစားမှု အားမာန်ကို မလျှော့။

နှင်းဓားသည် သူ့အတွက် အထိုက်တန်ဆုံးဆုဖြစ်စေရမည်ဟု သန္နိဋ္ဌာန်ချထားပြီး ဖြစ်သည်။

'ဘွားဘွားအနေနဲ့ လူလေးရဲ့ ကြိုးစားပုံကို ကျေနပ်အောက်ပါပြီကွယ်။

'ဘွားဘွား မှာချင်တာက နှင်းမောကို မင်း ရရှိသွားတာနဲ့ မင်းဆရာ ကန့်ဖေးလို သိုင်းလောကကြီးအပေါ် သစ္စာမဖောက်မိသွားဖို့တော့ လိုလိမ့်မယ်'

'ဒီအတွက် စိတ်ချပါဘွားဘွား'

'နှင်းတောင်တစ်ခုလုံးရဲ့ သိုင်းရာဇာ ရာဇဝင်ကို ဒိုးစဉ်ဆောင်ဆက် ထိန်းသိမ်းလာတဲ့ ဟောဒီမောဟာ မင်းအတွက်တာဝန် အစွာရှိမှာပါပဲလေ'

'နှင်းမောအပေါ် စောင့်စည်းအပ်တဲ့ သိက္ခာအားရုံနဲ့ ထိန်းသိမ်း စောင့်ရှောက်သွားပါ့မယ်ဆိုတာလဲ ထပ်မံကတိပြုပါတယ်'

စီလင်ရှာ ဘွားဘွားဝ သူ့အပေါ် ပိုမိုယုံကြည်မှုရှိသွားစေရန် အကြိမ်ကြိမ် ကတိပြုနေရရှာသည်။

ဘွားဘွားဝက နှင်းမောကို လွယ်လွယ်ပေးမည် မဟုတ်ကြောင်းကို သူ နားလည်မိပြီး ဖြစ်၏။

မျိုးဆက်တစ်လျှောက်လုံး ကောင်းသော အမွေအနှစ်ကို စောင့်ထိန်းလာသည့် မောဖြစ်၍ သားဖြစ်သူ ဟန်ဒဖေးကိုပင် ဘွားဘွားဝ အသိပေးခဲ့၏။

သို့ပေမယ့် အသက်အရွယ် ကြီးပြင်းလာသည်နှင့်အမျှ နှင်းတောင် မောသိုင်းကွက်များကို ဆက်လက်အမွေပေးအပ်ရန် သေ့ကြွားကာလည်း မရှိပြန်သဖြင့် အခက်တွေ့နေသည်။

စီလင်ရှာ လိုလားစွာ အမွေ တောင်းခံလာသည့်အခါ သူ့အတွက် စဉ်းစားစရာ တစ်ခုလို ဖြစ်လာသည်။

ယခုတော့ သူ့အတွက် အားလုံး စိတ်အေးရပြီ။



စီလစ်ရှာကလည်း သူ့မျက်စိထဲ၌ အဆောအလာရှိသော သိုင်းသမား တစ်ယောက် အဖြစ် တွေ့မြင်လိုက်ရသဖြင့် အဘေတာ်ကို ကျေနပ်နေမိသည်။

သူ့အား နှလုံးရည်ပြည့်ဝအောင် ကြံဆောင်ရပေဦးမည်။ သို့မှသာ သူလိုချင်သော အရည်အချင်းရှိသည့် သိုင်းသမားကောင်းတစ်ယောက် ဖြစ်လာမည် မဟုတ်ပါလား။

( ၄၆ )

မိုးမခခွေးဟန့်ဖေးအတွက် တာဝန်ကျေချင်သူ....

စီလုင်၌ ဘွားဘွားဝံထံမှ ခွေးတစ်ချောင်းကို ရယူလျက် ခရီးဆက်လာခဲ့၏။

နှင်းခွေးကို ဘွားဘွားဝံက အပ်နှင်းသည့်နေ့တွင် ထိုခွေးကဲ မှော်ခွေးတစ်ချောင်းသာ ဖြစ်ကြောင်း အတိအလင်း ပြောဆိုခဲ့၏။

'နှင်းဓားကို သွားလေရာရာမှာ မထိခိုက်အောင် အဘက်နိုင်ဆုံး ရှောင်ရလိမ့်မယ် လူလေး၊ အထူးသဖြင့် သူ့လိုအစွမ်းသတ္တိရှိတဲ့ မှော်ဓားမျိုးကို ရှောင်ရမယ်'

'နှင်းဓားမှာ ရှိတဲ့စွမ်းအင်တွေဟာ ဖန်ဆင်းထားတဲ့ ဓာတ်သဘာဝ မတူညီမှုကြောင့် မှော်ဓားနဲ့ ထိတွေ့တာနဲ့ အရောင်တွေ မှေးမှိန်နိုင်စေတယ်။

'မတတ်သာတဲ့အဆုံး ဓားချင်းခုတ်မိရင်တောင်မှ ဒဏ်မခံနိုင်လို့ ကျိုးပဲ့သွားမှာ၊ သေချာတယ်လေ။

ဘွားဘွားဝ'က ထပ်ဖွဖွမှာကြားခဲ့သည့် စကားကို နားထဲ၌ ကြားယောင်နေမိ၏။

မှော်ဓားဆိုသော ဝေါဟာရ တစ်လုံးက သူ့လိုအတွက် အထူးဆန်းတစ်ခုလို ဖြစ်နေမိသည်။

မှော်ဓားဆိုတာ မည်သည့်အရာနည်း....။

သူ တွေ့ဖူး မြင်ဖူးချင်လှ၏။

သို့ပေမယ့် သူသည် အတွေ့အကြုံနုနယ်လှသည့် သိုင်းသမားတစ်ယောက် ဖြစ်သောကြောင့် မှော်ဓားနှင့်ပတ်သက်၍ တွေ့ခွင့် မရှိနိုင်သေး။

စီလင်၌ ခရီးဆက်လာရာ လမ်းတစ်လျှောက်၌ ဘွားဘွားဝ' ပြောသမျှကို တစိမ့်စိမ့် စဉ်းစားလာခဲ့၏။



ဘွားဘွားဝ'က သူ့အတွက်တော့ အလွန်လေးစားဂါရဝထားဖွယ်ကောင်းသည့် ဆရာတစ်ဆူပင် မဟုတ်ပါလား။

## ( ၄၃ )

**အခဲ့မကျေ**

ရေမိုးကြိုး ဝမ်ပင်း၏အမလောင်းနှင့် သူ၏အချစ်တော် ကျားကြီး၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ရင်း ညီမဖြစ်သူ မိုးကြိုးလက် ဝူစီထစ်ယောက် ကြေကွဲစွာ ခံစားနေရသည်။

အစ်ကိုဖြစ်သူ၏လိုအင်ဆန္ဒ မပြည့်မီ ရက်စက်စွာ အဆုံးရှုံးသွားသူ မှာ ညီသူနည်း။

သူမ မနေတွေးတတ်အောင် ဖြစ်ရသည်။

သို့ပေမယ့် ဆက်လက်တွေးကြည့်မည်ဆိုလျှင် ငရဲမိုးကြိုး ဝမ်ပင်းကိုယ်တိုင် ကျေနပ်စွာ ကမ္ဘည်းထိုးခဲ့သည့် နံရံမှ ချူယီကို ဆိုသည့် စာတန်းလေး ပျက်ယွင်းနေပုံ၊ ချူယီကို နှင့်ပတ်သက်၍ သူမကိုယ်တိုင် လက်စားချေ တိုက်ခိုက်ခဲ့ပြီး ယခု ကျောက်စက်ရေကန်ထဲမှ ငရဲမိုးကြိုး၏ ယုယစွာ စိုက်ပျိုးထားသည့် မိုးကြိုးပန်း ပျောက်ဆုံးနေပုံတို့ကို တွေးတော ကြည့်မိပါလျှင် အဖြေက ရှင်းနေလေပြီ။

အစ်ကိုဖြစ်သူအား သတ်ဖြတ် အန္တရာယ်ပြုသွားသူမှာ ချူယီကိုနှင့် တစ်နည်းနည်း ပတ်သက်နေသူသာ ဖြစ်ရမည်။

မိုးကြိုးတောင်တန်း....။

ငရဲမိုးကြိုး နေထိုင်ရာ ထိုတောင်တန်း ကြီးမှာလည်း တစပြင်ကြီးတစ်ခုလို ခြောက်ကပ်၍ တိတ်ဆိတ်နေခဲ့လေပြီ။

သူ ဘယ်လိုရှေ့ဆက်ရမည်နည်း။

သို့ပေမယ့် အဆိပ်ဖြေဆေးတော့ သူ့မှာရှိသေး၏။

အစ်ကိုက အနာဂတ်အရေးအတွက် အမြော်အမြင် ကြီးမားသူ တစ်ယောက်သာ ဖြစ်၏။

ထို့ကြောင့် အဆိပ်ဖြေဆေးကို မိုးကြိုးမျိုးဆက် ရှင်သန်ရေးအတွက် တာဝန်ကျေစွာ တစ်နေရာရာတွင် လျှို့ဝှက်ထားရှိခဲ့ရသေးသည်။

ထို့ကြောင့် မိုးကြိုးလက်၌ ဗူးစိတစ်ယောက် သိုင်းလောကကို ပလွှားနိုင်သေးသည်။



အမှောင်ဖုံးလွှမ်းနေပြီး မရဏတောင်ဟု ခေါ်သည့် သူ့အစ်ကို မြုတ်နှံရာ မိုးကြိုးတောင်ကြီးကို မငွန့်ခွာနိုင်ရက်သေး။

ထိုတောင်ကား သိုင်းသမားများအတွက် ပြန်လမ်းမရှိနိုင် ဆိုသော နှစ်ပေါင်းများစွာခြောက်လှန့်ခံထားရသည်များမှာ ငရဲမိုးကြိုး ဝမ်ပင်း သေဆုံးသွားပြီဟု သိသည်နှင့် လူသူမရောက်နိုင်သည့် ထိုနေရာသို့ ရှာရှာဖွေဖွေ ရောက်လာကြပေတော့မည်။

ဝမ်ပင်း၏ ဘဝတစ်လျှောက်လုံး သိုင်းပညာကို အလွဲသုံးစား ပြုခဲ့ပြီး မိုးကြိုး အဆိပ်နှင့် လူများ၏ အသက်အန္တရာယ်ကို ပြုလာခဲ့ပေမယ့် ယခုတော့ သူ့အစ်ကိုမိုက်ဇာတ်သိမ်းပေးနိုင်မည့်လူတစ်ယောက် လောကကြီးထဲပေါ်ပေါက်လာခဲ့လေပြီ။

ငရဲမိုးကြိုး၏ ဂုဏ်သိက္ခာ။

မိုးကြိုး မျိုးဆက်တစ်ခု၏ ဂုဏ်သိက္ခာ။

မိုးကြိုးတောင်၏ ဂုဏ်သိက္ခာ။

အရာအားလုံးကို ထိန်းသိမ်း စောင့်ရှောက်နိုင်ဖို့ အတွက် အစ်ကိုဖြစ်သူက ဘစ်ဆင့် တာဝန်ပေးအပ်လိုက်သလို ဖြစ်နေသည်။

ဗူးစိ၏မျက်ဝန်း၌ ခံပြင်းသော နာကြည်းချက် အရိပ်တွေ ထင်းလာသည်။

အခုဝေးရှိ တောင်တန်းကြီးများဆီသို့ ငေးကြည့်ရင်း ဆုံးဖြတ်ချက် တစ်ခုကို ပြတ်ပြတ်သားသားချနိုင်ဖို့အရေး ချီတုံချတုံ ဖြစ်နေမိသည်။

နောက်ဆုံး မိုးကြိုးတောင်ကို သူကိုယ်တိုင် ခေတ္တစောင့်ရှောက်ထားဖို့ ဆုံးဖြတ်လိုက်မိ၏။

မိုးကြိုးတောင်ဆီသို့ ထူးထူးခြားခြား သိုင်းသမားသုံးဦးက အလည်ရောက်ရှိလာသည်။

သုံးယောက်စလုံးက ရေမိုးကြိုး ဝမ်ပင်း၏ ပုံပြင်တစ်ပုဒ်ကို လုံးဝ ယုံကြည်လာဟန်မတူချေ။

'သာစမ်းပါကွာ၊ မိုးကြိုးတောင်ဆိုတာ မနွှေခေါင်ခေါင်မှာ မိုးကြိုးပစ်နိုင်ပါဘူး'

မျက်စိသူငယ်နှင့် တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေသည့် သိုင်းသမား လေးမှာ တောင်တောင်အီအီ ငေးရင်း လိုက်လာခဲ့သည်။

ကျောက်ဆောင်များက မိုးကြိုး အပစ်ခံထားရသော ဒဏ်ရာ ဒဏ်ချက်များကြောင့် တစ္ဆေကြီး တစ်ကောင်၏ ဦးခေါင်းလို ရွှတ်တွနေသည်။

ကျောက်သားများ ပဲ့ကျနေသည့် ကလိုက်ပေါက်များသို့ လက်နှင့်နှိုက်ရင်း...

'မိုးကြိုးတောင်သာဆိုတယ် တို့လိုချင်တဲ့ပစ္စည်းက အခုထက်ထိ မတွေ့သေးပါလားကွာ'

'ဟာ...ဒါ စိတ်ဓာတ်ကျစရာလိုပါဘူး၊ မိုးကြိုးသွား' ဆိုတာ မင်းမျက်စိနဲ့ မြင်သာမယ့်နေရာမှာ ဘယ်ရှိပါ့မလဲ'



မိုးကြိုးသွား ရှာဖွေလာသူ သိုင်းသမား သုံးဦး၏ ကျယ်လောင်စွာ ပြောဆိုသည့် စကားသံများက တိတ်ဆိတ်မှုအား ဖြိုခွင်းပစ်လိုက်လေပြီ။

'ဒါဆို အထက်ကို ဆက်တက်ကြည့်ကြရအောင်'

'ယား....'

'ရှပ်....ရှပ်'

'အား....'

ကြောက်မက်ဖွယ် ကြုံးဝါး အော်ဟစ်သံနှင့်အတူ မျက်နှာဖုံး စွပ်ထားသည့် ဝတ်ရုံနက်က လူသားခန့်ခန့်လျက် ပြင်းထန်စွာ တိုက်ခိုက်ရင်း ကျောက်ဆောင်များကြားထဲသို့ လှစ်ခနဲ တိုးဝင် ပျောက်ကွယ်သွားလေသည်။

သိုင်းသမားငယ်ကလေး လည်ပင်း၌ ဘီလူး အကုတ်ခံရသလို အသေပါက်ငယ်သံပေါ်နှင့် အခြစ် အစင်းကြောင်းကြီး တစ်ခု။

သွေးပျက်ဖွယ် အော်ဟစ်သံနှင့်အတူ မချိမဆံ့နိုင်အောင် လူးလွန့် သေဆုံးသွားရှာလေသည်။

ကျန် အဖော်နှစ်ဦး၏ မျက်နှာမှာ သွေးဆုတ် ဖြူရော်စပြုလာခဲ့၏။

နာနာဘာဝတစ်ကောင်က ဆီးကြို တိုက်ခိုက်လိုက်သလို တုံ့ပြန်မှုမရလောက်အောင် တိုက်ကွက်က မြန်ဆန်လွန်းလှပေသည်။

'သတိထားနော်၊ ကြောက်စရာကောင်းတဲ့ ရန်သူ ရှိနေပြီ'

တစ်ဦးကိုတစ်ဦး သတိပေးရင်း ကျောချင်း ကပ်လျက် ဘွားခနဲ ပေါ်လာမည့် ရန်သူအား ရှာဖွေနေမိကြ၏။

ဟီး....ဟီး....ဟီး'

၆ 'ဟား....ဟား....ဟား'

ချ ဂုယ်မောသံကြီးက သွေးပျက်လုခမန်း ပဲ့တင် ရိုက်ခတ်လွင့် ပေါ်ထွက်လာခဲ့၏။

ရွေ 'ဟင်....'

'ဟာ....'

ဝတ်ရုံနက် မျက်နှာဖုံးရှင်က သူတို့ ရှေ့ တည့်တည့် တောင်စောင်း တစ်ခုပေါ်မှ ခါးထောက် ရပ်ကြည့်နေသည်။

နှစ်ဦးစလုံးက လူခွဲ၍ အမြန်ဆုံးရှောင်လျက် တိုက်ခိုက်ရန် အဆင်သင့်ပြင်ထားလိုက်ကြ၏။

'မင်းတို့ မိုးကြိုးတောင်ကို ဘာကြောင့် ရောက်လာကြ တာလဲ ပြောစမ်း'

ဝတ်ရုံနက်မျက်နှာဖုံးရှင်က လက်ညှိုးထိုး၍ မေးမြန်းလိုက် သည်။

'မင်းနဲ့မဆိုင်ပါဘူး၊ ဘာကြောင့် သိချင်ရတာလဲ'

'ဝှစ်....ဝှစ်'

'ဖတ်....ဖတ်'

တစ်ဖက်လူ၏အဖြေကို နှစ်ခိုက် သဘောကျဟန်မရှိ၍ တိုက်ခိုက် ရန်မူဖို့ ခြောက်လှန့်လိုက်၏။

သူကား မိုးကြိုးဆက် ဝူစီဖြစ်၏။



သူ့တာဝန်က မိုးကြိုးတောင်သို့ ရောက်ရှိလာသည့် ညှိသည့်မှုန်သမျှကို သူ့အစ်ကို ပေးထားသည့် တာဝန်အရ မရဏာလမ်းကို ပို့ရန်သာ ဖြစ်၏။

မိုးကြိုးအဆိပ်များရှိသော စွန့်ကုပ်သံမဏိ လက်ကြီးက ခြောက်မက်ဖွယ် ဆောင်းလှုပေစွ။

သိုင်းသမားနှစ်ယောက်က ဓားကိုယ်စီနှင့် ခုခံတိုက်ခိုက်မှုကာလည်း ပြင်းထန်လွန်းလှ၏။

ဝှီး ... ဝှစ် ... ဝှစ် .... ဝှစ်

ဓားချက်တိုင်း အတွင်းအား ပါလှပေမယ့် လေထဲဝဲပျံ၍ ရှောင်တိမ်းပုံက ပညာပါလွန်းလှသဖြင့် တကယ်တမ်း မိမိရရ တိုက်ခိုက်နိုင်ဖို့ မလွယ်ကူလှပေ။

မိုးကြိုးလက် ဝူစိ၏ရှောင်တိမ်းပုံကို ပါးစပ်အဟောင်းသားဖြစ်၍ ကျန်ခဲ့ရ၏။

သိုင်းသမားနှစ်ဦးက ကိုယ့်ကိုယ်ကိုပင် မနည်း အသက်လု ကာကွယ်နေရသဖြင့် သေးင်းကို စောင့်ကြိုနေရသူနှင့် တူလှပေစွ။

'ဟိုင်း....'

'ရှပ်....ရှပ်....ရှပ်'

အဆိပ်မိုးကြိုးလက်ကြီးက သိုင်းသမားနှစ်ဦး၏မျက်နှာ ရှေ့သို့ ဝှီးခနဲ ဖြတ်သန်းသွားခဲ့လေပြီ။

နှစ်ယောက်စလုံးက မည်သို့တုံ့ပြန် တိုက်ခိုက်ရမည်ကို ခေါင်းထဲထည့် စဉ်းစားရင်း ညဏ်နီညဏ်နက် ဆင်နေကြသည်။

မျက်နှာဖုံးစွပ်ထားသဖြင့် မိုးကြိုးလက်ဝူစီအား မိန်းမတစ်ယောက်ဟု သိမြင်ခြင်း ရှိသည်မဟုတ်။

ပြင်းထန်ထက်မြက်လှသည့် တိုက်ကွက်များကိုသာ အာရုံပြုနေရသဖြင့် ခန့်မှန်းဖို့ ခဲယဉ်းလွန်းလှပေသည်။

မိုးကြိုးလက်ဝူစီအနေနှင့်လည်း နယ်ကျူး ရောက်ရှိလာသည့် သိုင်းသမားနှစ်ယောက်ကို စိတ်ချယုံကြည်လို့ မဖြစ်တော့။

ဒီဆိပ်ဖြေဆေးကိုရှာဖွေရန် လာသူများဟု ထင်မိသည်၊

အစ်ကိုဖြစ်သူအတွက် လက်စားချေလိုစိတ် ပြင်းပြနေ၍ ဘီးလူးမတစ်ကောင်လို မလွတ်တမ်း တိုက်ခိုက်နေမိသည်။

သူတို့တိုက်ခိုက်သည့် မိုးကြိုးတောင် ကျောက်ဆောင်တစ်ခုအနီး၌ လျှို့ဝှက်ချက်ပေါင်းများစွာ ရှိနေသည်။

ထိုကိစ္စကို ဝူစီ လုံးဝမသိ။



အစ်ကိုဖြစ်သူကလည်း မပြောခဲ့။

တစ်နေ့ မိုးကြိုးတောင်သို့ ရန်သူက ဝိုင်းဝန်းတိုက်ခိုက်ဖို့ ကြံစည်ခဲ့ပါလျှင် ထိုနေရာသို့ ဖြားယောင်း ခေါ်ဆောင်ရန် ထောင်ချောက်များစွာ ရှိ၏၊

'ဟိတ်'

'ဝှီး....ဝှစ်....ဝှစ်'

'ဝှီ....ဝှီ....'

ရန်သူနှစ်ဦးက အသာစီးရရှိနေဟန်နှင့်ဝူစီအား တရကြမ်း တိုက်ခိုက်လာခဲ့သည်။

သူမက ကျောက်ဖျာတစ်ခုပေါ်သို့ လွှားခနဲ ခုန်အက်၍ ရှောင်လိုက်၏။

'ဒုတ်....ဒုတ်....ဒုတ်'

'ဒုတ်....ဒုတ်....ဒုတ်'

ကျောက်ဖျာကြီးတစ်ခုလုံးမှာ ဝလျှင်လှုပ်သလို တဒုတ်ဒုတ်နှင့် လှုပ်ခါ ယမ်းနေရှာလေပြီ။

ဘာကြောင့် အခုလို ဖြစ်မှန်းကို ဝူစီကိုယ်တိုင် စဉ်းစား၍ မရသဖြင့် တုန်လှုပ်ချောက်ချားနေမိ၏။

ထိုနေရာက လွတ်မြောက်ရန် အမြန်ဆုံး ခုန်ထွက်ပြေးချင်လိုက်သော်လည်း အပြင်၌ အခွင့်ကောင်းကို စောင့်မျှော်နေသူ သိုင်းသမားနှစ်ဦးက အံ့အားသင့်စွာ ဝန်းရံထားကြရှာလေပြီ။

ဝူစီ အရဲစွန့်ခုန်ထွက်ဖို့ စဉ်းစားနေစဉ် အချိန်အတွင်းမှာပင် ကျောက်ဖျာနံဘေး ပတ်ပတ်လည်မှ မြွေတစ်ကောင်လို

လှုံးလွန်လှုပ်ရှားလျက် မိုးသို့ ထောင်ထက်လာသည့် လူသားစား မြက်ရိုင်းများကို တွေ့မြင်လိုက်ရပြန်သည်။

ငရဲမိုးကြိုး ဝမ်ပင်း၏ ထောင်ချောက်အတွင်း၌ ဝူစီတစ်ယောက် မပြေးသာအောင် လှောင်ပိတ် နေမိရှာလေပြီ။

မကြာခင် နွယ်ရှင်များက ကျောက်ဖျာတစ်ခုလုံးကို ဖုံးလွှမ်းသွားပေမတော့မည်။

ထောထဲတွင် ဝေ့ယမ်းလာသော နွယ်ရှင်များကို အဖျားလေးနှင့်ပင် တို့ထိမှုမရှိရလေအောင် ရှောင်ရှားနေရသည့် ဒုက္ခကလည်း မသေးလှပေ။

အသားနှင့်အာ ထိမိလိုက်လျှင် လူ့ခန္ဓာကိုယ် တစ်ခုလုံးအား ဝါးမျိုသွားမှာ သေချာနေပြီ။

'ယား....'

'ဒုတ်....အား'

ထိုအခိုက် ကြောင်၍ ငေးကြည့်နေသူ သိုင်းသမားနှစ်ယောက်ထဲမှ တစ်ဦးကို ပြင်းထန်စွာ တိုက်ခိုက် လိုက်သံကို ကြားလိုက်ရ၍ ကယ်တစ်ရှင်အား အံ့အားသင့် သာမျက်လုံးများနှင့် လှမ်းကြည့်လိုက်၏။

သူကား သံတင်းပုတ် ချင်းရှန်ဖြစ်၏။

ချင်းရှန်မှာ နယ်စားထံ၌ အမှုတော် ထမ်းရွက်ရစဉ်ကတည်းက ဝူစီကို စွဲလမ်းခဲ့ရသူတစ်ယောက် ဖြစ်၏။

ဝူစီက သူ့အချစ်ကို လက်မခံခဲ့။

ငရဲမိုးကြိုးဝမ်ပင်း ရှိနေသမျှ သူ ယောကျ်ားယူရန်မဖြစ်နိုင်သဖြင့် အကြိမ်ကြိမ် ငြင်းဆိုခဲ့ခြင်း ဖြစ်၏။



သံတင်းပုတ် ချင်းရှန်မှာ နှလုံးသားရေးရာနှင့် ပတ်သက်လာလျှင် မျှော်လင့်ချက် ကြီးမားလွန်းလှသူ ဖြစ်၏။

ထို့ကြောင့် ဝူစီသွားရာနောက်သို့ နောက်ယောင်ခံ တစ်ကောက်ကောက်လိုက်လာရင်း မိုးကြိုးတောင်သို့ ရောက်ရှိလာခဲ့ခြင်းသာ ဖြစ်၏။

( ၄၉ )

ဝူစိ၏ အန္တရာယ်ကို သူ ကာယ်တင်နိုင်ဖို့ ချင်းရှန်က ကျန်ရှိနေသော သိုင်းသမားတစ်ဦးအား ရင်ဆိုင်တိုက်ခိုက်ခန့် အသင့်ပြင်ထားခဲ့လေသည်။

'ထန်....ထန်....ဒလန်'

'ခြိမ်း....ခြိမ်း'

သံတင်းပုတ် လက်နက်နှင့် ဓားတစ်ချောင်း ထိခတ်သံက ဝန်းကျင်တစ်ခုလုံး ဆူညံစွာ ထွက်ပေါ်လာခဲ့လေပြီ။

သံတင်းပုတ် လက်နက်ကြီးက တိုက်ခိုက်မှု ပြင်းထန်လွန်းလှ၏။

တစ်ချက် ထိမိလိုက်လျှင် လူမဆိုထားနှင့်ထိချက်ကောင်း ပါက သံဗေးများပင် အပိုင်းပိုင်း ကျိုးကြေပျက်စီးသွား နိုင်လေသည်။

သံတင်းပုတ် ချင်းရှန့်၏ တိုက်ကွက်များကို တစ်ဖက် ရန်သူက အသက်လု ရှောင်ရှားနေရခြင်း ဖြစ်၏။

ချင်းရှန့် အတွက်တော့ အချိန်က အရေးကြီးနေပြီ မဟုတ် ပါလား။

နွယ်မြက်ရိုင်းပင်များ၊ ကျောက်ဖျာ တစ်ခုလုံးသို့ ဖုံးလွှမ်း မသွားမီ ကိစ္စပြီးပြတ်အောင် တိုက်ခိုက်ရလိမ့်မည်။

'ဝှီ ....ဝှီး....ဝှီး'

အရှိန်ပြင်းစွာ ခုတ်ပိုင်းလိုက်သည့် သံတင်းပုတ်ကြီးသည် နောက်ဆုတ်ရှောင်၍ နွယ်ရှင်ပင်များအနီးသို့ အနေ့.ရှေ့. တိုးလာခဲ့လေပြီ။

'ဟိုင်း.... အား'

သံတင်းပုတ် ချင်းရှန့်က ပရိယာယ် ကြွယ်ဝသူပီပီ ခုန်၍ အပြင်းထန်ဆုံး တိုက်ခိုက်ရန် ပြင်ဆင်ခိုက် သိုင်းသမားက ကြောက်အားလန့်အားနှင့် နောက်အဆုတ် နွယ်ရှင်များက တစ်ကိုယ်လုံး ရစ်ပတ် ဝါးမျိုသွားခဲ့ရှာလေပြီ။

သွေးဆာနေသော နွယ်ပင်များ၏ ဆွဲငင်ခေါ်ဆောင်ရာ နောက်သို့ သိုင်းသမားမှာ မလူးလွန့်သာဘဲ ပါသွားရပြီဖြစ် သည်။

သံတင်းပုတ် ချင်းရှန့်က တာဝန်ကျေခဲ့ပြီ မဟုတ်ပါ လား။



နွယ်ပင်များ၏ အာသီသ ပြည့်ဝသွားခဲ့ပြီမို့ ကျောက် ဖျာအောက်သို့ အလိုလို ငုံ့လျှိုးဝင်ရောက်သွားကြ၏။

စူစီက ကျောက်ဖျာချပ်ပေါ်မှ လွှားခနဲ ခုန်ထွက်လာခဲ့ လေတော့သည်။

'ဘာလို့ နင် ဒီအထိ လိုက်လာတာလဲ ချင်းရှန့်'

'ဝူစီကို စိတ်မချလွန်းလို့ပေါ့'

ချင်းရှန့်၏ စကားကြောင့် စူစီ၏မျက်နှာ ရှက်သွေးဖြန်း သွားခဲ့၏။

ဝူစီအနေနှင့် သူ့အပေါ် ဟိတ်တခိုး မေတ္တာမျှနေသော် လည်း ဖွင့်ဟ ပြောဆိုနိုင်ဖို့ မဝံ့ရဲခဲ့။

အစ်ကိုဖြစ်သူသား ရန်ရှာမည်ကို စိုးရိမ်ကြောက်ရွံ့ရစမြဲ ဖြစ်၏။

အခုတော့ သူမဘာဝ လွတ်လပ်ခဲ့လေပြီ။

ကံအားလျော်စွာ သူမထံသို့ ချင်းရှန့် ရောက်ရှိလာသည့် အတွက် စိတ်ထဲ ရွှင်လန်းဝမ်းမြောက်ရသလို ပီတိဖြစ်နေမိ သည်။

သူမတစ်ယောက်တည်း မိုးကြိုးတောင်တွင် နေထိုင်ရင်း အစ်ကိုဖြစ်သူ၏ သိမ်းဆည်းထားရစ်သော အဆိပ်ဖြေဆေးကို ရှာဖွေဖို့ဆိုတာ မလွယ်ကူလှပေ။

အခုတော့ ချင်းရှန့်က အန္တရာယ်ကြားမှ သူမ၏အသက် ကို စွန့်စားကယ်တင်ရင်း မိုးကြိုးတောင်သို့ ရောက်ရှိလာခဲ့ ရှာလေပြီ။

'ဒီ မိုးကြိုးတောင်မှာ ဝူစိ ရှိနေမယ်ဆိုတာ သူ ဘယ်လို သိသလဲ'

'ဝူစိနဲ့ ပတ်သက်သမျှ အမြန်ဘူးစွင့်ထားရုံတင် မကဘူး၊ နောက်ယောင်ခံ လေ့လာခဲ့တယ်ဆိုတော့ ဝူစိကို ဝရဲမိုးကြိုး ဝမ်ပင်း သေဆုံးသွားတာကအစ အားလုံး သိပြီးသားပါ လေ'

ဝူစိတစ်ယောက် ဘာမှ မပြောနိုင်ရှာတော့။

ချင်းရှန်ကို သူ့ဘဝအတွက် အားကိုးယုံကြည်စွာ ငေး မော ကြည့်နေလိုက်မိသည်။

မိုးကြိုးတောင် ချင်းရှန်။

ပြီးတော့ ရှေ့ဆက်သွားရမည့် ဘဝခရီးအတွက် အဖော် မွန်တစ်ယောက်အဖြစ် ရွေးချယ် လက်တွဲသွားရန်သာ ရှိတော့ သည် မဟုတ်ပါလား။

* * *

ကျောက်ဂူ တစ်ခုလုံးက မည်းမှောင်နေသည်။

မီးတုတ်အလင်းရောင်နှင့်နှစ်ယောက်သား စမ်းတဝါးဝါး လျှောက်လှမ်းဝင်လာခဲ့ကြ၏။



ဂူအတွင်းပိုင်း၌ရှိသောလင်းနို့များက အပြင်ဘက်သို့ဝေါ ခနဲ အုပ်စုလိုက် ပြေးထွက်လာခဲ့ကြသဖြင့် ချင်းရှန်က ဝူစိ လက်ကိုကိုင်ရင်း လွှဲချလိုက်ရသည်။

## ( ၅၀ )

လင်းနို့များက ကောင်းကင်ပြင်ကြီးပေါ်သို့ အုပ်စုလိုက် ပျံသန်းသွားကြရှာလေပြီ။

'အထဲမှာ အခုထိတော့ ဘယ်လိုထူးခြားချက်မှ မတွေ့ရသေးပါလား ဝူဗီ'

ဟုတ်သည်။

ဂူအတွင်းပိုင်းက မိုးကြိုးမျိုးဆက်၏ အထူးလျှို့ဝှက်ထားသော အခန်းဖြစ်သော်လည်း ငြိမ်သက်ပြီး လင်းနို့သိုက်များမှအပ ရှင်းလင်းလျက်ရှိ၏။

ရှေးက ပုဂ္ဂိုလ်ကြီးများ အတွင်းအား လေ့ကျင့်ခဲ့သော ကျောက်ခုံတစ်ခုကို မြင်မတွေ့မှ အားတက်သွားကြ၏။

နှစ်ဦးစလုံးက မိုးကြိုးအဆိပ်ဖြေဆေးကို ရှာဖွေရန် ရောက်ရှိလာကြခြင်း ဖြစ်၏။

မီးရောင်နှင့်ကျောက်ဂူဝတွင်ထိုးထွင်းထားသည့် စာတန်း တစ်ခုကို တွေ့လိုက်ရသည်။

မိုးကြိုးမျိုးဆက် အသက်မသေ အဆိပ်ဖြေကြ။

နှစ်ဦးစလုံး၏မျက်နှာမှာ ဝင်းပသွားခဲ့၏။

သူတို့ရောက်ရှိလာသည့် ရည်ရွယ်ချက် အောင်မြင်ခဲ့လေပြီ။

ဖန်ပေါင်းချောင်ကြီးတစ်ခုထဲတွင် နှစ်ပရိစ္ဆေဒ ရှည်ကြာစွာ မနံမစော် မပုပ်မသိုးအောင် စိမ်ထားသည့် အဆိပ်ဖြေဆေး ပုလင်းကို တွေ့လိုက်ရလေပြီ။

'ဟောဒီအဆိပ်ဖြေဆေးဟာ ဘယ်လို သမားတော်မျိုးမှ တုပ ဖော်စပ်လို့မရတဲ့ အစွမ်းထက်မြက်လှတဲ့ ဆေးပါပဲ'

'မိုးကြိုးအဆိပ်နဲ့ ထိတွေ့ ခံစားမိသူတိုင်းဟာ ဟောဒီဆေးကို မရမချင်း မုချသေဆုံးရမှာပဲချင်းရှန်၊ ဒါကြောင့် မိုးကြိုးမျိုးဆက်ဟာ တစ်နေ့ သိုင်းလောက တစ်ခုလုံးကို ဩဇာရှိရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဆိပ်သာရှိ ဆေးမသိအောင် ဇီဂူထဲမှာ လျှို့ဝှက် သိမ်းဆည်းခဲ့ရတာပဲပေါ့'

မိုးကြိုး အဆိပ်ဖြေဆေးနှင့်ပတ်သက်၍ ဝူစိစာ သိသင့်သည်ဟု ယူဆထားသည့် ဘဝကြောင်းဖော်ချင်းရှန်အား ပြည့်စုံစွာ ရှင်းပြလိုက်၏။



ချင်းရှန်မှာလည်း ဝူစိနှင့်မိုးကြိုးတောင်၌ တိတ်တိတ်ပုန်း ချစ်ကျွမ်းဝင်ခဲ့ရသူတစ်ဦးဖြစ်၍ မိုးကြိုးမျိုးဆက် ဖြစ်လာခဲ့ရပြီ မဟုတ်ပါလား။

ချင်းရှန်၏မျက်စိထဲ၌ မြင်ယောင်နေမိသည်က ဝူစိနှင့်သူ နောက်ဆုံးတိုက်ပွဲ၌ မိုးကြိုး အဆိပ်သင့်သွားရှာသူ ချူယီကိုပင် ဖြစ်၏။

ချူယီကိုတစ်ယောက် မကြာခင် သေဆုံးရရှာတော့မည် မဟုတ်ပါလား။

ချင်းရှန်၏ မျက်နှာလို မျက်နှာရ ပြောကြားချက်ကြောင့် နယ်စား ကျောက်ပိရန့်မှာ အထူး ကျေနပ်နေမိသည်။

'ဟား....ဟားဟား ဇီဂျင်ဟိုးရဲ့သမီး ချူယီကိုဟာ ဒါဆို မကြာခင် သေဆုံးရတော့မှာပေါ့ ဟုတ်လား၊ မှော်စားမ ပျောက်ကွယ်သွားတော့မှာ သေချာရင် ငါ့ရဲ့ မှော်စားဖို အစွမ်းကို အချိန်မီပြသဖို့တော့ လိုလိမ့်မယ်'

'နယ်စားက ဘယ်လိုများ စီစဉ်ချင်လို့လဲ'

'မှော်စားဖိုကို သိုင်းလောကတစ်ခုလုံး တုပပြိုင်ဆိုင်ရဲတဲ့ လူမရှိရအောင် အစွမ်းပြလိုက်ချင်တယ် ချင်းရှန်'

ချင်းရှန်က နယ်စား ခိုင်းစေလိုက်သမျှ မအောင်မြင်ဘဲ အမြဲ ပြန်လာရသူသာဖြစ်၏။

ချူယီကိုအား အပျောက် မရှင်းနိုင်သည့် ကိစ္စကြောင့် နယ်စားက သူ့အပေါ် ယုံကြည်ကိုးစားမှုကင်းမဲ့လာသဖြင့် မြောက်စားခြင်း မခံရဘဲရှိ၏။

ထိုကိစ္စအတွက် သူ့ဘက်က အဆော်ကို နေရထိုင်ရ ခက်လှသည်။

သူ့ ရည်ရွယ်ချက် အဆောင်ခန်းအတွင်း သံတင်းပုတ် ချင်းရှန်ဟူ၍ နယ်စား၏ မြှောက်စားမှုကို ရရှိဆုံးမှ ခံယူရန် ဖြစ်ပြီး ကျော်စောမှုတစ်ခု ရရှိလာသည်နှင့် မိုးကြိုးလက် ဝူစိနှင့် အတူတူနေထိုင်ရန်ဖြစ်၏။

ယခုတော့ သူ့ဘက်က မိုးကြိုး အဆိပ်နှင့် ပတ်သက်၍ ဝူစိထံမှ စုံစမ်း သိရှိခဲ့သမျှကို တိတိကျကျ ပြောပြနိုင်လာခဲ့သဖြင့် နယ်စားက ကျေနပ်သွားခဲ့ရှာလေပြီ။

ရေမြင့်မှ ကြာတင့်မည့်ဘဝမို့ နယ်စား ကျောက်ပိရန်၏ မှော်ဓားတစ်ချောင်းသာ သိုင်းလောကတစ်ခုလုံး လွှမ်းမိုးထားနိုင်လျှင် သူနှင့် ဝူစိအတွက်တော့ ပြောစရာမလိုလောက်အောင် ရာထူးကောင်းကောင်း ရပေဦးမည်။

ထို့ကြောင့်....

'နန်ကင်းနယ်မှာ သိုင်းပြိုင်ပွဲကြီးတစ်ခု စီစဉ်ပြီး မှော်ဓားစွမ်းကိုပြသလိုက်ရင် မကောင်းပေဘူးလားနယ်စားမင်း'

နယ်စားမင်း ကျောက်ပိရန်က ချင်းရှန်၏ အသံကြောင့် ကျေနပ်စွာ ပြုံးလိုက်လေသည်။

မှော်ဓားနှင့်ပတ်သက်၍ ချင်းရှန်က အလေးအနက်ထားသူ ဖြစ်ကြောင်း သူ သိရှိသွားခဲ့၏။

'အင်း....သိုင်းကောင်းတဲ့အကြံပဲ၊ ဒါမှ ပြိုင်ပွဲမှာ ယှဉ်ပြိုင်သူ မရှိရင် ဟောဒီနယ်မှာ ဘုရင်တစ်ဆူ ဖြစ်ကြောင်းကို ပေါ်လွင်စေမှာပဲ'



'ဒါဆို ပြိုင်ပွဲကို အမြန်ဆုံး ကျင်းပဖို့ စီစဉ်လိုက်တော့မယ်'

* * *

နန်ကင်းနယ်၌ ဓားစွမ်း ယှဉ်ပြိုင်ပွဲ ကျင်းပမည်ဆိုသော သတင်းက တစ်နယ်လုံး ပျံ့လွင့် ပေါ်ထွက်လာခဲ့လေပြီ။

စိတ်ဝင်စားသူ သိုင်းပညာရှင်များက ထိုပြိုင်ပွဲ၌ ဆုနိုင်ရရှိရေးအတွက် လေ့ကျင့်နေကြ၏။

နယ်စား၏ အကြံအစည်ကိုတော့ မည်သူကမျှ ရိပ်မိကြပုံ မပေါ်ချေ။

●နံ့ကင်းနယ်မှ စိန်ခေါ်သံ

နယ်စားက မှော်ဝေးဖိုကိုကြည့်ရင်း အုံ့မခန်းလောက်အောင် စွမ်းရည်ပြသနိုင်ဖို့ အားမွေးသားလျက်ရှိသည်။

သူ၏ အကြံအစည်အတိုင်းသာ အောင်မြင်ခဲ့ပါလျှင် မကြာမီ သူ၏ ဂုဏ်ရှိန်က ဗီရှေလို တရိပ်ရိပ် တက်လာဖွယ်သာ ရှိတော့သည်။

ကျောက်ပိရန်က အတ္တကြီးမားသူ တစ်ယောက်သာဖြစ်၍ သူကိုယ်တိုင် သိုင်းလောကတွင် ဘုရင်တစ်ဆူလို နေရမည်ဆို

လျှင် သူ့အတွက် ဂုဏ်ရှိန်မြင့်ဖို့ လမ်းစဉ်ကိုသာ လိုက်ရမည် ဖြစ်၏။

အများအတွက် ကောင်းကျိုးမပြုနိုင်သည့် ပြိုင်ပွဲကြီး ဖြစ်သလို တရားမျှတမှု မရှိနိုင်သော ယှဉ်ပြိုင်မှုတစ်ခုသာ ဖြစ်ကြောင်းကို သတင်းမပေါက်ကြားစေရန် ထိန်းချုပ်ထားလိုက်၏။

ပြိုင်ပွဲအတွက် စိတ်ဝင်စားသူများက ပို၍ တစ်စတစ်စ များလာအောင်လည်း သိုင်းလောက၌ဘုရင်တစ်ဆူလို သရဖူကြီးတစ်ခု ချီးမြှင့်မည်ဟု အတိအလင်း ကြေညာထားခြင်း ဖြစ်၏။

ထို့ကြောင့် သိုင်းပညာရှင် တော်တော်များများအ စိတ်ဝင်တစား ရှိလာခဲ့သည်။

ထိုသို့ စိတ်ဝင်စားသူအများထဲ၌ ချူယာကိုတစ်ယောက် အပါအဝင် ဖြစ်၏။

သူက ဖခင် ပေးအပ်သော တာဝန်နှင့် ဝတ္တရားအပေါ် သူ မသေဆုံးသွားခင် ကျေပွန်သွားချင်သူ ဖြစ်၏။

မှော်ဓားမ တစ်ချောင်းနှင့်သာ ကျောက်ပိယန်အား တိုက်ခိုက်ပါက အနိုင်မရခဲ့လျှင်တောင်မှ မှော်ဓားကို ဖျက်ဆီးပစ်နိုင်လိမ့်မည်ဟု သူ ယုံကြည်သည်။

သူ အသက်မသေဆုံးမီ နယ်စားကျောက်ပိရန်သာ သူ့အား တွေ့သွားခဲ့လျှင် မည်မျှအံ့သြစရာလေမလဲ မည်မျှ တုန်လှုပ် ချောက်ချားစရာလေမလဲ။

မှော်ဓားအတွက်ကို အသက်လုတိုက်ပွဲဝင်ရန် ဖြစ်၏။



"ဒါ ဗိုလ်တိုင်း ကနေ့ထိုင်ပြီး သေဆုံးသွားမယ် ဆိုတာတွေ တော့ နှစ်တင်းနယ်မှာ ကျင်းပမယ့်ပြိုင်ပွဲကို ဝင်ပြီးပြိုင်မှ ဖြစ်မယ်၊ အဖေ့အတွက် တာဝန်ကျေအောင် ယှဉ်ပြိုင်တိုက်ခိုက်ရင်း ငါ အသေခံသွားမယ်"

နှလုံးစွာ မြည့်မြည့်ခံနေရသည့် ဝေဒနာကို မေ့လျော့သွားသလိုရှိပြီး နယ်စား ကျောက်ပိရန်ကို ရင်ဆိုင် တိုက်ခိုက်ရန်အတွက် ဆုံးဖြတ်ချက်ချလိုက်ပါသည်။

သောကထဲတွင် အသက်ရှင်နေထိုင်ခွင့် တစ်လသာ ကျန်တော့သည့် သူ့အဖို့ မှော်ဓားတစ်လက်နှင့် အသက်မတေး ခံရုံကလွဲ၍ တခြားမရှိနိုင်။

စီလင်ရှုတစ်ယောက် သူ့အား လိုက်လံ ရှာဖွေသော သတင်းကို ကြားရသောလည်း သူ ရှောင်တိမ်းနေခဲ့သည်။

သူရှိသောနေရာကို စီလင်ရှု သိခဲ့လျှင် အရောက်လာမည်မှာ သေချာလှ၏။

သူမ ခေါင်းထဲသို့ သူနှင့်ပတ်သက်သမျှ ဖျတ်ခနဲ အသိ ဝင်ရောက်လာသည့်အခါ ယခုထိ ရင်ခုန် တိမ်းမူးနေတတ်ကြောင်းကို သတိထားမိလိုက်၏။

အဆိပ်ဖြေဆေး

မိုးကြိုးတောင်မှာရှိသော အဆိပ်ဖြေဆေးကို စီလင်ရှု ရှာတွေ့ခဲ့ပြီလား။

ထိုအဆိပ်ဖြေဆေးကို အသုံးပြုခဲ့ပါလျှင် လောကကြီး၌ သူမ အသက်ရှင် နေထိုင်ခွင့်ကို တကယ်ပဲ ရရှိနိုင်ပါမည်လား။

သူမ ဘာမှ မစဉ်းစားချင်တော့။

အသက်ရှင် နေထိုင်ခွင့်ရစဉ် ဖခင်အတွက် တာဝန်ကျေ ချင်လှ၏။

ကောင်းကင်ပြင်ကြီး တစ်ခုလုံး မှိုင်းညို့ပြီး မိုးရွာချ တော့မည့် အနေအထားသို့ ရောက်ရှိနေပြီ။

တောင်ခြေမှ မြင်းတစ်စီးနှင့် ထွက်ခွာလာသည့် ဝတ်ရုံ ရှင်က ချူယိကိုပင် ဖြစ်၏။

သူကိုယ်တိုင် အမွှတ်အသားတစ်ခု ပြုလုပ်ပြီးဝှက်ထား သော ဓားကို ပြန်လည်ရယူရန် တောအုပ်တွင်းသို့ ဝင် ရောက်လာခဲ့ခြင်း ဖြစ်၏။

တောအုပ်အတွင်းသို့ ရောက်လာသည့်အခါ အဟောင်း များ အသစ်ဖြစ်လာခဲ့ရသလို သူ့အား တောခွေးများလို ဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြသည့် ကျောက်ပိရန်၏ လက်ပါးစေ များကို မျက်စိထဲမြင်ယောင်မိတိုင်း ရင်ထဲမှ နာကြည်းချက် များက တဖွားဖွား ပေါ်ပေါက်စ ပြုလာခဲ့၏။

အထူးသဖြင့် သူ မမေ့နိုင်ဆုံးက ခန္ဓာကိုယ်ပေါ်၌ အေရာပါ ဒဏ်ရာတစ်ခု ကျန်ရစ်အောင် တိုက်ခိုက်ခဲ့သည့် မိုးကြိုးလက် ဝူစိပင် ဖြစ်၏။

မိုးကြိုးလက်ဝူစိကြောင့် သူ့ဝေဒနာကို ခံစားနေရသူ တစ်ယောက် ဖြစ်ခဲ့ရသည့်အပြင် အရာရာကို လက်လွှတ် ဆုံး ရှုံးခဲ့ရခြင်းအတွက် ရင်နာလို့ မဆုံးနိုင်ခဲ့။



သူ ထွက်ပြေးလာသည့် တောလမ်းကလေးက မှတ်မှတ်ရရ သာ မရှိလျှင် မျက်စိလည် လမ်းမှားသွားရလောက်အောင် ချုံနွယ်သစ်ပင်များနှင့် ရှုပ်ထွေးလျက်ရှိသည်။

## ( ၅၂ )

သို့ပေမယ့် အသက်လု ပြေးလွှားခဲ့ရသည့် နေရာလေး၏ သူ့အတွက် မေ့ပစ်နိုင်စရာ အကြောင်းမရှိ။

သူ့မှတ်ဉာဏ်ထဲတွင် စွဲနေတုန်းပင် ဖြစ်သည်။

'အင်း....ဟိုရှေ့က အမှတ်အသားပြုထားတဲ့ သစ်ပင်ပဲ'

မြင်းကို သစ်ပင်တစ်ပင်၌ ကြိုးဖြင့် ချည်နှောင်လျက် အမှတ်အသားပြုထားရာ သစ်ပင်ဆီသို့ ဦးတည်လျှောက်လာခဲ့၏။

'ခွပ်....ခွပ်....ခွပ်....ခွပ်'

ကောလမ်းကလေးသို့ ဖြတ်သန်းလာသည့် မြင်းခွာသံများကို ကြားရ၍ တုန်လှုပ်သွားမိ၏။

'ဒုက္ခပဲ၊ ငါ့နောက်ကိုများ နောက်ယောင်ခံ လိုက်လာကြပြန်ပြီလား'

သူ့စိတ်ထဲ မလုံခြုံသလို ဖြစ်လာခဲ့မိ၏။

ထို့ကြောင့် သစ်ပင်ကြီး တစ်ပင်နောက် ပုန်းကွယ်၍ အခြေအနေကို စောင့်ကြည့်နေလိုက်မိသည်။

မြင်းနှစ်စီးက သူ့မြင်ကွင်းထဲသို့ ရောက်ရှိလာခဲ့လေပြီ။

မိုးကြိုးလက် ဝူစိနှင့် သံတင်းပုတ် ချစ်ရှန်တို့ ဖြစ်ကြသည်။

သူတို့နှစ်ဦးစလုံးက သူမအတွက် ရန်ငြိုးမပြေနိုင်သည့် မဟာရန်သူတော်ကြီးများပင် ဖြစ်သောကြောင့် ဒေါသစိတ် ဖြန်းခနဲ ထလာခဲ့မိသည်။

သို့ပေမယ့် သူတို့နှစ်ယောက်အား တုံ့ပြန်နိုင်စွမ်း သူ့မှာ မရှိသေး။

မတော်တဆ သူ့အား တွေ့သွားခဲ့လျှင် သူမ ထွက်လာရသော အကြံအစည် တစ်ခုလုံး ပျက်ဆီးပစ်လိုက်ဖို့သာရှိတော့သည်။

သူမထံသို့ လှမ်းအကြည့် စူးရှသော မျက်လုံးချင်း မဆိုင်မိလောက်အောင် ချာခနဲလှည့်၍ သစ်ပင်ကို ကွယ်လိုက်ထားမိ၏။

သူမ အသားတွေ တဆတ်ဆတ် တုန်နေသည်။



သူတို့သာ တိုက်ခိုက်ဖို့ ဝန်းရံလာလျှင် မည်သို့ တုံ့ပြန်ရမည်ကို တစ်ခါတည်း ခေါင်းထဲ ထည့်စဉ်းစားလိုက်မိ၏။

သူတို့မြင်းများက သစ်တောအုပ်ကလေး အတွင်းသို့ ဖြတ်ကျော်သွားကြ၏။

ထိုအခါမှ ချူယီကို သက်ပြင်းချမိတော့သည်။

ပတ်ဝန်းကျင်တစ်ခု၌ သူ့အတွက် အန္တရာယ်ရှိမရှိ သေချာအောင် ကြည့်ရှုရင်း သစ်ပင်များကို ပုန်းကွယ်၍ မှော်ဓားမ ဝှက်ထားသည့် နေရာသို့ တရွေ့ရွေ့ ချဉ်းကပ်လာခဲ့၏။

သစ်ပင်အောက် တည့်တည့်သို့ ဓားမြှောင်တစ်ချောင်းနှင့် စိတ်ရှည်လက်ရှည် တူးဆွလိုက်၏။

အတန်ကြာအောင် တူးဆွမိသောအခါ မှော်ဓားမထွက်လာခဲ့၏။

လပေါင်း ဆယ်ကျော်ကျော် သူ့ကိုယ်နှင့် ဝေးကွာခဲ့ရသည့် မှော်ဓားမကို တမြတ်တနိုး ကြည့်ရှုနေမိသည်။

မှော်ဓား၌ ဘယ်အရာမှ မပြောင်းလဲသေး။

ဖခင်ဖြစ်သူ ဇီကျင်ဟိုး ပြုလုပ်ဖန်တီးခဲ့သည့် လက်ရာအတိုင်း မြေစိုင်ခဲများ ကပ်ငြိနေသည်ကလွဲ၍ လက်ရာမြောက်လှ တောက်ပနေဆဲ။

သူ့အနေနှင့် မှော်ဓားမကို နောက်ဆုံးအနေနှင့်ကိုင်တွယ်ကြည့်ရှုလိုက်ရခြင်း ဖြစ်သည်ဟု စိတ်ထဲ အောက်မေ့လိုက်မိသဖြင့် အားငယ်သလိုလို ခံစားလိုက်ရ၏။

သူမသည် ဓားကို ပိုင်နိုင်စွာ ဆုပ်ကိုင်မိလိုက်သည့်အတွက် ဖခင်ဖြစ်သူ၏ ဝိညာဉ်က သူမထံ ပူးကပ်၍ ဝင်လာခဲ့သလို တစ်ကိုယ်လုံး သွေးများ ဆူပွက်လာမိသည်။

ဖခင်ဖြစ်သူအတွက် လက်စားချေရန် ကတိသစ္စာပြုခဲ့ဖူးသည်ကို သူမပြေး သတိရမိလိုက်၏။

ထို့နောက် ဆက်လက်တွေးတောနေဖို့ အချိန်မပေးနိုင်သဖြင့် ဓားကိုယူဆောင်၍ မြင်းရှိရာသို့ ထွက်လာခဲ့သည်။

'ဂျိန်း....ဂျိန်း'

ရာသီဥတုအနေအထားက ချက်ချင်း ပြောင်းလဲသွားရန် တပ်လှန့်သံများ ပေးလိုက်လေပြီ။

ဝန်းကျင်တစ်ခုလုံး အမှောင်ထု လွှမ်းမိုးစပြုလာသည်။

မိုးရွာတော့မည်လေ။

တောင်းကင်သို့ မြင်းပေါ်မှ မော့ကြည့်လိုက်မိ၏။

မိုးဖွဲကလေးများ ရွာသွန်းစ ပြုလာခဲ့လေပြီ။

သူမ မိုးလွတ်ရာသို့ မြင်းကို ဒုန်းစိုင်း၍ ခရီးနှင်လာခဲ့ရသည်။

မိုးက ပိုမိုသည်းလာသည်။

သည်မိုးနှင့် ရှေ့ဆက်ရမည့်ခရီးအတွက် အနှောင့်အယှက်တစ်ခုလို ဖြစ်လာခဲ့မှန်း သူမ ကောင်းစွာ သိရှိလိုက်၏။

မိုးတိတ်ချိန်အထိ စောင့်ဆိုင်း ခိုလှုံရန် နေရာကို ရှာဖွေလိုက်မိ၏။



မမျှော်လင့်ဘဲ သစ်ပင်များဖုံးလွှမ်းနေသော တောအုပ်တစ်ခု၏အလယ်မှ ကျောက်လိုဏ်ဂူကြီးတစ်ခုကို တွေ့လိုက်ရသဖြင့် အရမ်းကို အံ့သြသွားသည်။

သည်လိုဂူမျိုး တောအုပ်တစ်ခုထဲ တွေ့ရလိမ့်မည်ဟု ဘယ်တော့မှ မမျှော်လင့်ခဲ့။

ကျောက်လိုဏ်ဂူကြီးများ တည်ရှိနေပုံက ဆန်းကြယ်လွန်းလှ၏။

အဝေးကကြည့်လျှင် သစ်ပင်များ ဖုံးလွှမ်းထားသည်ကိုသာ မြင်နိုင်သည့် နေရာအနိမ့်ပိုင်းတွင် တည်ရှိသည့်အတွက် မည်သည့်အရပ်ရှစ်မျက်နှာကကြည့်ကြည့် မြင်နိုင်ဖို့ မလွယ်လှပေ။

သူမတစ်ယောက်သာ ကံအားလျော်စွာ မိုးခိုရန်နေရာရှာရင်း မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းသာ ဖြစ်၏။

ကျောက်လိုဏ်ဂူအနီးသို့ သတိထား၍ တိုးကပ်လာခဲ့၏။

ပြိုင်စံရှားမဒးကိုးချက်

ကျောက်ဂူ၏အနေအထားမှာ နှစ်ပေါင်းများစွာအတည်းကာ တည်ရှိခဲ့ဟန် တူသည်။

ဂူဝသို့မဝင်မီ အထဲမှ ဝေါခနဲ ထွက်လာသည့် အသံကို ကြားရသဖြင့် ကြက်သီးများ ဖြန်းခနဲထသွားမိသည်။

သတ္တဝါကြီးတစ်ကောင်က တရှဲရှဲ အော်မြည်နေသည်နှင့် အလားသဏ္ဌာန်တူလှန်းလှသည်။

သို့သော် အထဲသို့ တိုးဝင်လိုက်မိသည့်အခါ ဗလုံးဗထွေး ဖြစ်ပေါ်နေသံမှာ ရေစီးသံတစ်ခုဖြစ်ကြောင်း သတိပြုမိလိုက်သည်။

ထိုနေရာမျိုး၌ သားရဲတိရစ္ဆာန်ဆိုးတို့ ခိုအောင်းနေထတ် ထဖြင့် ခဲတစ်လုံးနှင့် အတွင်းပိုင်းသို့ ပစ်ခတ်ခြောက်လှန့်ကြည့် လိုက်မိ၏။

မည်သို့မျှ ထူးခြားချက်ကို မတွေ့ရမှ စိတ်ကိုတည်ငြိမ် အောင် ထိန်းချုပ်ရင်း အတွင်းပိုင်းအထိ ရဲရဲဝင်လာခဲ့သည်။

ဂူအတွင်း၌ သူမအား မည်သို့မျှ အန္တရာယ်ပြုနိုင်သည့် အကြောင်းတစ်စုံတစ်ရာကို မတွေ့မိခဲ့။

သူမရောက်ရှိနေသော လိုဏ်ဂူက တခြားဂူများလို မှောင် ပိန်းမနေဘဲ အလင်းရောင် အနည်းငယ်မျှ ကျရောက်နေ တတ်ကြောင်းကို ထူးခြားစွာ တွေ့ရှိခဲ့ရလေသည်။

ဂူအလယ်မရောက်မီ စမ်းရေများ ဒလဟော စီးကျရာ ရေကန်ငယ် တစ်ခုကို တွေ့ရသည်။

ရေကန်အတွင်းသို့ ကျောက်စက်ရေများ တစ်ပေါက် ချင်း ပြိုင်တူ ကျဆင်းလျက်ရှိ၏။

ကျောက်စက်ပန်းဆွဲများပေါ်မှ ယိုစီးကျလာသည့် ရေ စက်များက အဆက်ပြတ် ရပ်တန့်သွားခြင်း မရှိသလို ရေ ကန်ကြီးတစ်ခုလုံး ပြည့်သွားသည်ဟူ၍ မရှိ။

မြေထဲသို့ ပြန်လည်စိမ့်ဝင်သွားဟန်ကြောင်းကို တွေ့ သည်။

ကျောက်စက်ရေကန်မှ ရေကိုမော့၍ သူမ သောက်သုံး လိုက်မိ၏။

တစ်ကိုယ်လုံးနှံ့းချည့်နေသမျှ ပြေပျောက်၍ တဒင်္ဂလန်း ဆန်းသွားသလို ဖြစ်ပေါ်လာမိသည်။



သဘာဝက ပေးအပ်သော ခွန်အားတစ်ခုက မည်မျှ တန်ဖိုးရှိကြောင်းကို ကောင်းကောင်း သိနားလည်ခဲ့ရလေပြီ။

အေးမြသောရေနှင့် ကိုယ်လက်ဖျန်းပက် သန့်စင်ပစ်လိုက် မိသည်။

ကျောက်ဂူအတွင်း အမိုက်သရိုက် ရှင်းလင်းနေပြီး အနံ့ အသက်က အထဲ၌ ကြာရှည်စွာ နေထိုင်ပေမယ့် အသက်ရှူ ကျပ်မသွားနိုင်အောင် လေဝင်လေထွက် ကောင်းမွန်ကြောင်း ကို တွေ့ရှိရလေသည်။

ယခင်က သည်ဂူထဲတွင် လူတစ်ဦး နေထိုင်ခဲ့ကြောင်းကို ခြေရာများနှင့် အသုံးပြုခဲ့ဖူးသည့် မီးတိုင်မီးစွယ်များကို မြင်မိ ရုံနှင့် သတိထား ပြောဆိုနိုင်သည်။

ဂူအလယ်၌ တစ်ဖက်သို့ တိုးလျှိုပေါက် ဝင်ရောက်နိုင် သည့် နေရာဟူ၍ မရှိ။

ကျောက်သားနံရံကြီးတစ်ခုကအလယ်ကောင်မှ ကန့်လန့် ပိတ်ဆို့နေပြန်သည်။

လမ်းဆုံးသွားပြီလားဟု သူမ တွေးလိုက်မိ၏။

မဖြစ်နိုင်။

ကျောက်သားနံရံကြီး ပိတ်ဆို့ထားသည့် အနေအထား မှာ တံခါးတစ်ချပ်သဖွယ် ဖြစ်နေသည်။

'ဒုတ်....ဒုတ်'

'ဒုတ်....ဒုတ်....ဒုတ်'

ကျောက်သားနံရံနားသို့ ကပ်၍ နားထောင်ကြည့်ရင်း ခေါက်ကြည့်လိုက်၏။

တစ်ဖက်မှာ ကလိုင်ဘစ်ခုရှိကြောင်း တုံ့ပြန်မှုပေးနေသဲကို ကြားလိုက်ရလေပြီ။

သေချာပြီ။

တစ်ဖက်၌ ဂူအတွင်းပိုင်း ဥမင်တစ်ခုတော့ ရှိရပေမတော့မည်။

သူမ၏ စိတ်ထဲ၌ ထူးဆန်းသော ကျောက်ဂူကြီးနှင့် ပတ်သက်၍ စူးစမ်းလေ့လာချင်သော စိတ်များ တဖွားဖွား ပေါ်ပေါက်လာအောင် နိုးဆွပေးသလို ဖြစ်နေမိသည်။

ထို့ကြောင့် တစ်ဖက်သို့ ဝင်ရောက်နိုင်သည့် ဝင်ပေါက်တစ်ခုကို ရှာဖွေကြည့်လိုက်သည်။

ကျောက်သားနံရံကြီး ဖြစ်နေသဖြင့် စဉ်းစားရ ခက်လှသည်။

သို့သော် သူမ၏ အမြင်၌ ထူးခြားနေသည့် အရာတစ်ခုမှာ ကျောက်သားပို အချွန်နှစ်ခုပင် ဖြစ်၏။

ထိုအရာနှစ်ခုက သာမန်အမြင်အားဖြင့် ကြည့်ရှုလိုက်ရုံနှင့် တစ်ခုနှင့်တစ်ခု အရွယ်အစား ပမာဏခြင်း တူညီနေပြီး ကျောက်သားနံရံနှင့် အရောင်ခြင်း ကွာခပ်မှုအနည်းငယ်ရှိနေကြောင်းကို ချက်ချင်းပင် သုံးသပ်နိုင်လိုက်လေပြီ။

သေချာပြီ။

ထိုကျောက်သားပို အချွန်နှစ်ခုက တစ်ဖက်လိုဏ်ဂူထဲဝင်ဖို့ လျှို့ဝှက်ခလုတ်များသာ ဖြစ်ရမည်ဟု ဒက်ခနဲ သိလိုက်၏။

ပထမခလုတ်ကို အားစိုက်၍ ဆွဲလိုက်သည်။



ကျောက်သားနံရံကြီးမှာ အနည်းငယ် လှုပ်သွားရုံအလွဲ၍ ထူးခြားမှု လုံးဝမတွေ့ရ။

သူမ အနည်းငယ် တွေဝေသွားမိသည်။

လျှို့ဝှက်ခလုတ်တစ်ခု ပျက်ယွင်းနေပြီဟု နားလည်လိုက်၏။

ဒုတိယခလုတ်ကို အားစိုက်၍ ဆွဲလိုက်၏။

ခလုတ်က ညွတ်ကျေးလာခဲ့လေပြီ။

ကျွီ... ကျွီ... ဝေါ

ကျောက်သားနံရံကြီး တဖြည်းဖြည်း ပြုတ်ရွေ့လျက် မြည်ဟည်းသံကြီးတစ်ခု ပေါ်ထွက်လာပြီး တစ်ဖက်မှအလိုလို ကွာလာခဲ့လေပြီ။

လျှို့ဝှက်အတတ်ပညာနှင့် စီရင်ထားသော ကျောက်သားနံရံတံခါးကြီးလည်း ပွင့်သွားခဲ့ရှာလေပြီ။

သူမ ရင်ထဲ၌ အဖြေရှာတွေ့ခဲ့ရသဖြင့် ကျေနပ်ခြင်း၊ အံ့ဩခြင်း၊ ဝမ်းသာခြင်းတို့ ရောယှက်ခံစားလိုက်မိသည်။

ဂူအတွင်း၌ ရှေးဟောင်းအမျိုးအနွယ်တစ်စုမှ ရေးသားထားသည့် စာတန်းတစ်ခုကို နံရံ၌ ထိုးထွင်း ထုမှုတင်ခဲ့၏။

'ဘုန်းပော်ကြီး ဟတ်ကိုယ်တိုင် ပြုငြိစံရှားသည့် ခေါးချက်ကို ခက်ခဲနက်နဲသော အတတ်ပညာဖြင့် ထိုးထွင်းဖော်ပြခဲ့လေသတည်း။'

ကံအကြောင်းတရားကြောင့် ဤနေရာသို့ ရောက်ရှိလာသူသည် နံရံပေါ်ရှိ သိုင်းကျမ်းဆောင်၌ ကျွန်ုပ်၏ ခက်ခဲ

နက်နဲသော အတတ်ပညာတို့ကို လေ့ကျင့်လျက် လူသားများ အကျိုး မျှော်ကိုး၍ အနာဂတ်သို့ ဆင့်ကဲ ဖြန့်ဝေပါကုန်၊

ပြိုင်စံရှား မားကိုးချက် ကျောက်နန်းတော်ဆောင် အလယ်၌ ချူယိ ကိုတစ်ယောက် ရင်ထဲလှိုက်ဆက်လာသည် အထိ ဝမ်းသာမဆုံး ငေးမော ကြည့်နေမိသည်။

သူ အလွန် လေ့လာဆည်းပူးချင်သည့် မားသိုင်းပညာကို ယခု ကျောက်နံရံပေါ်တွင် ထိုးထွင်းထားသည့် လျှို့ဝှက် သိုင်းကျမ်း၌ တွေ့မြင်နေရပြီ ဖြစ်သည်။

ဘုန်းတော်ကြီး ဟတ်ကို ရင်ထဲမှ ရှိသေစွာ ဆရာတစ်ဆူ အနေဖြင့် ဦးညွှတ်ဂါရဝ ပြုလိုက်မိသည်။

သူမနှင့်ထိုက်တန်သော အမွေကို မတောင့်တပဲ ရခဲ့သည် အတွက် ရင်ထဲ၌ ကြည်နူးမှုတွေ ပြည့်နေသည်။

မကြာခင် သေဆုံးတော့မည့် သူမ။

ပြိုင်စံရှား မားကိုးချက် သိုင်းကျမ်းကို ထိုးထွင်းခဲ့သည် ကျောက်ဂူနံရံ။

ပြီးတော့ လက်ထဲ၌ ဖခင်၏အမွေအဖြစ် ပေးအပ်ခဲ့သော မှော်စားမတစ်လက်။

ရှေ့ဆက်ရဦးမည့် အနာဂတ်ခရီး၌ တွေ့ကြုံတော့မှာ ဖြစ်သော နန်စင်းနယ်မှ နယ်စားကျောက်ပိရန်၏ စိန်ခေါ် ပွဲကြီး။

အားလုံးက သူမအတွက် အစီအစဉ်တကျ ဖန်ဆင်း ခဲ့သည့် ကံကြမ္မာ၏ အလှည့်အပြောင်း ဆန်းကြယ်ပုံ ဇာတ်လမ်းဇာတ်ကွက်တစ်ခုပမာ ဖြစ်လာခဲ့ရရှာလေပြီ။



ဤဇာတ်လမ်းတွင် အဓိကအကျဆုံး ပါဝင်ရမည့်သူက ချူယိ ကိုသာ ဖြစ်ပေတော့သည်။

ပညာရပ် တစ်ခု၏ ခက်ခဲနက်နဲပုံက ဇွဲနှင့်ပဲနှင့် ဆည်းပူးမှသာ ရရှိနိုင်ကြောင်းကို တုန်လှုပ်ချောက်ချားဖွယ် တွေ့ရှိရလေသည်။

( ၃၄ )

အဆင့်မြင့်ဆုံး ပြိုင်စံရှား ဓားကိုးချက်ကို လေ့ကျင့်ရန် မပြင်ဆင်ရသေးခင် ဘုန်းတော်ကြီးဟာ လမ်းညွှန်ထားသည့် အခြေခံကျသော ဘိုင်းကွက်များကို နည်းစနစ်ကျနစွာ ပြန်လည် လေ့ကျင့်ရသည့်ကိစ္စကလည်း မလွယ်ကူလှပေ။

သူမတစ်ကိုယ်လုံး ချွေးဒီးဒီးကျအောင် အပင်ပန်းခံနေရသည်။

မာကျောသော စိတ်ဆန္ဒတစ်ခုက ပြင်းထန်စွာ လှုပ်ရှားနေသမျှ ခံစားရသည့် ဝေဒနာအားလုံး တဒင်္ဂ မေ့ပျောက်သွားသလို ဖြစ်သည်။

စိတ်တစ်ခုက ဦးဆောင်လှုပ်ရှား လေ့ကျင့်နေသည်၊ တစ်ကိုယ်လုံး ပေါ့ပါး ဖျတ်လတ်နေသည်။

သူမ အနီးအနားရှိ တောအုပ်ထဲမှ အာဟာရ ပြည့်ဝနိုင်သော သစ်ဥသစ်ဖုများကို ဂူအတွင်းသို့ ရှာဖွေခဲ့ပြီး သိုလှောင်သော ကျောက်ဂူကြီးအတွင်း၌ရက်ပိုင်းအတွင်း သိုင်းကျမ်းကို တတ်နိုင်အောင် ပြင်းထန်စွာ လေ့ကျင့်ခန့်ခြင်းသာ ဖြစ်၏။

အတွင်းအား ကောင်းမွန်စေရန် ရက်ထိုးထိုးနှင့် ခန္ဓာဝန်အား မညှာတာဘဲ ပြင်းထန်စွာ လေ့ကျင့်ရသည့်အတွက် တစ်ကိုယ်လုံး ပိန်ချုံးလာပြီး လှပပြည့်ဖြိုးမှုများပင် တစ်ခဏ ပျောက်ကွယ်၍ ပြုလာခဲ့လေပြီ။

စဝဒန်ခံစားမှုကာအရှင်လိုတစ်ချက်တစ်ချက် အပ်များနှင့် ထိုးဆွနေသလို စူးရှနာကျင်မှုများ ပေါ်ပေါက်လာသကဲ့သို့ သွေးများပင် တစ်ချက်တစ်ချက် ပျို့အန်တတ်သည်။

သို့ပေမယ့် သူမအတွက် အသက်မသေပဲ မှော်ဓား အတွက် တာဝန်ကျေစွာ လုပ်ဆောင်နိုင်မည့် ရက်စက ပေါ်နေပြီမို့ ယုတ်ယုတ်လာသည့် ကျွန်းမာရေးကို သတိမထားနိုင်ခဲ့။

သူ သတိထားနေရသည်က နန်ကောင်းနယ်၌ နယ်စား ကျောက်ပိဒန်ကို ယှဉ်ပြိုင် တိုက်ခိုက်နိုင်ရေး အတွက်သာ ဖြစ်သည်။

သိုင်းကျမ်းမှ လျှို့ဝှက် အနက်နဲဆုံး ဓားကွက်များ၊ ကျောက်ပိဒန် မြင်ဖူးခဲ့မည် မဟုတ်။



မှော်ဓားဖိုတစ်ချောင်းကိုသာ အားကိုး၍ သူတိုက်ခိုက်မည် ဖြစ်ကြောင်းကို ချူယိကို ကောင်းစွာ နားလည်ထားပြီး ဖြစ်သည်။

ချူယိ အနေနှင့် ဓားတစ်ချောင်းနှင့် အတတ်ပညာကိုသာ တွဲဖက်၍ ယှဉ်ပြိုင်ခွင့်ရခဲ့ပါလျှင် နယ်စားကို အနိုင်ရရှိလိမ့်မည်ဟု စိတ်ချယုံကြည်ထား မိသည်။

မှော်ဓားမကို ကိုင်နေရပေမယ့် သူမ လိပ်ပြာသန့်ခဲ့၊ ဖခင်အတွက် ဝတ္တရား မကျေနိုင်သေးသည့် ကိစ္စကို စဉ်းစားမိတိုင်း ရင်ထဲဆို့နင့်စွာ ခံစားရသည်။

သိုင်းပညာ၏ လျှို့ဝှက်ချက်တစ်ခုကို ရတနာသိုက်ကို တူးဖော် တွေ့ရှိခဲ့ပါလျက်နှင့် သူမ မယူထိုက်လျှင် ဆုံးရှုံးမှုများစွာကို ခံစားရတော့မည် မဟုတ်ပါလား။

စိတ်ထဲမှ နာကြည်းခြင်း၊ ဒေါသဖြစ်ခြင်း၊ မုန်းတီးအမျက်ထားခြင်းတို့အား သိုင်းလေ့ကျင့်စဉ် ကာလအတွင်း၌ ခဏပယ်ရှားထားရတော့မည်။

ပြိုင်စံရှား ဓားကိုးချက် လေ့ကျင့်နိုင်ဖို့ နီးကပ်လာခဲ့လေပြီ။

သိုင်းကျမ်းကို စတင်လေ့ကျင့်ရသောအချိန်၌ သူမ၏ စိတ်များက တက်ကြွရှင်လန်းလျက်ရှိနေသည်။

မှော်ဓားမကို ကိုင်ဆောင် လေ့ကျင့်နေရခြင်းဖြစ်၍ ပို၍ ပြီး ပေါ့ပါးသွက်လက်နေသည်။

ကျောက်ဂူနံရံပေါ်ရှိ သိုင်းကွက်များကလည်း အာရုံတစ်ခုထဲ နစ်ဝင်နေလောက်အောင်ကို စိတ်ဝင်တစား ဆွဲဆောင်နိုင်

မှု ရှိလှသဖြင့် တစ်နေကုန် သိုင်းကွက်များကို စိုက်ကြည့်ရင်း လှုပ်ရှားနေရလျှင် အစားအသောက်ကိုပင် မေ့လျော့နေတတ် သည်။

သူမ သိုင်းကစားပြီးဆည့်အခါတိုင်း ခေါင်းထဲ မိုက်ခနဲ လဲကျသွားမတတ်ဖြစ်ပြီး စိတ်ကိုလျော့၍ နှစ်ခြိုက်စွာ အိပ် စက် အနားယူရသည်လည်းရှိ၏။

ဖောက်ပြန်နေတတ်သော ကျန်းမာရေးက သတိပေးနေ သော်လည်း ကျောက်ဂူထဲသို့ ရောက်နေခဲ့သည်မှာ ရက်ပေါင်း မည်မျှ ကြာမြင့်ခဲ့မှန်း လုံးဝ သတိမပြုနိုင်ခဲ့။

သိုင်းကွက် ကိုးကွက် တတ်ပြီးမှ ကျောက်ဂူထဲက ပြန်ထွက် မည်ဟူသော တယူသန် ဆုံးဖြတ်ချက်တစ်ခုသာ သူမအား လွှမ်းမိုးထားခဲ့သေသည်။

ထိုနေရာ၌ သူမကို လမ်းညွှန်ပြသပေးမည့်သူလည်း မရှိ၊ ထိုအချိန်၌ သူမအား ဆုံးမ သတိပေးမည့်သူလည်း အနား မှာ မရှိ။

ဘုန်းတော်ကြီး ဟတ်၏ လမ်းညွှန်ချက်တစ်ခုကိုသာ သူမ စိတ်ဝင်စားသည်။

နားလည်သည်။

ဘုန်းတော်ကြီးဟတ် ကိုယ်တိုင်လည်း ယခင်က အောင် မြင်အကျော်ကြားဆုံး သိုင်းဆရာကြီး တစ်ဦးဖြစ်ပြီး ပြိုင်စံ ရှား ဓားကိုးကွက်ကို တီထွင်ခဲ့သူ ဖြစ်၏။

သူ၏ တီထွင်ထားသော သိုင်းကွက်များအပေါ် ယှဉ်ပြိုင် နိုင်မည့်လူ မရှိသဖြင့် နောက်ဆုံး တောထွက်၍ ကျောက်ဂူ



ထဲတွင် လာရောက်နေထိုင် လေ့ကျင့်ရသည်အထိ ဖြစ်ခဲ့ သည်။

မည်သို့ဆိုစေ ဘုန်းတော်ကြီး ဟတ်ကား သူ့ဘဝ တစ် လျှောက်လုံး လိုအင်ဆန္ဒတစ်ခုကို ဖြည့်ဆည်းပေးနိုင်လောက် သည့် ဆရာအဖြစ် ကြည်ညိုလေးစားလို့ မဆုံးနိုင်ခဲ့။

ချူယိကို၏ ပြင်းထန်လှသော အတ္တမာနကို စီလင်ရှု လည်း ကျော်လွှားလို့ မရနိုင်လောက်အောင် ဖြစ်ရပေ မည်။

ချူယိကိုက စီလင်ရှုအား ယုံကြည်စွာ အားကိုးနေ၍ မဖြစ်နိုင်တော့။

သူ့ဘဝ၏ နောက်ဆုံးအချိန်မတိုင်မီ ကိုယ်တိုင်တာဝန် ကျေပွန်စွာ ဆောင်ရွက်မှပင် ဖြစ်ပေတော့မည်။

ထို့ကြောင့် သိုင်းကျမ်းကို မနားတမ်းဆက်၍လေ့ကျင့် နေမိပြန်သည်။

# ( ၅၅ )

'ဝှစ်....ဝှစ်....ဝှစ်'

ဓားချက်အတိုင်း အံတွင်းအား အပြည့်ပါနေသဖြင့် လေကို တိုး၍ခုတ်မိသံ အတိုင်းသား ပြန်ကြားနေရသည်။

သည်နေ့ ပြိုင်စံရှား ဓားကိုးချက်ကို ကျွမ်းကျင်ပိုင်နိုင် တတ်မြောက်ခဲ့ရသည်မို့ ပြန်လည် လေ့ကျင့်ပြီး သူမ ကျောက်ဂူထဲမှ ထွက်ရမည့် နောက်ဆုံး နေ့ရက်သာ ဖြစ်သည်။

'ဝှစ်....ဝှစ်....ဝှစ်'

'ရှုပ်.... ရှုပ်'

သိုင်းကွက်ကို တစ်ချက် ပျက်မသွားစေဘဲ ခင်းလျက် ခါးချက် တိုင်းကို အသက်ဝင် လှုပ်ရှားမှု ရှိစေအောင် ဖော်ကျူးနေသည့် ကကြိုးရုပ်လေးလို စနစ်ကျန လွန်းလှသည်။

အားမာန်အပြည့်နှင့် လေ့ကျင့်နေရ၍ အလွန်ပင်ပန်း၊ နွမ်းနယ်စ ပြုနေသည်။

ခါးချက်ကိုးချက် သိုင်းကိုးကွက် ပြည့်စုံခဲ့ပြီမို့ လေ့ကျင့်မှုကို ရပ်လိုက်ရင်း မျှော်ဓားမကို ရင်မှာယှက်၍ ဆရာဖြစ်သူ ဘုန်းတော်ကြီး ဟတ်အား ဂါရဝပြုလိုက်၏။

'ကျွန်မ၏ အသက်ခန္ဓာ တည်သရွေ့ ပြိုင်စံရှားခါးကိုးချက် အတွက် လောကကြီးအား သစ္စာတရား ပြည့်ဝစေသော အမျိုးအကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်သည့် သိုင်းသမားသာ ဖြစ်ရပါလို၏'

သူမ ကျောက်နံရံတံခါးကို ပိတ်၍ အပြင်သို့ ထွက်လာခဲ့သည်။

အိပ်မက် ဆန်လွန်းလှသည့် ကျောက်ဂူကြီးအား နှုတ်ဆက်ခဲ့ခွာသော အကြည့်ဖြင့် ငေးမောရင်း မြင်းပေါ်သို့တက်လိုက်၏။

မြင်းကို ဒုန်းစိုင်း၍ နန်းကမ်းနယ်၌ ကျင်းပမည့် ပြိုင်ပွဲအမီ ထွက်လာခဲ့လေပြီ။



လမ်းခရီးမှာ ကြမ်းတမ်းလွန်းလှသော်လည်း သူမ ဘယ်လိုမှ မတုန်လှုပ်နိုင်ခဲ့။

ပြိုင်ပွဲအမီ ရောက်ရှိနိုင်ဖို့သာ အရေးအကြီးဆုံးပင် မဟုတ်လား။

ငွေကြိုးကြာနှင့် ဆုံစည်းခြင်း

နန်းတင်းနယ်သို့ မရောက်နိုင်သေး၊ ခရီးပန်းလွန်းသဖြင့် ချူယံကို၏ ခန္ဓာကိုယ်တစ်ခုလုံး နုံးချည့် သွားလောက်အောင် ပြင်းထန်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရ၏။

မောတိုက်ပင်ပန်းမှုကြောင့် တွေဝေစွာ စဉ်းစားနေရင်း အရိပ်အာဝါသကောင်းသည့် နေရာ၌ နားခိုလိုက်၏၊

မျက်လုံးများ ရီဝေလာပြန်သည်။

အပြင်းအထန် လေ့ကျင့်လာခဲ့သော ဒဏ်ရာဒဏ်ချက်များက သူမအား ဖိစီးစပြုလာလေပြီ၊

စိတ်ကိုတင်းထားသည့်ကြားက အင်အားယုတ်လျော့နေသကဲ့ ဖြစ်မိသည်။

'အို....ငါ ဘယ်လိုဖြစ်နေပါလိမ့်၊ ငါ့ခန္ဓာကိုယ် တစ်ခုလုံးမှာ အဆိပ်တွေ....အဆိပ်တွေ ပျံ့နှံ့နေရှာပြီလား၊ ငါ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်လို့ ရနိုင်ပါ့မလား'

သူ့ကိုယ်သူ စိုးရိမ်ကြောင့်ကြတတ်သည့် စိတ်အာရုံက လွှမ်းမိုးလာခဲ့၏။

သို့ပေမယ့် သူ အောင်မြင်ကာနီးမှ ဇွဲကို မလျှော့လိုက်ချင်။

ထို့ကြောင့် မြင်းကို ဒုန်းစိုင်းလျက် ခရီးနှင်လာခဲ့သည်။

သူ၏ သွေးသားတွေထဲ တစ်ဆစ်ဆစ်နှင့် နာကျင်ကိုက်ခဲလာသည်။

ရင်တွေ ပူလောင်လာသည်။

နှုတ်ခမ်းတွေ တုန်ယင်စ ပြုလာသည်။

မြင်း၏ ဇက်ကြိုးကို တင်းကျပ်စွာ ကိုင်တွယ်ထားသည့်ကြားမှ ဟန်ချက်မငြိမ်ဘဲ တစ်ဖက်သို့ယိမ်းယိုင်လျက်။

အိုးထိန်းစက်ပမာ ချာချာလည်သွားတော့သည်။

'ဘုန်း'

မြင်းပေါ်မှ ချုံတစ်ခုကြား ပြုတ်ကျသွားခဲ့လေပြီ။

ချုံယံကိုတစ်ယောက် သည်တစ်ကြိမ်တွင် အပြင်းထန်ဆုံး ခံစားလိုက်ရခြင်း ဖြစ်၏။

သူ ဘာကိုမှ သတိမရနိုင်ရှာတော့ပေ။



လေးလံသော မျက်လုံးတစ်စုံကို အားယူ ဖွင့်ကြည့်နိုင်ဖို့ အကြိမ်ကြိမ် ကြိုးစားသော်လည်း မရသေး။

ခေါင်းထဲ မူးဝေနေခြင်းမှအပ သူ လောကထဲတွင် အသက်ရှင်ခွင့် ရနိုင်သေးပါလားဟု ဆန်းစစ်မိလိုက်၏။

အပြင်မှ စကားပြောသံတချို့က နားထဲသို့ မသဲမကွဲ မပီမသ ရောက်ရှိလာသဖြင့် သူ့အနားတွင် ဂရုတစိုက် စောင့်ကြပ်နေမည့်သူ တစ်ယောက်နှစ်ယောက်တော့ ရှိလိမ့်မည်ဟု သိလိုက်သည်။

သူမ၏အသက်ကို ကယ်တင်ခဲ့သူမှာ မည်သူနည်း။

ရန်သူလော၊ မိတ်ဆွေလော၊ ဘယ်အတွက်ကြောင့် သူ့အား အခုလို ကယ်တင် စောင့်ရှောက်ရသနည်း၊ စိတ်ထဲ၌ သိချင်လာမိသည်။

ကယ်တင်ရှင်ရှိရာသို့ မျက်စိအမြင်အာရုံကို ဖြည်းဖြည်းချင်း ဖွင့်၍ အားယူ ကြည့်လိုက်မိသည်။

'ဝမ် လန်း စံ'

နှုတ်မှ နာမည်တစ်လုံးကို ပီသစွာ ဖြည်းဖြည်းချင်း ရေရွတ်ထွက်ဆိုလိုက်မိသည်။

ငွေကြိုးကြာဝမ်လန်းစံက သူမအား ကရုဏာသက်သော မျက်လုံးများနှင့် ငေးစိုက်ကြည့်နေသည်။

'ချုံယံ....သတိရလာပြီနော်'

'ဟုတ်....ဟုတ်ကဲ့၊ ဘယ်လိုလုပ်ပြီး ကျွန်မ ဒီကိုရောက်နေတာလဲဟင်'

လမ်းမှာ သတိမေ့ပြီး လဲကျနေတာ မှသေကောင်း
မပျောက်ကောင်း ချူယံရယ်'

ချူယံကို သူရောက်ရှိနေသည့် အခန်းကျဉ်းလေးအာ
အကဲခတ် ကြည့်ရှုလိုက်မိသည်။

ပစ္စည်းများက နေရာကျရှိသည့်အပြင် သန့်ရှင်းသပ်ရ
သော အခန်းလေးတစ်ခုတွင်းသို့ ရောက်ရှိနေကြောင်း သိ
လိုက်ရ၏။

'ချူယံကို ပစ္စည်းတွေရောဟင်'

'အားလုံး မပျောက်မပျက်အောင် သိမ်းဆည်းထားပေ
တယ်၊ စီလင်ရှုကိုလဲ အကြောင်းကြားပြီးပြီလေ၊ သူမကြ
ခင် ဒီကိုရောက်လာပါလိမ့်မယ်'

'စီလင်ရှု ဟုတ်လား....ဝမ်'

ရုတ်တရက် တုန်လှုပ်သွားမိသည်။

မမျှော်လင့်သောနေရာမှာ မမျှော်လင့်သောသူနှင့် ထပ်
တွေ့ဆုံရမည့်အရေးမို့ ရင်လေးနေမိ၏။

အဖြောင်းတွေကို အသစ်တစ်ဖန် မဖြစ်စေလိုတော့ပါ
ချူယံကိုအနေနှင့် စီလင်ရှုအပေါ် ရင်မဆိုင်ရဲလော
အောင် ဖြစ်နေမိသည် မဟုတ်ပါလား။

'သူ့ကို မတွေ့ပါရစေနဲ့ ဝမ်ရယ်၊ သူ့ကို ကျွန်မ ဘယ်
မှ ရင်မဆိုင်ရဲဘူး၊ ကြောက်တယ်'

'အို....မဟုတ်တာကွယ်၊ စီလင်ရှုဟာ မင်းအပေါ် နှ
အလည်နိုင်ဆုံး လူတစ်ယောက်ပဲ'



'မင်း အထင်အမြင်လွဲပြီး ထွက်သွားတာတည်းက သူ
အရှမ်းကိုခံစားနေရတာ၊ မိုးကြိုးအောင်အာငရဲမိုးကြိုးဝမ်ပင်း
ကို ရင်ဆိုင်ပြီး ယူလာခဲ့ရတဲ့ မိုးကြိုးပန်းတွေကို ကြည့်ပြီး
အရှမ်းကို ကြေကွဲနေတာကွယ့်'

ဝမ်လန်းစံတာ ပြေသိမ့် ပြောဆိုသည့် စကားကြောင့်
ယံကိုအပေါ် အထင်အမြင်လွဲမှားမှုကို အားတုံ့အားနာ
သွားခဲ့သည်။

## ( ၅၇ )

'တကယ်တော့ ဝမ်နဲ့စီလင်ရှုဟာ နှင်းတောင်ဘွားဘွား ဝ'ထံမှာ ပညာသင်ကြားလာကတည်းက မောင်နှမလိုနေခဲ့တာ ချူယာ'ကို'

'ကျွန်မ နားလည်ပါပြီဝမ်ရယ်၊ ကျွန်မကို ခွင့်လွှတ်ပါနော်'

'ခွင့်လွှတ်ပါတယ်ကွယ်'

ဝမ်နှင့်သူမ နားလည်မှု ရရှိသွားသဖြင့် အထူးပင် ကျေနပ်နေမိသည်။

စီလင်ရှုအား သူချင်ဆိုင် တွေ့ဆုံမည့်အတွက် စိတ်ကို ရဲဆေးတင်ထားလိုက်မိသည်။

ဝမ်လန်းစံ ပြောပုံဆိုပုံအရ မိုးကြိုးပန်းဝတ်ဆံနှင့် ဖော်စပ်ထားသည့် အဆိပ်ပြေဆေးကို ရရှိခဲ့ပြီ ဖြစ်သည်။

သူ မသေနိုင်တော့၊ သူအသက်ရှင်နေသည့် ကာလပတ်လုံး ဖြစ်ချင်သောဆန္ဒအားလုံးကို မည်သို့စွမ်းဆောင်သွားရမည်ကို ခေါင်းထဲ၌ အစီအစဉ်ချထားမိသည်။

ဝမ်၏ အပ်စိုက်ကုသမှုကြောင့် ဝေဒနာက အနည်းငယ် သက်သာသလို ရှိလာပြန်သည်။

စီလင်ရှုအားတွေ့လျှင် ကျေနပ်အောင် တောင်းပန်မည်။

ပြီးတော့ စီလင်ရှုအား ဘဝကြင်ဖော်အဖြစ် လက်တွဲ သွားနိုင်ဖို့ ရွေးချယ်မည်။

စီလင်ရှုနှင့်အတူ နန်ကင်းနယ်၌ ကျင်းပမည့် ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစား အားထုတ်ရမည်။

ချူယီကို အရမ်းကို စိတ်ကူးနှင့် ပျော်နေမိသည်။

ချူယီကိုက စီလင်ရှုအား ပွင့်လင်းစွာ ပြောပြလိုက်၏။

'အဲဒါပါပဲအစ်ကို၊ ဖေဖေ့ရဲ့အမွေအနှစ် မှော်ဓားမ တစ်ချောင်းကို ကာကွယ်ရင်း ကျွန်မ အသက် ဆေးသွား ပါစေ၊ မထားမှုကို ဖြေရှင်းဖို့ အသင့်ပါပဲ'

စီလင်ရှုအကြောင်းစုံကို သိရသဖြင့် စိတ်မကောင်းဖြစ်ရသည်။ ဇီဂျင်ဟိုး၏အကြောင်းကို သမီးဖြစ်သူက အမှန်အတိုင်း ပွင့်လင်းစွာ ပြောပြနေသောကြောင့် သူ့ကိုယ်သူ မလိုမလဲ ဖြစ်နေမိသည်။



ဆရာဖြစ်သူ မိုးမခဓား ဟန်ဖေးကို သူပေးလာခဲ့သော ဓာတီ၊ နှင်းတောင်ဘွားဘွား ဝ ကို သူပေးလာခဲ့သောဓာတီ။

ထိုသစ္စာစကားတို့က အမှန်အတိုင်း သိရှိခဲ့ရသဖြင့် သူ့အား အဖြူရောင် သိုင်းသမားတစ်ယောက်ဖြစ်ရန် ပြုပြင် ပြောင်းလဲပေးလိုက်ပြီ မဟုတ်ပါလား။

သူစိုးရိမ်မိသည်က တစ်ချိန်က ဇီဂျင်ဟိုးအပေါ် လက်စားချေရန် ရှာဖွေနေသည့် သိုင်းသမားမှာ စီလင်ရှုဖြစ်ကြောင်း မသိပါစေနှင့်ဟု ဆုတောင်းနေမိသည်။

'နန်ကင်းနယ်က သိုင်းပြိုင်ပွဲကို ချူယီကို ဝင်ပြိုင်လို့ ဖြစ်ပါ့မလားဟင်'

'ဘယ်လိုမေးလိုက်တာလဲ အစ်ကို၊ ချူယီ မကြာခင် ကျန်းမာလာတော့မှာပဲ၊ နယ်စားကျောက်ပိယန်ကို လက်စားချေနိုင်ဖို့ ချူယီကို ကြိုးစားရတော့မှာပေါ့'

စီလင်ရှုတစ်ယောက် ဘာမှ ဆက်မပြောနိုင်ဘဲ သက်ပြင်း ချမိလိုက်၏။

စိတ်က အားမာန်အပြည့် ဆောင်ကြဉ်းပေးနေပေမယ့် လူက မဟန်နိုင်ခဲ့သော ချူယီကိုကတော့ အန္တရာယ်တစ်ခု အတွက် လုံးဝ စိုးရိမ်မှုရှိဟန် မတူခဲ့။

ဝမ်လန်းစံက ဖြေဆေးတိုက်ကျွေးထားသဖြင့် အနည်းငယ် သက်သာသယောင်ယောင်ရှိသော်လည်း လန်းဆန်းမှု မတွေ့ နိုင်သေး။

နန်ကင်းနယ်၌ ကျင်းပခဲ့သော ပြိုင်ပွဲသို့ ချူယ်ကို ဘယ်နည်းနဲ့မှ ယှဉ်ပြိုင်၍ အနိုင်ရလိမ့်မည် မဟုတ်ဟု သူထင်မိသည်။

'ဒီပြိုင်ပွဲကို ချူယ်ကိုရဲ့ကိုယ်စား အစ်ကို ယှဉ်ပြိုင်ပေးခွင့် မရှိဘူးလားဟင်'

ချူယ်ကိုက သူ့စကားကြောင့် လေးနက်စွာ စဉ်းစားနေမိသည်။

သူ ယုံကြည်အားကိုးမိသည့်အကြောင်းကို ချက်ချင်းသာ ဖွင့်ဟပြောဆိုလိုက်ပါလျှင် သူမအား လုံးဝ အထင်အမြင်သေးသိမ်သွားမှာ စိုးလှ၏။

ပွင့်လင်းစွာ အကူအညီတောင်းခံပြန်လျှင် မသင့်။

ထို့ကြောင့် ရင်ထဲမှ ဆန္ဒကို ဆက်လက်မျိုသိပ်သွားမည်ဟု စိတ်ပိုင်းဖြတ်ထားလိုက်မိသည်။

'ဖြစ်နိုင်မယ် မထင်ပါဘူး အစ်ကိုရယ်'

'အို....ဘယ်လိုပြောလိုက်တာလဲ ချူယ်ကိုရယ်၊ မင်းရဲ့စကားက သိပ်ကို သူစိမ်းဆန်လွန်းနေပြီ'

ချူယ်ကို ဘာမှ ဆက်မပြောဘဲ နှုတ်ဆိတ် ငြိမ်သက်နေလိုက်မိ၏။

မိုးကြိုးအဆိပ်ဖြေဆေးကြောင့် ချူယ်ကိုတစ်ယောက် ပကတိအတိုင်း နေထိုင်ကောင်းလာခဲ့၏။

ဝမ်လန်းစံ၏ ကျေးဇူးကို သူ ဘယ်တော့မှ မမေ့။

ဝမ်လန်းစံက သမ္မာတော်ကောင်း ပီသလှပေသည်။



မိုးကြိုးအဆိပ်ဖြေဆေးကို စေတနာအပြည့်အဝထား၍ ရအောင် ဖော်စပ်ပေးခဲ့သူ ဖြစ်၏။

မိုးကြိုးအဆိပ်ဖြေဆေးကား လောကကြီး၌ အတုအပ ရှိနိုင်ဟု ထင်မြင်ယူဆသော မိုးကြိုးလက် ဝူစိသာသိလျှင် မည်မျှ အံ့ဩရှာမည်လဲ။

ဝမ်လန်းစံ၏ ဖခင်က မိုးကြိုးမျိုးဆက်အနွယ်ဝင် တစ်ဦး၏ အသက်ကို ကယ်တင်ခဲ့ဖူး၏။

ထိုပုဂ္ဂိုလ်ကြီးမှာ အခြားလူမဟုတ်ဘဲ ဝရဲမိုးကြိုးဝမ်ပင်း၏ အစ်ကိုသာဖြစ်၏။

သူက အသက်သခင် ကျေးဇူးရှင်အား ကျေးဇူးတုံ့ပြန်လည့်အနေနှင့် မိုးကြိုး အဆိပ်ဖြေနည်း ဖော်စပ်ဆည့် အကြောင်းကို ရိုးသားစွာ ပြောပြခဲ့သည်။

ယခုတော့ မိုးကြိုးအဆိပ် ဖြေဆေးက တစ်ပုလင်းလုံးကုန်သွားလေပြီ။

ချူယ်ကိုတစ်ယောက်လည်း ကျန်းမာစ ပြုလာခဲ့လေပြီ။

ထို့ကြောင့် ရည်ရွယ်ချက်အတိုင်း ရှေ့ခရီးဆက်နိုင်ဖို့သာ ပြိုင်စံရှားမေးကို နေ့စဉ် လေ့ကျင့်နေမိသည်။

လေ့ကျင့်မှုတိုင်းတွင် မခံချင်စိတ်နှင့် နာကြည်းချက်များက ရင်ထဲ၌ အစိုင်အခဲတစ်ခုပမာ ရှိနေသဖြင့် ဓမ္မာရုပန်းရမှန်းကို မသိဘဲ ပြိုင်စံရှားမေးကိုးချက်နှင့် နယ်စားကျောက်ပိဿန်ကို အလဲ့စားချေလိုစိတ်က ပြင်းပြနေရှာလေပြီ။

**မေမှော်ဝေးမအတွက် ခရီးဆက်**

ချူယာ့ကို နန်းကင်းနယ်သို့ ထွက်ခွာရန်အတွက် ငွေကြိုးကြာ ဝမ်လှန်းစံကို နှုတ်ဆက်လိုက်မိသည်။

'ကျွန်မအသက်ကို ကယ်တင်ခဲ့ဖူးတဲ့ ကျေးဇူးကိုတစ်သက်လုံး ဘယ်တော့မှ မမေ့ပါဘူး၊ စီလင်ရှ ပြန်လာတဲ့အခါ ကျွန်မ သူ့ကို နှုတ်ဆက်သွားတယ်ဆိုတဲ့ အကြောင်းကိုသာ ပြောပေးပါ မမရယ်'

'ဟောဒီ ပိုးပဝါလေးကို သူ့ကို ဆက်ဆက်ပေးလိုက်ပါနော်'

'အန္တရာယ်များလှန်းလှပါတယ် ညီမလေးရယ်'

ဝမ်က ပိုးပဝါလေးကို လှမ်းယူရင်း ကရုဏာသက်စွာ ပြောလိုက်၏။

သည်အချိန်၌ ချူယာ့ကိုအား ဘယ်လိုမှ တားမြစ်၍မရ နိုင်မှန်း သူသိထားပြီး ဖြစ်သည်။

ချူယာ့ကို ကျန်းမာရေးကောင်းမွန်လာပြီး အလက်ရှင် နေထိုင်ခွင့်ရသည်ကိုပင် ဝမ်းသာ ကျေနပ်နေမိ၏။

ချူယာ့ကိုက လက်ပြနှုတ်ဆက်၍ အခင်းသို့ ထွက်ခွာ သွားခဲ့လေပြီ။

ဝမ်က ချူယာ့ကိုအား မြင်ကွင်းထဲက မပျောက်မချင်း ဝမ်းနည်းကြေကွဲစွာ ငေးမောကြည့်နေမိသည်။

သူ၏ လက်ထဲမှ စီလင်ရှုအား ပေးခဲ့သည့်ပိုးပဝါလေးက လေထဲ၌ တလူလူလွင့်လျက်ရှိ၏။

စီလင်ရှုသာ ထိုကိစ္စကိုသာလျှင် မည်သို့ ခံစားရလေမလဲ။

ချူယာ့ကိုတစ်ယောက် နန်ကင်းနယ်တွင် အနိုင်ရပါစေ ကြောင်းသာ စိတ်ထဲ ဆုတောင်းလိုက်ရလေသည်။

စီလင်ရှု ပိုးပဝါလေးကိုကြည့်ရင်း ဝေးရပြီဆိုသောအသိ ကို ထပ်မံခံစားလိုက်ရ၏။

နန်ကင်းနယ်က ချူယာ့ကိုအတွက် အန္တရာယ်စက်ကွင်း တစ်ခုဖြစ်ကြောင်းကို သူလုံးဝ နားမလည်ခဲ့။

နယ်စားကျောက်ပိယန်က ချူယာ့ကိုထံမှ သူအလိုချင်ဆုံး မှော်ဓားကိုသာ တွေ့ရှိခဲ့ပါလျှင် မတရားသောနည်းဖြင့် ယှဉ် ပြိုင် ရယူမှာဖြစ်သည်။



'ဝါ အကြိမ်ကြိမ်တားဖို့ ကြိုးစားပါသေးတယ်၊ ဒါပေ မယ့် သူက စိတ်ဓာတ်ပြင်းထန်လွန်းနေတယ်လေ'

'ဘာပဲဖြစ်ဖြစ် နယ်စားကျောက်ပိယန်ရဲ့ ထောင်ချောက် အတွင်းမှာ ချူယာ့ကို ဘယ်နည်းနဲ့မှ အရောက်မခံနိုင်ဘူး ဝမ်'

'ဒါဆို ဘယ်လိုလုပ်ကြမလဲ'

'သူ့ကိုလိုက်ခေါ်ပြီး နန်ကင်းနယ်က ပြိုင်ပွဲကို ကိုယ်တိုင် ရင်ပြိုင်မှ ဖြစ်တော့မယ်'

စီလင်ရှု၏ရင်ထဲ၌ မီးလျှံများ တောက်လောင်စပြုလာခဲ့ လေပြီ။

စကားဆုံးသည်နှင့် မြင်းပေါ်သို့ တက်၍ ထိုနေရာမှ အမြန်ဆုံးထွက်ခွာရန် ပြင်ဆင်လိုက်၏။

'စီလင်ရှု....နေဦးလေ'

စီလင်ရှု၏ စိတ်မြန်လက်မြန်ရှိလာပုံက ဘယ်လိုမှတားဆီး လို့ မရခဲ့။

ဝမ်လန်းစံ ဖျောင်းဖျ၍ သူ့ကို တားမြစ်လိမ့်မည်ဟု ထင် ထားသဖြင့် မြင်းကို အမြန်ဆုံး ဒုန်းစိုင်း၍ ထွက်ခွာသွားလေ တော့သည်။

မြင်းနှင့် ဒုန်းစိုင်းလာရာ ခရီးတစ်လျှောက်လုံး ချူယာ့ကို အတွက် အရာရာကို စွန့်လွှတ်ရဲသည့်သတ္တိမျိုး အပြည့်အဝ မွေးမြူထားခဲ့လေသည်။

ချူယိကို ထွက်ခွာသွားသည့် တောလမ်း ခရီး တစ်လျှောက်နှင့် သူ ထွက်ခွာသည့်ရက်ကို တွက်ချက်ကြည့်လျှင် နှန်ကင်းနယ်သို့ ရောက်နိုင်မည်မဟုတ်သေး။

ထို့ကြောင့် ဖြတ်လမ်းတစ်ခုမှ သူ့ထက် စောလျင်စွာ အမြန်ဆုံးရောက်ရှိနိုင်ဖို့သာ အားထုတ်လိုက်မိသည်။

'ခွပ်....ခွပ်....ခွပ်'
'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများကြောင့် မိုးကြိုးလက် ဂူစိ လင့်စင် တစ်ခုပေါ်တွင် မှေးခနဲ အိပ်စက်နေရာမှ လန့်နိုးလာခဲ့သည်။

မိုးကြိုးပန်းကို ရယူသွားသူမှာ စီလင်ရှုဖြစ်ကြောင်း သတင်းရရှိသည့်နေ့မှစ၍ အစ်ကိုဖြစ်သူ ဝေ့မိုးကြိုး ဝမ်ပင်းအတွက် ခြေရာခံနေမိတာကြာပြီ။

ယခုတော့ မုဆိုး ရှေ့တည့်တည့် ရောက်ရှိလာသည့် သားကောင် ပမာ စီလင်ရှုက သူ့ရှေ့မှောက်သို့ ရောက်လာခဲ့လေပြီ။

နှင်းတောင်၌ တစ်ကြိမ် မြင်ဖူးခဲ့မိသော သူ့ကို ယခုထိ မှတ်မိနေဆဲ။

ယခင်ကတော့ သူ့ မျက်နှာလေးကိုကြည့်ရင်း အပြစ်ကင်းစင်သည့် သိုင်းသမား အစ်ခယောက်ဟု ထင်လိုက်မိသည်။

သို့ပေမယ့် စီလင်ရှုက သူ့အစ်ကိုအား သွေးအေးအေးနှင့် ရက်စက်စွာ သတ်ဖြတ်သွားသည့် လူသတ်သမား။



အမုန်းများစွာတို့က သတ်ချင် ဖြတ်ချင်စိတ်ကို တဖွားဖွား ပေါ်လာအောင် နှိုးဆွပေးနေသလို ဖြစ်မိသည်။

စီလင်ရှုလို လူတစ်ယောက်အား ယှဉ်ပြိုင် သတ်ပုတ်ရန် မလွယ်ကူလှပေ။

# ( ၁၆ )

မိုးကြိုးလက်ဝှေ့စီအား မိန်းမညာဏ်နှင့် အလစ်တိုက်ခိုက်ရန် ချောင်းနေ၏။

ပွဲကြီးပွဲကောင်း တွေ့ကြပြီပေါ့ စီလစ်ရှုရယ်။

တိတ်တဆိတ် ကြိမ်းဝါးလိုက်ရင်း မြင်းစီးနှင်လာရာလမ်းသို့ နွယ်ကြိုးတစ်ချောင်းကိုခိုလျက် အသင့် ပြင်ထားလိုက်သည်။

လှုပ်ရှားလိုက်ပုံအား ညင်သာ ပျော့ပျောင်းလွန်းလှပေသည်။

'ဝှိုး....ဖေါက်'

'အား....'

နွယ်ကို မျောက်တစ်ကောင်လို လွဲခိုလျက် လျှပ်တစ်ပြက် မိုးကြိုးအဆိပ်ပါသော စွန်ကုပ်လက်နှင့် လှမ်း ပေါက်ရင်း လှစ်ခနဲပျောက်ကွယ်သွားခြင်းဖြစ်၏။

'တောက်....'

စီလင်ရှာတစ်ယောက်အလစ်တိုက်ခိုက်ခံလိုက်ရသည့်အတွက် အတော်ကို မကျေမချမ်းဖြစ် ကျန်ခဲ့ရှာသည်။

ဒဏ်ရာက မပြောပလောက်ပေမယ့် အလွန် ပြင်းထန်လှသည့် အဆိပ်လက်နက်နှင့် တိုက်ခိုက် သိလိုက်ရလေပြီ။

သူ ဘာများ တတ်နိုင်ပါမည်နည်း။

ထို အဆိပ်လက်နက်နှင့် တိုက်ခိုက်သူမှာ မိုးကြိုးလက်ဝှစီကလွဲပြီး တခြားသူမဖြစ်နိုင်ခဲ့။

သည်ဖစ်ခါတော့ သေဖို့ ကံ ရှိမှာက သူ့ဘက်သို့ ဦးလှည့်လာခဲ့လေပြီ။

ထိုအခိုက် အဝေးမှ မြင်းခွာသံကို ကြားရသဖြင့် အန္တရာယ်တစ်ခု ထပ်မံ ရောက်ရှိလာပြီအထင်နှင့် ဓားကို ဆုပ်ကိုင်လျက် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်မိ၏။

'ဟင်....ဝမ်သန်းစံ'

'သူ့နောက်သို့ ဝမ်လန်းစံက မြင်းတစ်စီးနှင့် နောက်မှ လိုက်လာခဲ့ခြင်းဖြစ်၏။

'ဘယ်လိုဖြစ်ရတာလဲ စီလင်ရှုရယ်'

ငါ့ကို မိုးကြိုးလက်ဝှစီက လက်စားချေသွားတာပဲ ဝမ်'

'ဟင်....'



ဝမ် အရှမ်းကို စိုးရိမ်သွားမိသည်။

တစ်ယောက်ကိုပျောက်အောင် ကုသလို့မှမဆုံးခင် နောက် တစ်ယောက်က မိုးကြိုးအဆိပ် သင့်ပြန်ပြီ။

## ( ၆၀ )

ဝမ်ရင်ထဲ ဆို့နင့်စွာ ခံစားနေရသည့်ကိစ္စက အဆိပ်ဖြေဆေး သူ့၌မရှိတော့သည့်အတွက် ဖြစ်၏။

‘ငါ့အတွက် နင်စိတ်ထိခိုက်မနေစမ်းပါနဲ့ ဝမ်ရယ်၊ ကံအကြောင်းတရားပဲပေါ့’

စီလင်ရှုက သူ့ကိုယ်သူ မျှော်လင့်ချက် ကင်းမဲ့လေဟန် ပြောဆိုလိုက်၏။

ဝမ်၏မျက်ဝန်း၌ မျက်ရည်များပင် ဝဲလာခဲ့လေပြီ။

'နင့်ကို ငါသနားတယ်၊ ငါနင့်အတွက် ဘယ်လို အကူအညီပေးရမလဲဟင်၊ မိုးကြိုးတောင်ကို သွားနိုင်ရင် ဆေးဖော်ဖို့ ပန်းပင်တွေ ထပ်ရှိနိုင်သေးတယ် မဟုတ်လား'

စိုးရိမ်ပူပန်မှုတို့ လွှမ်းမိုးလေသံနှင့် မေးမြန်းနေသော်လည်း စိလင်ရှုထံမှ အဖြေကိုမရဘဲ ခေါင်းကိုသာ တွင်တွင်ခါလျက်....

'မိုးကြိုးမျိုးဆက်တွေဟာ အခုလောက်ဆို အဆိပ်ဖြေဆေးကို ဖျောက်ဖျက်လိုက်ကြပြီပေါ့'

'ဘာ'

ဝမ် သတိသင်းလွတ်သွားမတတ် ချောက်ချားစွာ ခံစားလိုက်ရ၏။

စိလင်ရှုက ရဲရင့်သော လူတစ်ယောက်လို သေခြင်းတရားကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားလေဟန်နှင့်....

'နင် ငါ့အတွက် ထစ်ခုပဲဝန်ခံပါ ဝမ်ရယ်'

'ပြောလေ၊ ငါဘာအကူအညီပေးရမှာလဲ'

'ချူယိကိုကိုတွေ့ရင် သူပြင်းပြနေတဲ့ ဆန္ဒအတွက် ငါမသေခင်မှာ နန်ကင်းနယ်က ဓားပြိုင်ပွဲကိုနိုင်အောင်ယှဉ်ပြိုင်သွားပါမယ်ဆိုတဲ့စကားကို ပြောပေးပါတော့'

'ဟိုင်း....'

စိလင်ရှုက တဇွတ်ထိုး မြင်းကိုနှင်၍ ထွက်ခွာသွားလေသည်။

ဝမ် သူ့အပေါ် နားလည်တတ်သူဖြစ်၍ တားဆီးဖို့ စိတ်မကူးခဲ့။



သို့ပေမယ့် ပါးပြင်ပေါ်သို့ ပူနွေးသော မျက်ရည်များက စီးကျလာခဲ့လေပြီ။

'ဩ်....စိလင်ရှုရယ်၊ နင့်ဘဝက ဆိုးရွားလွန်းလှချည်လား'

* * *

နန်ကင်းနယ်ရှိ ဈေးကလေးက စည်ကားနေသည်။

မကြာမီ ပြုလုပ်ကျင်းပမည့် နယ်စားကျောက်ပိယန်၏ ကြီးကျယ်ခမ်းနားသော ယှဉ်ပြိုင်ပွဲကြီးအတွက် တာဆူနေသူ သိုင်းသမားကြီးများက စိတ်ဝင်တစား ပြောမဆုံးနိုင်အောင် ရှိနေကြသည်။

'ကျုပ် တစ်သက်နဲ့တစ်ကိုယ် ဒီလိုပြိုင်ပွဲမျိုးကို ပေါ်လာလိမ့်မယ်ဆိုတာ အိပ်မက်တောင် မမက်ခဲ့ဘူးဗျာ'

'နယ်စားက ရွှေစင်သရဖူကြီး ပေးမယ့်အပြင် နောက်ဆုံးသူနဲ့တောင် ယှဉ်ပြိုင်ခွင့် ပေးဦးမတဲ့လေ'

'ဒါဆို မတော်တဆ နယ်စားကျဆုံးသွားရင် ဘယ်လိုလုပ်မလဲ'

'ဒီတော့လဲ နိုင်တဲ့လူက နယ်စားနေရာယူလိုက်ရုံပေါ့ဗျာ'

အကြံပိုင်လှသော နယ်စားကျောက်ပိရန်၏ လှည့်ကွက်ကို မသိရှာဘဲ တစ်ဦးနှင့်တစ်ဦး ပြောဆိုရင်း ကျေနပ်နေကြသူနှစ်ဦးကိုကြည့်ရင်း ရင်လေးနေမိသည်။

သိုင်းပညာအတွက် လောဘ၊ ဒေါသ မောဟ တရားတို့ ဖုံးလွှမ်းကာ အရာရာတိုင်းကို ရက်စက်စွာ သတ်ဖြတ်၍ အနိုင်ယူချင်သော လူများအပေါ် နယ်စားက သူ့လက်ထဲ၌ရှိသော မှော်ဓားဖိုတစ်ချောင်းနှင့် အနိုင်ယူဖို့ ကြိုးစားလေဦးမည်။

နန်ကင်းနယ်၏ ဓားဘုရင်တစ်ဆူဟု သူ့ကိုယ်သူ ခံယူလျက် ကေရာဇ်ထံမှ ချီးမြှင့်မြှောက်စားမှုကို သိုင်းသမားများ၏ အသက်ကိုစပေး၍ အမြတ်ထုတ်မှာ သေချာနေပြီ။ ဆိုင်ထဲ၌ လူရှုပ်စပြုလာပြီမို့ ပြိုင်ပွဲမဝင်မီ နယ်စား၏ လက်ပါးစေများ သူ့ကိုတွေ့ရှိမသွားစေရန် အပြင်သို့ ထွက်လာခဲ့၏။

'ချူယီ ကို'

'ဟင်....ဝမ်'

ဆိုင်ပြင်သို့အရောက် မမျှော်လင့်ဘဲ ဝမ်အားတွေ့လိုက်ရသဖြင့် အံ့အားသင့်သွားခဲ့၏။

'သိပ်အရေးကြီးတဲ့စကား ပြောစရာရှိတယ်၊ တစ်နေရာရာကို သွားကြရအောင်နော်'

နှစ်ယောက်သား ဆိတ်ငြိမ် အေးဆေးမှုရှိမည့် ဥယျာဉ်တစ်ခုသို့ ဦးတည်ထွက်လာခဲ့ကြ၏။

* * *



ဝမ်က စီလင်ရှုနှင့် ပတ်သက်၍ ဖြစ်ပျက်လာသမျှအကြောင်းစုံကို ချူယီကိုအား ခရေစေ့တွင်းကျ ပြောပြလိုက်လေသည်။

'ဟင်....ဒါဆို အစ်ကို့မှာ မိုးကြိုးအဆိပ်သင့်တဲ့ ဒဏ်ရာရခဲ့ပြီပေါ့'

'ဟုတ်တယ်....မိုးကြိုးလက်ဝှစိက သူ့ကို အပြိုးကြီးစွာ တိုက်ခိုက်လိုက်တာပဲ'

ချူယီ ကို စိတ်မကောင်းဖြစ်ရ၏။

သူ့ကြောင့် ဖြစ်ရသော ကိစ္စဖြစ်လေသောကြောင့် ဘယ်လိုဖြေရှင်းရမှန်း မသိအောင် တွေဝေသွားမိသည်။

'မိုးကြိုးအဆိပ်ဖြေဆေးကို ထပ်ပြီး ဖော်စပ်လို့ မရနိုင်ဘူးလားဝမ်'

'မဖြစ်နိုင်တော့ဘူး....ချူယီ၊မိုးကြိုးတောင်မှာ ရှိသမျှ ပန်းပင်တွေအားလုံးကို ကုစိက ဖျက်ဆီးပစ်လိုက်ပြီလေ'

မိုးကြိုးမျိုးဆက်နှင့် ပတ်သက်သမျှ သူ့ကို ဝမ်လန်းစံတစ်ခါက ပြောပြခဲ့ဖူးသဖြင့် အထူး မေးနေစရာ မလိုတော့။

မိုးကြိုးမျိုးဆက်တစ်ခုလုံး သိုင်းပညာကို ဟုတ်တိပတ်တိ ကျွမ်းကျင်သူဟူ၍ မရှိခဲ့။

အဆိပ်တစ်ခုကို အကြောင်းပြု၍ အသိဉာဏ် ကင်းမဲ့စွာဖြင့် သိုင်းလောကကို မကောင်းမှု တစ်ခုနှင့် အနိုင်ရလိုသူများသာ ဖြစ်ကြ၏။

ယခုလည်း စီလင်ရှုအား ဤနည်းဖြင့် အနိုင်ယူလိုက်ပြန်ပြီ မဟုတ်ပါလား။

စီလင်ရှုက သူမအသက်ရှင် နေနိုင်ရေးအတွက်သည်သာ ချိန်မှာ အရေးကြီးနေပြီ။

သူမ မည်သို့လုပ်ဆောင်ရမည်နည်း။ လုပ်ဆောင်ပေးရမည်နည်း။

ချူယီကို အလေးအနက်ထား၍ စဉ်းစားနေမိသည်။ ဝမ်ကလေးတော့ ချူယီကိုအား အဓိပ္ပာယ်ဖော်၍ ငေးကြည့်နေသည်။

'ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ အစ်ကို့အတွက်ဆို အရာရာကို စွန့်လွှတ်ပြီး ကယ်တင်ဖို့ အသင့်ပါပဲ ဝမ်'

ဝမ်က ချူယီကိုပြောဆိုသမျှအား ဘာတစ်ခုမှ နားမလည်နိုင်ရှာသေး။

* * *

စီလင်ရှုက နယ်စားကျောက်ပိယန်နှင့် ပတ်သက်၍ သိလိုသမျှကို အရင်ဦးဆုံး စုံစမ်းလိုက်၏။

'ပြိုင်ပွဲက ဘယ်သူမဆို ယှဉ်ပြိုင်ခွင့် ပေးထားတာကွယ့်၊ နန်ကာင်းမြို့ကို ကိုယ်စားပြုမယ့် သိုင်းအကျော်အမော်တွေ ပေါ်ထွက်လာရေးအတွက် နယ်စားက စီစဉ်ပေးတာလေ'



'ဪ... ဒါဆို သူကိုယ်တိုင် ယှဉ်ပြိုင်မယ်ဆိုတာကရော'

'သူက တစ်ချိန်တုန်းက သိုင်းအကျော်အမော်တစ်ဦးပဲကွယ့်၊ ဆန်းပြားလှတဲ့ ဓားသိုင်းကွက်တွေကြောင့် ထင်ပါရဲ့၊ သူ့ကို မှော်ဓား ကျောက်ပိယန်လို့တောင် ခေါ်ကြသေးတယ်လေ၊ အသက်ကကြီးပေမယ့် ပညာကတော့ မခေတ္တး မောင်ရင်။

'ဒါကြောင့် သူကိုယ်တိုင် ဒီပွဲမှာ ယှဉ်ပြိုင်ရဲတာပဲ ကြည့်တော့လေ'

တစ်နယ်လုံးကတော့ နယ်စား၏ လုပ်ဆောင်ချက်မှန်သမျှ မကောင်းသောဘက်မှ မမြင်ဘဲ ရှိနေပြန်သဖြင့် စဉ်းစားရခက်လှ၏။

မှော်ဓားနှင့် ပတ်သက်၍ ချူယီကို ပြောပြသမျှ သူသိရှိပြီး ဖြစ်၏။

နယ်စားက ချူယီကိုထံမှ မှော်ဓားမသာ ရသွားခဲ့ပါလျှင် တစ်နယ်လုံး ပြိုင်ဘက်ကင်းသွားပေတော့မည်။

စီလင်ရှုက နှင်းတောင် ဘွားဘွားဝ ပေးခဲ့သည့် နှင်းဓားကိုသာ ယုံကြည် ကိုးစားနေမိသည်။

## ( ၆၁ )

### အဆိပ်သင့်သူ စီလင်ရှ

စီလင်ရှတစ်ယောက် ပြိုင်ပွဲသို့ မဝင်ရောက်ရသေးမီ ရှိလစ္စသော ဒဏ်ရာကို သမားတော်ကြီး တစ်ဦးထံ ပျောက်ကင်းရန် ကုသနေရရှာသည်။

'ဒီလို အဆိပ်သင့်တဲ့ ဒဏ်ရာမျိုးဟာ အပြင်ပန်းအမြင်အရသာ ပျောက်ကင်းသွားပြီလို့ ထင်ရပေမယ့် အသက်အန္တရာယ်နဲ့ အနီးစပ်ဆုံးပဲ လူလေး'

'ကျွန်တော့် အခြေအနေကို ကျွန်တော် နားလည်ပါတယ် အဘ၊ ပြိုင်ပွဲမဝင်ခင် ကိုယ်လက်အင်္ဂါတွေ လှုပ်ရှားနိုင်ရင် ကျေနပ်ပါပြီ'

သမားတော်အဘိုးအိုက စီလင်ရှုအား ထူးဆန်းသော အကြည့်ဖြင့် စိုက်ကြည့်ရင်း ငေးမောကျန်ရစ်ခဲ့၏။

မကြာခင် သေဆုံးရမည့် လူတစ်ယောက် ဖြစ်သော်လည်း သူ့အသွင်က လုံးဝ ညှိုးနွမ်းအားငယ်စိတ် လွှမ်းမိုးထား ခြင်း မရှိခဲ့။

ကစ်စုံတစ်ခုအတွက် မျှော်လင့်ချက်အရ တက်ကြွနေ သည်။

စီလင်ရှု သမားတော်ကြီးထံမှ ထွက်အလာ ငွေကြိုးကြာ ဝမ်လန့်းစံကို တွေ့လိုက်ရ၏။

သူ့အား မမြင်အောင် ပုန်းကွယ်နေလိုက်မိသည်။

'ဝမ်ဟာ ငါ့အပေါ် အတော့်ကို သံယောဇဉ်ကြီးရှာ ပါလား၊ သူ့ကို ငါ အတွေ့ခံလို့တော့ ဘယ်နည်းနဲ့မှ မဖြစ် နိုင်ဘူး'

သူ့စိတ်ထဲ၌ ဝမ်ကိုမြင်တွေ့ပါလျက်နှင့် ခေါ်ဖို့ပန်လေး နေမိသည်။

တကယ်တော့ သူကိုယ်တိုင် ဆုံးဖြတ် ထွက်လာသောခရီး တွင် နှောင့်ယှက် ဟန့်တားမှုမဖြစ်ချင်ခဲ့။

ဝမ်၏ စေတနာကို သူ နားလည်မိသော်လည်း သူ၏ ပြင်းပြသော စိတ်ဆန္ဒများကို သူမက နားလည်နိုင်လိမ့်မည် မဟုတ်ဟု ထင်နေမိသည်။

စီလင်ရှုစိတ်တွေ လှုပ်ရှားခဲ့ပြီမို့ အရက်ဆိုင်တစ်ခုအတွင်း လှစ်ခနဲဝင်ရောက်၍ ကိုယ်ယောင်ဖျောက်ခဲ့၏။

'အရက်နဲ့ ကြက်ကြော်တစ်ပွဲ'



စားသောက်ဖွယ်ရာတို့အား မှာယူရင်း စိတ်ကို လုံးဝ ငြိမ်ကျသွားအောင် အမြန်ပြောင်းလိုက်မည်ဟု ကြံရွယ်မိ သည်။

'နယ်စားမှာရှိတဲ့ မှော်ဓားတစ်လက်ရဲ့အစွမ်းကို ပြိုင်ပွဲမှာ ဘယ်သူမှ မကျော်လွန်နိုင်ပါဘူးလေ၊ ကျုပ်က လောင်းကြေး စားကြေး ... ဝင် လုပ်လိုက်ချင်သေးတယ်'

'စကားကို ကုန်အောင် မပြောလိုက်နဲ့ဦးမိတ်ဆွေ၊ ဇီဂျစ် ဟိုးရဲ့ အမီးထံမှ ပျောက်ဆုံးသွားတဲ့ မှော်ဓားမတစ်ချောင်း ရော ပြိုင်ပွဲမှာ ပေါ်မလာဘူးလို့ ပြောနိုင်မလား'

'အိုဗျာ... ကောင်မလေးက အခုလောက်ဆို အရိုးတောင် ဆွေးနေပြီ၊ မှော်ဓားမဟာလဲ သေသူနဲ့အတူ ပျောက်ဆုံး သွားလောက်ပြီပေါ့'

အမူးသမားသုံးယောက်၏တစ်ယောက်တစ်ပေါက်ပြောဆို နေသံကို နားစွင့်ကြည့်လိုက်မိသည်။

ချူယီကိုအကြောင်းလည်း ပါသည်။
နယ်စားအကြောင်းလည်း ပါသည်။
မှော်ဓားအကြောင်း လည်း ပါသည်။

ပြောဆိုနေသည့်စကားတိုင်းက သူ၏ စိတ်အာရုံကို နှိုးဆွ ပေးနေသလို ဖြစ်လာပြန်သည်။

ချူယီကိုအား သူ သတိရမိပြန်သည်။

နန်ကင်းပြိုင်ပွဲတွင် ချူယီကိုနဲ့ သူ ပြန်လည် ဆုံစည်းရပေ တော့မည်။

သူဖြစ်ပျက်လာသည့် အကြောင်းများကို ချူယဲကိုသေ
စေရန် ဖုံးကွယ်ထားမှုဖြစ်မည်။

နယ်စားကို သူကိုယ်တိုင် ဘွားဘွားဝ အပ်နှင်းထား
သည့် နှင်းခေါ်နှင့် ဦးစွာ အပြတ်ရှင်းပစ်လိုက်မည်။

ကိစ္စအားလုံး ပြီးစီးသည့်အခါ ချူယဲကိုအား နန်းဆောင်
မြို့၌ လှည့်စားထားရစ်ခဲ့ရပေမည်။

သူ အရက်ကိုတစိမ့်စိမ့်သောက်ရင်း အတွေးလမ်းကြောင်း
တစ်ခုနှင့်တစ်ခု ပြက်တောက်မသွားစေရန် အဆက်မပြတ်
တွေးတောနေမိသည်။

ချူယဲကိုနှင့် ဝမ်လန်းစံက သူ့အား လိုက်လံရှာဖွေနေ
ကြသည်ကို လုံးဝမသိနိုင်ရှာသေး။

သူ့ စိတ်ကူးတစ်ခုကိုသာ ဇွတ်အတင်း အကောင်အထည်
ဖော်ရန် အတွက်သာ အားဖြည့်နေလိုက်၏။

ခေါင်းထဲ အနည်းငယ် ရီဝေဝေပြုလာပြီမို့ သောက်စား
ထားသည့် ကျသင့်ငွေများကို ရှင်းလင်း၍ ဆိုင်အပြင်သို့
ထွက်လာခဲ့၏။

အပြင်၌ မိုးက အနည်းငယ် ရွာသွန်းကာစ ပြုနေ၏။

'ဟော့ဗျ'

ဝမ်လန်းစံက ဆိုင်နှင့် မလှမ်းမကမ်းနေရာမှ ထီးတစ်
ချောင်းနှင့် သူ့အား ရွတည်တည်လေး စိုက်ကြည့်ရင်း....

'နင် ဗိုတစ်ခါတော့ ပြေးမလွတ်နိုင်ပါဘူး စီလင်ရှု'

'ဟွား....ခက်လိုက်တာဝမ်ရယ် နင် ဘာကြောင့် ငါ့နောက်
ကို လိုက်လာရပြန်ပြီလဲ'



မတင်မကျ ပြောဆိုလိုက်သည့်စကားကို ဝမ်က စိတ်ဆိုးပုံ
မပေါ်။

'နင့်ကို စိတ်မချလို့ပေါ့'

'ငါက ယောကျ်ားပါဝမ်ရယ်၊ ငါ့ကိုယ်ငါ ကာကွယ်
နိုင်တဲ့ အတွက်တော့ အပြည့်ရှိပါတယ်'

'ဘယ်လို ပြောလိုက်တာလဲ စီလင်ရှု နင်ဟာ အားမာန်
အပြည့် ရှိပေမယ့် သာမန် လူတစ်ယောက် မဟုတ်ပါဘူး၊
ဒဏ်ရာရထားတဲ့ လူတစ်ယောက်ဆိုတာရော နင် မေ့လျော့
နေပြီလား'

ဝမ်၏ ကရုဏာထား ပြောဆိုသံအကြား၌ ဒေါသများ
ရောစွက် ပါလာခဲ့လေပြီ။

အမှန်တော့ စီလင်ရှုက ဝမ် ပြောသလို ဒဏ်ရာနဲ့ လူတစ်
ယောက်သာ ဖြစ်၏။

သိုင်းပညာရပ်တစ်ခုနှင့် တရားမျှတသော စိတ်ဆန္ဒတစ်ခု
အား သူ့အား အသေကောင်ကို ဖုတ်သွင်းခံထားရသလို
ဖြစ်စေခဲ့ရှာလေပြီ။

'ငါ မမှားပါဘူးဝမ်ရယ်၊ ချူယဲကိုအတွက် ငါ့ရဲ့စွန့်စား
ရခြင်းဟာ အသက် သေဆုံးသွားပါစေ၊ မှန် မြတ်ပါတယ်
လေ'

'နင် ဘယ်လိုပဲ တစေ့ာက်တန်းလုပ်နေနေ နင်ဖြစ်ပျက်
သမျှကို ချူယဲကိုသိသွားပြီ၊ ဒါကြောင့် နင့်ကို တွေ့အောင်
ရှာခေါ် လာဖို့ ငါ ထွက်လာခဲ့တာပဲ'

'ဟင်....ဒါဆို အခု သူ ဘယ်မှာလဲ'

'နင် သူရှိတဲ့နေရာကို သိချင်ရင် လိုက်ခဲ့ပေါ့'

ဝမ်နှင့်အတူ ချူယဲ့ကိုရှိရာသို့ သူ လိုက်လာခဲ့သည်။

ချူယဲ့ကို နေထိုင်ရာ နေရာသို့ ရောက်သော်လည်း သူ၏ အရိပ်အယောင်ကို လုံးဝ မတွေ့ရှိဘဲ စာ တစ်စောင်ကိုသာ တွေ့ရှိလိုက်ရသဖြင့် ချင်ထဲ ဆို့နင့်သွားခဲ့ကြ၏။

ဝမ်

ချူယဲ့ သူ့အတွက် မိုးကြိုးလက်ဝှစ်နဲ့ သွားတွေ့ပြီး အဆိပ်ဖြေဆေးကို မရရအောင် ယူခဲ့ပါမယ်၊ သူ့ကို အမြန်ဆုံးတွေ့အောင်ရှာပြီး အစ်ရက် နှစ်ရက် စောင့်ပါ။

ချူယဲ့ကို

စာဆုံးသည်နှင့် နှစ်ယောက်စလုံးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြ၏။

'ဘယ်လိုလုပ်ကြမလဲ ဝမ်၊ ချူယဲ့ကိုတော့ ဒုက္ခအကြီးအကျယ် ရောက်တော့မယ် ထင်ပါရဲ့'

'သိပ်လဲ စိတ်ပူမနေစမ်းပါနဲ့ စီလင်ရှူရယ်၊ ဒီအချိန်မှာ အရေးအကြီးဆုံးက ကိုယ့်ကိုယ်ကို ဂရုစိုက်တတ်ဖို့ပါပဲ၊ ချူယဲ့ဟာ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရားရှိတဲ့သူပါ၊ သူ ဘယ်နည်းနဲ့မှ မိုးကြိုးလက်ဝှစ်ကို တိုက်ခိုက်ပြီး အဆိပ်ဖြေဆေးကို ရယူခဲ့မှာ မဟုတ်ပါဘူး'



ဝမ်က ဖျောင်းဖျပြောဆိုနေသော်လည်း သောကစိတ်က အထွတ်အထိပ်သို့ ရောက်နေသည်။

ချူယဲ့ကို အဆိပ်ဖြေဆေးအား မည်သည့်နည်းနှင့် ရယူပါမည်နည်း။

## ( ၆၂ )

မိုးကြိုးတောင်သို့ စွန့်စွန့်စားစား

မိုးကြိုးတောင်သို့ ချူယံကို မြင်းတစ်ကောင်ဖြင့် ရောက်ရှိလာခဲ့လေပြီ။

ပုန်းလျှိုးဝှက်လျှိုး တိုက်ခိုက်တတ်သည့် မိုးကြိုးလက်ဝှုစ်၏ အကျင့်ကို သိထားပြီးဖြစ်၍ ကျောက်လှေခါးအတိုင်း ရဲတင်းစွာ သတိနှင့် လျှောက်လာခဲ့၏။

'ဒေါက်....ဒေါက်....ဒေါက်'

သိတ်ငြိမ်သော နေရာဖြစ်၍ သူမ၏ ဖိနပ်ခွာနှင့် ကျောက်သားပြင် ထိမိသံက ကျယ်လောင်စွာ ပေါ်ထွက်လာခဲ့လေပြီ။

**ချူယံကိုက ရဲတင်းလွန်းလှ၏။**

ကျားသစ်မလေးတစ်ကောင်လို စူးရဲ ထောက်ပသော အသွင်ဖြင့် မခြောက်မခြံ့ မတွန့်မဆုတ်ဘဲ မှော်ဓားမကို ကိုင်၍ ရဲဘင်းစွာ လျှောက်လာပုံက ခေသူမဟုတ်။

'ဝှစ်....ဝှစ်....ဝှစ်'

'ထန်....ဒလန်'

'ဒုတ်....ဒုတ်'

ကျောက်ဆောင်တစ်ခုဆီမှ အဝါဒရောင် အလင်းတန်း ကလေးတစ်ခုကို လက်ခနဲ တွေ့သိုက်ရသည်နှင့် သတိရှိနေသူ ချူယံကိုက အန္တရာယ်ကို အကာအကွယ်ပေးလိုက်၏။

အဝတ်ဖြူကြီးတစ်ခု လွှားခနဲ ပြုတ်ကျလာသကဲ့သို့ မည်းမှောင်နေသော ကျောက်ဆောင်တစ်ခုပေါ်မှ မိုးကြိုးလက် ဝူစိက ကိုယ်ဖော့ပညာဖြင့် ကြောင်ရိုင်းတစ်ကောင်လို လွှားခနဲ ခုန်ဆင်းလာခဲ့လေပြီ။

'ပြော်....ခင်း အခုထိ မသေနိုင်သေးဘဲကိုး'

ချူယံကိုအား ခါးထောက်၍ စူးရှစွာ စိုက်ကြည့်ရင်း မကျေမချမ်း ပြောဆိုလိုက်၏။

'ဟုတ်ပါတယ် ဝူစိ၊ ကျွန်မကံကောင်းထောက်မလို့ သေခွင့် မရသေးပါဘူး'

'ဒါဆို အခုမင်းက မကျေပွဲလေး ရန်ကြွေးဆပ်ဖို့အတွက် ငါ့ဆီ လာခဲ့တာပေါ့လေ'

မိုးကြိုးလက်ဝူစိက ကြောက်လန့် တုန်လှုပ်သွားဟန်နှင့် ချူယံကိုအား တိုက်ခိုက်ရန်အတွက် အသင့်ပြင်ဆင်ထား လိုက်လေပြီ။



'မှင့်ပိုင်နက်ထဲ ဝင်လာသူကို ရန်သူလို သတ်မှတ်ထားရင် မှားသွားပါလိမ့်မယ်၊ ကျွန်မလာတဲ့ကိစ္စက ပြီးခဲ့တဲ့ အတိတ်ဆိုးကို သင်္ချိုင်းချဖို့ မဟုတ်ဘူး၊ ဝူစိနဲ့ ကျွန်မနှစ်ကိုယ်ကြား အပေးအယူလေးတစ်ခု လုပ်ဖို့ပါပဲ'

ချူယံကို၏ စကားကြောင့် မိုးကြိုးလက် ဝူစိ တစ်ယောက် အရမ်းကို အံ့အားသင့်သွားရှာသည်။

'ဘယ်လို အပေးအယူဟုတ်လား၊ အို....မင်းနဲ့ငါ ဘယ်လို အပေးအယူလုပ်ဖို့မှ မရှိဘူး၊ ခင်း ငါ့ကို ရင်ဆိုင်ဖို့ သွေးပျက် နေတိုင်း အရှုံးတစ်ယောက်လို ကယောင်ချောက်ချားတွေ ပြောဆိုနေဖို့ မလိုဘူး'

မိုးကြိုးလက်ဝူစိက ရန်သူဖြစ်သော သူမအပေါ် ဘယ် နည်းနဲ့မှ မယုံကြည်ခဲ့။

'ကျွန်မပြောတဲ့ စကားကို ရှင် ဆုံးအောင် နားထောင် ပြီးမှ တစ်ခုခုကို ဆုံးဖြတ်ချက်ချသင့်ပါတယ်လေ'

ချူယံကိုက အေးဆေးတည်ငြိမ်စွာ ပြောဆိုရင်း မှော် ဓားမကို ထောင်ပြလိုက်၏။

'ဟောဒီ မှော်ဓားမကို နယ်စားဂျောက်ပိယန် တစ် ယောက် ဘယ်လောက်အထိ လိုချင်နေတယ်ဆိုတာကိုတော့ ရှင်အသိဆုံး ဖြစ်မှာပေါ့'

'အို....အဲဒီကိစ္စ ငါနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

'စကားဆုံးအောင် ပြောပါရစေဦးလေ၊ နန်ဆင်းနယ်မှာ ကျင်းပမယ့် ပြိုင်ပွဲမှာ ပြိုင်ဘက်မရှိဘဲ အနိုင်ရအောင် နယ်စား

အတွက် ဟောဒီ မှော်ဓားမဟာ အထူးလိုအပ်နေပါတယ်လေ'

'အဖိုနဲ့အမ ကြာရှည်စွာခွဲခွာထားလို့ မရဘူးဆိုတာလဲ ရှင်အသိဆုံးပဲ၊ ဒါကြောင့် မိုးမသေတာထဲမှာ ရှင်ကိုယ်တိုင် မှော်ဓားကို ရယူဖို့ ကြိုးစားခဲ့တာပဲ မဟုတ်လား'

'ပြီးခဲ့တာတွေကို မင်း ဘာမှ ရှည်ရှည်ဝေးဝေး ပြောဆိုနေစရာ မလိုပါဘူး၊ မင်းကို နယ်စားကိုယ်တိုင် သေပြီလို့ ထတ်မှတ်ပေးခဲ့တာပဲ။

'မင်း လောကထဲမှာ မရှိဘူးဆိုရင် မှော်ဓားမဟာလဲ ဘယ်လိုမှ စိတ်မဝင်စားနိုင်တော့ပါဘူး'

ချူယာ ကို ဘယ်လိုမှ စဉ်းစားမရအောင် ဖြစ်နေပါလေသည်။

သူ့အပေါ် ယုံကြည်မှုမရှိသော ဝူစီအား ဘယ်လိုဆက်ပြီး ရှင်းပြရပါမည်နည်း။

ဝူစီထံမှ ဖြေဆေးကို မရရတဲ့နည်းနှင့် တောင်းခံရန် ထွက်လာသည့် သူမ၏ဆုံးဖြတ်ချက်အတွက် စိတ်ဓာတ်ကျဆင်းသွားမိသည်။

'ကျွန်မပြောနေတာ ရှင့်အတွက်ပါ၊ နယ်စား ကျောက်ပိယ်နိက ရှင့်အပေါ် ပိုပြီး ယုံကြည်မြောက်စားလာအောင် ဟောဒီမှော်ဓားကို မိုးကြိုးအဆိပ်ဖြေဆေးနဲ့ အလဲအလှယ်လုပ်ပေးဖို့ပါပဲ'



'ဘာဖြေဆေး.... အဆိပ်ဖြေဆေး ဟုတ်လား၊ ဟား.... ဟား....ဟား....မင်းကတော့ အတော်ကို ရယ်စရာပြောတတ်တာပဲကိုး'

ချူယာ ကို ထောင်းခနဲ ဒေါသထွက်လာသဖြင့် အသိစရားနှင့် ထိန်းချုပ်လိုက်ရသည်။

ဝူစီက သူမအား အဆိပ်ဖြေဆေး တောင်းခံနေသည့်အတွက် လှောင်ပြောင် ရယ်မောနေသည်။

'ငါ့မျိုးဆက် တစ်ခုလုံးရဲ့ ဂုဏ်သိက္ခာတရားကို ထိန်းသိမ်းထားတဲ့ အဆိပ်ဖြေဆေးကို မင်းကို မပေးနိုင်ပါဘူး၊ မင်းရဲ့ မှော်ဓားကို ငါ့ပိုင်နက်ထဲမှာ အချိန်မရွေး ရယူနိုင်သားပဲ'

အခြေအနေက တင်းမာစ ပြုလာခဲ့လေပြီ။

မိုးကြိုးလက် ဝူစီကို လျော့တွက်ထားလို့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့။

ဝူစီက သူမထံမှ မှော်ဓားကို အဓမ္မရယူဖို့ ကြိုးစားပေတော့မည်။

သူမ နောက်သို့ တစ်လှမ်းချင်း မသိမသာ ဆုတ်လာခဲ့လေသည်။

ဝူစီက သူမ ရှောင်ပြေးမည့် အခြေအနေကို သိရှိထားသူမို့ အနည်းငယ် လှုပ်ရှားစပြုလာခဲ့လေပြီ။

'ရှင် လုံ ဝရှေတိုးဖို့ မကြိုးစားနဲ့နော်၊ ကျွန်မ ဒီဓားကို တောင်အောက်ပစ်ချရှင်း အဘသခံသွားမှာ သိလား'

မှော်ဓားကိုထောင်လျက် ချူယာ ကိုက ဝူစီအားရှေ့ဆက်တိုးမလာရဲအောင် ခြိမ်းခြောက်လိုက်လေသည်။

'အို…ဘယ်လိုပဲဖြစ်ဖြစ် မင်းကိုရော မှော်ခါးကိုရော ဆုံးရှုံးသွားပါစေ ငါ မမှုပါဘူး။

ငါသိတာတစ်ခုက မိုးကြိုးတောင်ကို အဆိပ်ဖြေဆေး လာယူသူဟာ ငါ့ရန်သူပဲ'

'ယား…'

စကားဆုံးသည်နှင့် လွှားခနဲခုန်၍ တိုက်ကွက်ဆင်လိုက်သည်။

'ဝိုး…'

'ဝှစ်…ဝှစ်…ဝှစ်'

ဝူစိက မိုးကြိုးအဆိပ်ပါသော သံမဏိစွန်ကုပ်လက်ကြီးက လေကိုခွင်း၍ ကြောက်မက်ဖွယ် ကောင်းလောက်အောင် တရကြမ်းတိုက် ခိုက်နေသည်။

ချူယီကိုက ရောက်လာပြီး တိုက်ခိုက်အသေခံသွားရန် ဆုံးဖြတ်လိုက်၏။

မှော်ခါးမကို ဆုပ်ကိုင်ရင်း ဝူစိ၏တိုက်ကွက်ကိုသတိထား ရှောင်ရှားနေရသည်။

ချူယီကိုက ပြိုင်စံမှူး ခါးကိုးချက်ကို တတ်မြောက်လာခဲ့သူဖြစ်၍ ဝူစိကို ရင်ဆိုင်ရန် မမှုပေ။

သို့ပေမယ့် ခက်သည်က ဝူစိမှာ ခါးသမားတစ်ယောက် မဟုတ်။

သူ၏ တိုက်ကွက်များက အရှိန်းဆန်လွန်းလှသည်။ ဆန်းပြားလွန်းလှသည်။



ထို့ကြောင့် ကိုယ့်ကိုယ်ကို ကာကွယ်နေခြင်းကြလွဲ၍ သူ့အား တုံ့ပြန် တိုက်ခိုက်ရန် ခဲယဉ်းလှပေစွ။

'ဝိုး…ဝိုး…ဝှစ်'

ဝူစိကတော့ ကျွမ်းအတတ်နှင့် မျက်စိရှုပ်ဖို့ ကောင်းလောက်အောင် လှည့်ပတ် တိုက်ခိုက်နေရင်း မှော်ခါးမကို သူ့လက်မှ လုယူရန် အပြစ်အထန် ကြိုးစားနေသည်။

'ဝှစ်…ရှပ်…ရှပ်'

ချူယီကို ရှောင်တိမ်းနေလို့ မဖြစ်တော့။

မိုးကြိုးလက်ဝူစိကို အသေခံတိုက်ပြီး မိုးကြိုးအဆိပ်ဖြေဆေးကို ရယူရန် ဆုံးဖြတ်ချက်ချလိုက်ပြီး မှော်ခါးကိုဆွဲထုတ်လျက် လေထဲတွင် ဝှေ့ယမ်း တိုက်ခိုက်လိုက်၏။

မှော်ခါး၏ အစွမ်းသတ္တိကြောင့် ဝန်းကျင်၌ ခါးရောင်များ ပြိုးပြက် ဝင်းလက်သွားလေတော့သည်။

လွင့်ပျံထွက်လာသည့် ရောင်စဉ်များတို့၏ စူးရှမှုကို ဝူစိတစ်ယောက် ဒဏ်မခံနိုင်လောက်အောင် ဖြစ်နေသည်။

ဝူစိမှာ မှော်ခါးနှင့် ပတ်သက်၍ နယ်စားထံမှ သိရှိထားပြီးဖြစ်၍ ထိုအတွေ့အကြုံမျိုးက သူ့အတွက်မဆန်းတော့။

မျက်နှာပေါ်၌ မျက်စိကျိန်းစပ်မှုကို သက်သာစေရန် ပါးလွှာသော အဝတ်နက်ကို စည်းနှောင် လိုက်ရင်း ဝိုးတဝါး ပေါ်လာသည့်အရိပ်ကို တိုက်ခိုက်နေသည်။

ချူယီကိုက အသာစီး တိုက်ခိုက်နေသောကြောင့် ဝူစိအတွက် အသက်လု ရှောင်တိမ်းရသော အလှည့်ရောက်နေသည်။

'ယား....'

'ထန်....ထန်....ဒလန်'

ကျောက်စိုင်ကျောက်သားနှင့် ထိမိသောကြောင့် လင်းလက် မီးပွင့်ထွက်လာခဲ့၏။

ပြင်းထန်သော ခေါက်ချက်ကြောင့် ကျောက်သားများပင် ပဲ့ထွက်ကုန်၏။

ငွစိမှာ ရှောင်တိမ်းရင်း မည်သို့တုံ့ပြန်ရမည်ကို ခေါင်းထဲ စဉ်းစားနေမိသည်။

မှော်ဓားတစ်ချောင်း ပိုင်ဆိုင်ရှိသောမှက ဓားကွက်များ သာလွန်နေသော ချူယာကိုအပေါ် သူ အံ့ဩ မဆုံးနိုင်အောင် ဖြစ်ရ၏။

သည်အတိုင်းဆို ဘယ်နည်းနှင့်မှ ချူယာကိုအား သူ နိုင်လိမ့်မည်ဟု မထင်ခဲ့။

မိုးကြိုးတောင်ခြေသို့ ရောက်လာရဲသည့်သတ္တိ။

ပြီးတော့ သူ အင်မတန်မှ လိုချင်လှသော အဆိပ် ဖြေဆေးအတွက် ချူယာကိုဟစ်ယောက်က အားမာန် အပြည့်နှင့် တုံ့ပြန်တိုက်ခိုက်နေဦးမှာဖြစ်၏။

တိုက်ပွဲက ကြာရှည်သွားလို့မဖြစ်၊ သူ့မအတွက် ထိခိုက်နစ်နာဖွယ်အထိ ဆိုးရွားလာစေနိုင်သည် မဟုတ်ပါလား။

မိုးကြိုးတောင်၌ လျှို့ဝှက်ကျောက်ဂူများရှိ၏။

ထိုကျောက်တုံးများက သဘာဝတရား၏ ပြုပြင်ပြောင်းလဲထားမှုကြောင့် ကျားပါးစပ်များလို ဖြစ်နေတတ်၏။



အရာဝတ္ထုမှန်သမျှ ထိုကျောက်ဂူကြားရောက်သည်နှင့် ရုတ်တရက် အညှပ်ခံလိုက်သလို ဝါးမျိုစားသောက်ပစ်လိုက်နိုင်သည်။

ထိုလျှို့ဝှက်ချက်ကို ငွစိက သိထားပြီး ဖြစ်သောကြောင့် ထိုနေရာသို့ မရောက်ရောက်အောင် ဖြားယောင်း ခေါ်ဆောင်လာခဲ့သည်။

'ဟိုင်း....'

'ဝှစ်....ဝှီး'

ဝှစ်....ဝှစ်....ဝှစ်'

ချူယာကို အန္တရာယ်ကို မမြင်မိ။

အသာတကြည် ရှောင်တိမ်းနိုင်အောင် အသာကွက်ကို ပေး၍ နောက်ဆုတ်နေသည့် ငွစိအား သဲကြီးမဲကြီး တိုက်ခိုက်နေသည်။

ငွစိကတော့ သူ၏အကြံအတိုင်း ကျောက်ဂူများရှိရာသို့ မရောက် ရောက်အောင် ခေါ်လာခဲ့၏။

ကျောက်ဂူများရှိရာ ကျောက်ဆောင်သို့ ရောက်ရန် ဖြည်းဖြည်းနှင့် နီးကပ်လာခဲ့လေပြီ၊

( ၆၃ )

'ထန်း....ထန်း....ထန်း'

ထောင်ချောက်တစ်ခုထဲ ကွက်တိဝင်လာစေရန် ကျောက်ဆောင်နား ကပ်နေသူ ဝူစိအား ပြင်းထန်စွာ တိုက်ခိုက်နေဆဲ။

ချူယိကို၏ ကံကြမ္မာက မတွေးဝံ့စရာ ဖြစ်နေရှာသည်။

အကယ်၍သာ ကျောက်ရှင်ကြား မှော်ဓား ဝင်သွားခဲ့လျှင် လုံးဝ ပျက်စီးသွားမှာ သေချာသည်။

ဝူစိက သူ့အကြံအစည် မကြာခင်အောင်မြင်တော့မှာမို့ ကျိတ်၍ ပျော်နေမိ၏။

ကျောက်ရှင်တုံးအနီးသို့ မရောက်မီ တစ်စုံတစ်ယောက်က သတိပေး နှိုးဆော်လိုက်သလို ချူယဲကို၏ ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်မိလျက်သား ဖြစ်သွားခဲ့၏။

'အို....သူ ငါ့အကြံကို သိများသွားပြီလား'

ဝူစိက ရုတ်တရက် အံ့အားသင့်သွားလျက် ချူယဲကို အား ငေးမော ကြည့်နေလိုက်မိသည်။

'ဘယ်လိုလဲ....မင်း ငါ့ကို အရှုံးပေးဖို့ ဆုံးဖြတ်ထားပြီ လား၊ ခုတ်လေ....ငါ့အသက် မသေသရွေ့ မင်း ငါ့ဆီက အဆိပ်ဖြေဆေးကို ဘယ်တော့မှ ရလိမ့်မယ် မထင်လေနဲ့'

မိုးကြိုးလက် ဝူစိက တစ်ဖက်ရန်သူ၏စိတ်ကို နှိုးဆွရင်း မခံချိမခံသာ ပြောဆိုလိုက်၏။

ချူယဲကိုက တိုက်ပွဲအတွေ့အကြုံ နည်းပါးသော်လည်း ဝူစိ၏ပြောဆိုချက်က သူ့အပေါ် ဘယ်လိုသဘောနှင့် ပြောဆိုနေမှန်း အနည်းငယ်တော့ ရိပ်စားမိလိုက်သည်။

ထို့ကြောင့်....

'ရှင့်ကို ကျွန်မ ကြေအက်တတ်ရင် မိုးကြိုးတောင်အထိ ရောက်လာဖို့ စိတ်မကူးဘူး'

ချူယဲကို ဝူစိကိုကြည့်ရင်း ဒေါသသွေးများ ဆူပွက်စ ပြုလာခဲ့လေပြီ။

ဝူစိက သူ့ဘဝ တစ်လျှောက်လုံးကို မိုးကြိုး အဆိပ် လက်နက်နှင့် ဒုက္ခပေးလာသည့် မဟာရန်သူပင်ဖြစ်၏။



သူ့ကြောင့် သူမကိုယ်တိုင် ဝေဒနာကို ပြင်းထန်စွာ ခံစားရပြီး သေမင်းခံတွင်းဝမှ ကံကောင်း ထောက်မစွာ လွတ်မြောက်ခဲ့ရသူ ဖြစ်၏။

အခုလည်း စီလင်ရှူတစ်ယောက် အဆိပ်သင့်သည့်ဝေဒနာ ကို ဘယ်လောက်ထိ ခံစားနေရရှာလေမလဲ။

မိုးကြိုးမျိုးဆက် တစ်ခုလုံးက လောကကိုအကျိုးမပြုနိုင် သည့် မကောင်းသော ရည်ရွယ်ချက်နှင့် သိုင်းလောကကို လွှမ်းမိုးထားနိုင်ဖို့ ကြိုးစားနေကြခြင်းသာ ဖြစ်သည်။

သူမကိုယ်တိုင် ဖခင်၏ အမွေအနှစ်တစ်ခုအဖြစ် အမြတ် တနိုး ပေးအပ်ခဲ့သော မှော်ဓားမကို စီလင်ရှူအတွက် စွန့် လွှတ်ရဲသော်လည်း ဝူစိကတော့ အဆိပ်ဖြေဆေးကို အသက် နှင့်ထပ်တူ တန်ဖိုးထား စောင့်ရှောက်နေမြဲ ဖြစ်သည်။

သူမသည် တိုက်ပွဲတွင်အနိုင်ရမှ အသက်ရှင် နေထိုင်ခွင့်ရ မည့် စီလင်ရှူအကြောင်း ခေါင်းထဲသို့ ရောက်လာလေတိုင်း စိုးကျဲအေးနိုင်သော အာဃာတ။

အလျှော့မပေးနိုင်သော မာနက နိုင်အောင်တိုက်ဖို့ကို ကြံ့ခိုင်စိတ် ရှိနေဆဲ။

## ( ၆၄ )

### ကယ်တင်ရှင်

ချူယံကိုက မမှော်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ရင်း ဝူစီအား ပိုင်းခုတ်ရန် ပြင်ဆင်လိုက်၏။

'ယား....'

ကျယ်လောင်စွာအော်ဟစ်ရင်း ဝူစီထံသို့ လွှားခနဲခုန်၍ တိုက်ခိုက်လိုက်၏။

'ဘုန်း....'

သို့သော် ဝူစီဆင်ထားသော ကျောက်ရှင်နှစ်လုံး အကြားသို့ ရောက်ရှိမသွားဘဲ တစ်စုံတစ်ယောက်က ပစ်လွှတ်လိုက်သလို လေထဲ၌ တစ်ကိုယ်လုံး လွင့်စဉ်လျက် လူနှင့်ဓား တခြားစီ ဖြစ်သွားခဲ့ရ၏။

မိုးကြိုးလက် ဝူစိ သူထင်သလို ဖြစ်မလှာသည့်အတွက် မျက်လုံးအဝိုင်းသား ဖြစ်သွားခဲ့ရရှာလေပြီ။

'ဟင်....ချင်းရှန်'

ချူယင်ကို၏ အသက်ကို ကျော်ချင် နှစ်လုံးအကြား ရောက်ရှိမသွားအောင် တွန်းဖယ်၍ ကာယ်တင်လိုက်သူမှာ ချင်းရှန်ဖြစ်ကြောင်း အံ့ဩစွာ တွေ့လိုက်ရလေတော့သည်။

'ဘယ်လိုလုပ်လိုက်တာလဲ ချင်း၊ သူဟာ ဝူစိရဲ့ရန်လူဆိုတာ မသိဘူးလား'

ချင်းရှန်အား မဆင်မခြင်ပြုမူလိုက်သည်ဟု ထင်မြင်ယူဆလိုက်သောကြောင့် ဝူစိက လက်သီး ခေါက်ခေါက်ထိုး၍ ရန်တွေ့လိုက်၏။

'သိသားပဲ၊ သူ့အသက်ကို မသေစေချင်လို့ အခုလိုလုပ်လိုက်တာလေ'

'ဘယ်လို.... ရန်သူမရဲ့အသက်ကို မသေစေချင်လို့ ဟုတ်လား၊ ရူးများနေပြီလား ချင်းရှန်ရယ်'

ဝူစိ၏မျက်လုံးများက နဂါးမျက်လုံးများလို မီးရောင်များ တောက်ပနေသည်။

ချင်းရှန်က ချူယင်ကို ကာယ်တင်လိုက်သည်တွဲ၊ သူ ကြားသော စကားက မမှားနိုင်၊ သူ့နားကိုသူမယုံကြည်နိုင်လောက်အောင် ဖြစ်ရသည်။

'ဟုတ်တယ် ဝူစိ၊ နင်နဲ့သူ နှစ်ယောက်သား ပြောနေကြတာ အားလုံး ငါကြားပြီးပြီ၊ သူပြောသလို အလဲ အလျှော်လုပ်ဖို့ သင့်ပါတယ်'



'ဘာကြောင့် ဒီလို ပြောလိုက်ရတာလဲချင်း၊ ရန်သူ့ဘက်က ရှေ့နေလိုက်ချင်တာလား'

'မဟုတ်သေးဘူးဝူ၊ ငါတို့သာ မှော်ဓားရမယ်ဆိုရင် ယောဇီ မိုးကြိုးတောင်မှာ တိတ်တိတ်ပုန်း လာနေကြဖို့မလိုတော့ဘူး၊ နယ်စားရဲ့အလိုကျ လုပ်ဆောင်ပေးနိုင်သမျှ ငါတို့နှစ်ယောက်စလုံးအတွက် တစ်သက်လုံး ပြည့်ပြည့်စုံစုံဖြစ်သွားရမှာပဲ မဟုတ်လား'

'အို....စိတ်ကူးယဉ်ပြီး ရူးမနေစမ်းပါနဲ့၊ အဆိပ်ဖြေဆေးကိုပေးဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး'

ချူယင်ကိုက နှစ်ယောက်သား အခြေအတင် ပြောဆိုနေသည့်ကြား၌ ကြောင်အမ်းအမ်း ငေးနေရင်း မှော်ဓားလိုကပျာကယာ ကောက်ယူလိုက်၏။

လျှပ်စစ်ပြက် လှုပ်ရှားလိုက်သည့် သူမ၏အပြုအမူကြောင့် နှစ်ယောက်စလုံးက အံ့အားသင့်သွားခဲ့၏။

ချူယင်ကို အနေနှင့် အဆိပ်ဖြေဆေးကို မပေးမချင်း မှော်ဓားကို သူတို့နှစ်ဦးလက်သို့ ထည့်ရန်စိတ်ကူးမရှိခဲ့။

'သူ့ကိုသတ်ပြီး မှော်ဓားကို ရယူလိုက်လဲ ဖြစ်တာပဲ'

ချူယင်ကို သူ့ဘက်သို့ ဦးလှည့်လာတော့မည့် အဖြစ်ကို ကြိုသိနေ၍....

'ကျွန်မအသက်ကို ထပ်မံအန္တရာယ်ပြုမယ်ဆိုရင် မှော်ဓားကို ဖျောက်ဖျက်ပစ်လိုက်ရုံပဲပေါ့'

မှော်ဓားကို တောင်ပေါ်မှ တကယ်ပဲ လွှင့်ပစ်တော့မည့် ဟန် ပြင်လိုက်၏။

'ဟေ့...မလုပ်နဲ့၊ မလုပ်နဲ့'

သံတင်းပုတ် ချင်းရှန်က မှော်ဓားကို တပ်မက်လွန်းအားကြီးနေ၍ ချူယဲကို စိတ်လိုက်မာန်ပါ လွှင့်ပစ်လိုက်မည်အထင်နှင့် ရှေ့မှကာဆီးလျက် ဟန့်တားနေလိုက်၏။

'ဒီမှော်ဓားအတွက် မင်းလိုချင်တဲ့ အဆိပ်ဖြေဆေးကို ရအောင် တောင်းပေးပါ့မယ်'

'ဪ...ရှင်က ရန်သူဘက်လိုက်ပြီး ကျွန်မကို သတ်စွာ ဖောက်ချင်နေပြီကိုး'

မင်းလောင်ချင်သလို ထင်နိုင်တယ်ဝူစီ၊ မင်းဆီက အဆိပ်ဖြေဆေးကို အသာတကြည် တောင်းယူလို့ မရရင်တော့ ရတဲ့နည်းနဲ့ အဓမ္မယူရလိမ့်မယ်'

သူတို့အချင်းချင်း ချက်ချင်းပင် ရန်သူပမာ ဖြစ်သွားရှာကြလေပြီ။

တစ်ဦးက မိုးကြိုးမျိုးဆက်၏ ဂုဏ်သိက္ခာအတွက် အဆိပ်ဖြေဆေးကို မပေးလိုသူဖြစ်ပြီး ကျန်တစ်ဦးက နယ်စားကျောက်ပိုင်ရန်အတွက် မှော်ဓားတစ်လက်ကို ရယူလိုသူ ဖြစ်သည်။

သူတို့နှစ်ဦး၏ ပဋိပက္ခမှာ မထင်မှတ်တဲ့ အပြင်းထန်ဆုံး တိုက်ပွဲတစ်ခု ဖြစ်လာခဲ့သည်။

'ဝှီး....ဝှစ်....ဝှစ်'

'ဟိုင်း....'



မကျေမခံ ဖြစ်နေရှာသူ မိုးကြိုးလက်ဝူစီက လွှားခနဲ ခုန်ဝင်လာပြီး မိုးကြိုးအဆိပ်လက်ဖြင့် ပူးသတ်ရန် ကြိုးစားစဉ် ချင်းရှန်တိမ်းရှောင် ခုန်ထွက်လိုက်သည်။

တစ်ချိန်က တစ်ဦးနှင့်တစ်ဦး မေတ္တာမျှခဲ့ကြသော ချစ်သူနှစ်ဦးမှာ အခုတော့ ရန်ငြိုးကြီးစွာ သတ်ဖြတ်နေကြရသည့် ရန်သူကြီးပမာ ဖြစ်ကုန်ကြလေပြီ။

ဝူစီ၏ တိုက်ကွက်မှန်သမျှကို ချင်းရှန်က သတိထား၍ ပင်ဆိုင်တိုက်ခိုက်မှုကို ရှောင်ဖို့ ခဲယဉ်းမှု မရှိလှပေ။

ဝူစီတစ်ယောက်ကတော့ ဒေါသစိတ် မပြေနိုင်သေး။ သဲကြီးမဲကြီးကို တုံ့ပြန်ခွင့် မရလောက်အောင် တိုက်ခိုက်နေသည်။

နာကြည်းမည်ဆိုလည်း နာကြည်းလောက်ပေသည်။

သံတင်းပုတ် ချင်းရှန်က သူ၏ မေတ္တာကို လိမ်လည်လှည့်ဖြားယူသွားခဲ့ရုံမျှမကဘဲသူ့လျှို့ဝှက်ချက်ကို ဖော်ထုတ်၍ မိုးကြိုးအဆိပ်ဖြေဆေးနှင့် မှော်ဓားကို အလဲအလှယ်ပြုရန်အတွက် အတိအလင်း သစ္စာဖောက်ခဲ့ပြီ မဟုတ်ပါလား။

ချူယဲကို ညည်သည့်ဘက်ကို ဝင်ကူညီတိုက်ခိုက်ရမှန်း မသိအောင် ဖြစ်နေမိသည်။

မှော်ဓားတစ်ချောင်းကိုအကာအကွယ်ယူရင်း နှစ်ဦးသားပြင်းထန်စွာ တိုက်ခိုက်သည့်ကြားမှ အနိုင်အရှုံးကို စောင့်ကြည့် နေမိသည်။

အကယ်၍သာ ထိုပွဲ၌ သံတင်းပုတ် ချင်းရှန်ကသာ အနိုင်ရခဲ့ပါလျှင် အဆိပ်ဖြေဆေးကို ရရှိနိုင်ဖို့သူ့ အတွက်မျှော်လင့်နိုင်စရာပင် ဖြစ်သည်။

'ဟိုင်း....'

'ဝှစ်....ဝှစ်....ဝှစ်'

ဝူစီတစ်ကိုယ်လုံး၌ ဘီလူးစီး ခံထားရသလို ချွေးများစိုရွှဲလာသည်အထိ ရေကူးဒရခန်းကို တိုက်ခိုက်လျက်ရှိ၏။

ချင်းရှန် အနီးကပ်ဖို့မလွယ်သေး၊ ပူတုံခွာတုံ တိုက်ခိုက်နေရသေးသည်။

'ဖြောင်း... အင့်'

အခွင့်ကောင်းစောင့်နေသူ ချင်းရှန်က နံကြားသို့ ပြင်းထန်စွာ ပစ်ကန်လိုက်သဖြင့် ဝူစီမရှုမလှ ခံစားသွားရ၏၊

နာကျင်စွာ ခံစားနေရသည့်ကြားမှ အင်အားကို တင်းခံရင်း အနီးကပ်ခွင့်မရအောင် စွန်ကုပ်လက်သည်းချွန်ကြီးများနှင့် ရန်စောင်ထားပြန်သည်။

'မင်းအသက်ကိုနှမြောရင် ငါ့အကြံကို လက်ခံဖို့ ဆုံးဖြတ်လိုက်စမ်းပါဝူရယ်၊ မင်းကို ငါမသတ်ချင်ဘူး၊ ငါ့ဆန္ဒကိုသာ လိုက်လျောရင် မင်းနဲ့ငါ လက်တွဲဖို့ အသင့်ပါပဲ'

'အို....ရှင့်ကိုမုန်းတယ်၊ ရှင့်ကို အသေသတ်ပစ်ချင်တယ်၊ ရှင်ဟာ သစ္စာမဲ့တဲ့ အလကားလူပဲ'

သံတင်ပုတ် ချင်းရှန်က တတွတ်တွတ် ဖျောင်းဖျပြောဆိုနေသလောက် ဝူစီတစ်ယောက်က ဆုံးဖြတ်ချက်ကို ပြင်ဆင်ဖို့ မစဉ်းစားဘဲ ဆက်လက်၍ ခေါင်းမာနေဆဲ။



ချူယံကို စဉ်းစားလိုက်မိသည်။ ဝူစီအား ချင်းရှန်ကနိုင်အောင် တိုက်ခိုက်မှုဖြစ်ပြီး တပ်မက်စိတ်နှင့် သူ့ထံမှ မှော်ဓားကို ကတိလုံးပေးတည်ဘဲ ဆက်လက်တိုက်ခိုက်ယူမည်ဆိုလျှင် သူ ဘယ်လို လုပ်မလဲ။

သံတင်းပုတ် ချင်းရှန်ကိုလည်း အကြွင်းမဲ့ ယုံကြည်ထားလို့ မဖြစ်နိုင်သေး။

'ဗွီး....'

သံတင်းပုတ် ချင်းရှန်က အတွင်းအားဖြင့် ခုန်ပျံတိုက်ခိုက်လိုက်သောကြောင့် ဝူစီတစ်ယောက် လွင့်မျောသွားခဲ့၏။

ရုတ်တရက် မီးကြိုးအဆိပ်လက်နှင့် ကုတ်ဆွဲရန် ကြိုးစားသော်လည်း မကုတ်မိ၊ လေထဲ၌သာ လှမ်းပုတ်လိုက်မိသလိုဖြစ်သွားခဲ့သည်။

သံတင်းပုတ် ချင်းရှန်၏ တိုက်ကွက်မှာ ပို၍အကွက်စေ့လာပြီး သက်ညှာသည့်သဘောနှင့် နာကျင်စေရုံမျှ ဖော့၍ တိုက်ခိုက်နေရမှ ပိုပြီး ပြင်းထန်လာသည်။

ဝူစီ မခံမရပ်နိုင်ရှာတော့။

တုန်လှုပ်ချောက်ချားနေလေဟန် ဖြစ်နေပါနေသည်။

'ဝုန်း....'

ခြေစုံကန်ချက်ဖြင့် ရင်ဝကို အပြင်းထန်ဆုံး တိုက်ခိုက်ပစ်လိုက်၏။

ဝူစီတစ်ကိုယ်လုံး လေထဲမြောက်တက်သွား၍ အနီးရှိ ကျောက်ဆောင်နှင့် အရှိန်ပြင်းစွာ ဆောင့်မိခဲ့လေပြီ။

သည့်တစ်ကြိမ်တော့ မရှုမလှ ခံစားလိုက်ရသဖြင့် တစ်ကိုယ်လုံး မဟန်နိုင်လောက်အောင် ဒယိမ်းဒယိုင် ဖြစ်နေသည်။

အတွင်းအား အပြင်းထန်ဆုံး အသုံးပြု၍ တိုက်ခိုက်ခံလိုက်ရသောကြောင့် ဝူစီ သွေးများ အန်ကျလာသည်။

သံထင်းပုတ် ချင်းရှန်၏ မျက်နှာပေါ်၌ သနားကြင်နာခြင်း အရိပ်အယောင်များကို လုံးဝမတွေ့ရ။

ဝူစီအား မည်သို့ ထပ်မံတိုက်ခိုက်ရမည်ကိုသာ ချောင်းငဲ့၍ အသင့်ပြင်ဆင်ထားလေဟန် ရှိ၏။

ဝူစီလည်း အသက်ပြင်းလှပေသည်။

ရှိသမျှအင်အား ခြစ်ခြုတ်၍ တစ်ချက်ဆို ဆိုသလောက် ထိရောက်ပိုင်နိုင်စွာ ကျားနာတစ်ကောင်လို မာန်မျိုးနှင့် ရှေ့သို့ တိုးလာခဲ့၏။

'ယား....

ဝိုး....ဖြောင်း....အင့်'

'ခွပ်....အား'

မြင်လိုက်ရသည့် အဖြစ်က လွန်စွာ ကြောက်မက်ဖွယ် ကောင်းလှပေသည်။

တစ်ဦးနှင့်တစ်ဦး လေထဲ ခုန်ပျံ၍ တိုက်ခိုက်စဉ် ဝူစီ၏ တိုက်ကွက်အား ချင်းရှန်က လျှပ်တစ်ပြက် ချောင်တိမ်းပေးလိုက်ရင်း ခြေထောင်းနှင့် ပစ်ကန်လိုက်၏။

သူ့ကန်ချက်က ကျောက်ရှင်များဘက်သို့ တွန်းပို့လိုက်သကဲ့သို့ ဖြစ်သွားခဲ့ပြီး ဝူစီတစ်ယောက် မိုးကြိုးတောင်၏



လျှို့ဝှက်တောင်ချောက် ကျောက်ရှင်နှစ်လုံးကြားသို့ ခေါင်းညှပ်လျက် ဝါးမျိုလိုက်ခြင်းကို ခံရရှာလေပြီ။

မိုးကြိုးလက် ဝူစီတစ်ယောက် မိုက်ဇာတ် သိမ်းခဲ့ရှာပြီ။

'မင်းလိုချင်တဲ့ မိုးကြိုးအဆိပ်ဖြေဆေးကိုရရင် ကတိအတိုင်း မှော်ဓားကို ငါ ပေးမယ်နော်'

သံဘင်းပုတ် ချင်းရှန်က သူမကို စိုက်ကြည့်ရင်း သူ၏ လိုအပ်ချက်ကို ထပ်မံ၍ ပြောဆိုလိုက်၏။

'ကျွန်မ စကားကုန် ပြောပြီးပြီပဲ'

ချူယဲကိုက ဆိုင်းငံ့မနေဘဲ ပြတ်သားစွာ အဖြေပေးလိုက်သည်။

ချင်းရှန်က သူမအပေါ် စိတ်ချယုံကြည်မှု အပြည့်အဝ ရှိသွားခဲ့လေပြီ။

'ကောင်းပြီ....ဒါဆို ဒီနေရာမှာ မင်း ခဏလေးစောင့်နေ'

ချင်းရှန်က အဆိပ်ဖြေဆေးရှိရာသို့ လှစ်ခနဲ ထွက်ခွာသွားခဲ့၏။

ချူယဲကို ထိုနေရာ၌ မှော်ဓားကို ဆုပ်ကိုင်ရင်း တစ်ယောက်တည်း ကျန်ရစ်ခဲ့ရရှာ၏။

မောစောပိုင်းက တိုက်ခိုက်သံများနှင့် ဆူညံနေသည့် ဝန်းကျင်မှာ ချက်ချင်းပင် တိတ်ဆိတ် ငြိမ်သက်သွားလေတော့သည်။

သေဆုံးနေသော ဝူစီ၏အလောင်းကို ကြည့်ရင်း စိတ်တွေ ချောက်ချားနေသည်။

သူ့ကို ချင်းရှုန် အဆိပ်ဖြေဆေး အလွယ်တကူ ပေးပါ မလားဟူသော သံသယစိတ်က ဖိစီးထားခဲ့လေသည်။

ချူယီကို စီလင်ရှုအတွက် အဆိပ်ဖြေဆေး ရတော့မည်မို့ ဝမ်းသာလိုက်လှဲစွာ ဖြစ်မိသော်လည်း တစ်ဖက်မှ သူ၏ ဖခင်ပေးအပ်ခဲ့သော မှော်ဓားကို တစ်ပါးသူလက်ထဲသို့ အပ်နှံရတော့မည်မို့ ရင်ထဲမချိနိုင်ခဲ့။

သို့ပေမယ့် ထိုအချိန်၌ စီလင်ရှု အသက်ရှင်နေထိုင်ရေးက အရေးကြီးဆုံး ဖြစ်နေပြန်သည်။

ထို့ကြောင့် ဆုံးဖြတ်ချက်အတိုင်း ချင်းရှုန်ထံမှ အဆိပ်ဖြေဆေး သာရခဲ့ပါလျှင် မှော်ဓားကို ပေးအပ်ရန် အသင့်ရှိနေ၏။

* * *

ချင်းရှုန် ပြသပေးသော ဆေးပုလင်းကို အဆိပ်ဖြေဆေး ဟုတ်မဟုတ် နမ်းကြည့်လိုက်၏။

မိုးကြိုးပန်းဝတ်ဆံနံ့က သင်းခနဲ ထွက်လာခဲ့သလို ဆေးရည်ပေါ်တွင် အက်တံရောင်အဆီများ ဝေ့နေသည်။



'မင်းကို ငါ လိမ်လည်ပေးမယ်ဆိုရင် မိုးကြိုးလက်ဝှစီကို သတ်ဖြတ်နေစရာ အကြောင်းမရှိဘူး'

သံတင်းပုတ် ချင်းရှုန်က သူ့အား ယုံကြည်မှု ရှိစေရန် ပြောဆိုလိုက်၏။

သူမက မိုးကြိုးအဆိပ်ဖြေဆေးကို ရရှိသဖြင့် ဝမ်းသာစလုံး ဆို့နေသည်။

မှော်ဓားကို သူမ တကယ်ပဲ စွန့်လွှတ်ရမည်ဆိုသော အသိကြောင့် တွေဝေနေမိသည်။

'ကဲ.... အချိန်သိပ်မရှိတော့ဘူး၊ မင်းကဲ့တိ အတိုင်းသာ မှော်ဓားကို ငါ့လက် အပ်လိုက်ပေတော့၊ မင်းအတွက် မိုးကြိုးတောင်ကနေ အန္တရာယ်ကင်းရှင်းတဲ့ နေရာအထိ ငါ လိုက်ပို့ပေးပါ့မယ်'

'ကိစ္စမရှိပါဘူး ရှင့်ဆန္ဒပြည့်ဝသွားပြီမို့ ရှင်နဲ့ ကျွန်မ အပေးအယူကိစ္စ ရှင်းသွားပြီပဲ၊ ရှင့်လမ်း ရှင်သွားပေါ့'

'ဩော်....မင်းက ငါ့ကို အခုထိ မယုံသေးဘဲကိုး၊ ငါ့သက်ထဲ မှော်ဓားရောက်တာနဲ့ မင်းမျက်စိအောက်မှာ ငါ့ကိုမတွေ့စေရဘူး၊ စိတ်သာချ'

ချူယီကိုက စိတ်ချယုံကြည်စွာနှင့် သံတင်းပုတ်ချင်းရှုန်၏ လက်ထဲသို့ မှော်ဓားကို ပေးအပ်လိုက်လေသည်။

'ကဲ....ရော့'

သံတင်းပုတ် ချင်းရှုန်က မှော်ဓားကို ထူးဆန်း အံ့ဖွယ် မျက်လုံးရွှဲကြီးများနှင့် အရှူး တစ်ယောက်လို လှည့်ပတ်

ကြည့်ရှုရင်း သူ့စကားအတိုင်း မျက်စိအောက်မှ မြင်းတစ်စီး ပြင့် လှစ်ခနဲ ပျောက်ကွယ်သွားလေသည်။

ချူယာ ကိုတစ်ယောက် မိုးကြိုး အဆိပ်ပြေဆေးပုလင်းကို ကိုင်၍ စိတ်ကူးနှင့် တစ်ယောက်တည်း ရပ်နေမိသည်။

မှော်ဓား မရှိတော့သည့်အတွက် သူမ၌ အန္တရာယ် မရှိနိုင်။

စီလင်၌ အသက်ရှင်ခွင့်ရသည့်အတွက် ဝမ်းသာ ဂုဏ်ယူ မဆုံးနိုင်အောင် ဖြစ်ရလေသည်။

( ၆၅ )

မှော်ဓား နှစ်ပါးစုံပြီ။

သံတင်းပုတ်ချင်းရှန်တစ်ယောက် အဆောင်ခတော်အတွင်း၌ နယ်စား ကျောက်ပိယန်ကို စောင့်မျှော်နေရှာသည်။

မှော်ဓားမကို မမျှော်လင့်ဘဲ ရှာဖွေ ရရှိခဲ့ကြောင်းကို နယ်စားသာသိခဲ့လျှင် မည်မျှ ဝမ်းသာလိုက်မည်နည်း။

သူ့အတွက်တော့ သစ္စာအရှိဆုံး အနီးတော်ဆုံး အသိတတ်ဆုံး လက်ရုံးတပည့်တစ်ယောက်အဖြစ် ရာထူး တစ်ခုခုတော့ ချီးမြှင့် မြှောက်စားခံရမှာ သေချာနေပြီ။

သူ့ဘာမှာ ဘာကိုမှ တွယ်တာမှုမရှိနိုင်။

ထို့ကြောင့် မိုးကြိုးလက် ဝူစိ သေဆုံးသွားသည့်ကိစ္စနှင့် ပတ်သက်၍ ဘယ်လိုမှ မခံစားရခဲ့။

ချင်းရှန်က အတ္တသမားသက်သက်ဖြစ်၏။

သူ့ဘဝ၌ နယ်စားမင်းကသာ ဆက်ရှိုးတစ်ယောက်အနေနှင့် အရာရာမြှောက်စားခဲ့ပါလျှင် အားလုံး အလိုကျဖြစ်စေရမည်ဟူသော တပည့်သာဖြစ်၏။

'ဘယ်လို အကြောင်းထူးလို့လဲ ချင်းရှန်'

'မကြာခင် နန်းကင်းနယ်မှာပြုလုပ်မယ့်ပြိုင်ပွဲမှာ နယ်စားမင်းကို ပြိုင်ဘက်မရှိနိုင်အောင် ကျွန်တော်ကိုယ်တိုင် စီစဉ်လာခဲ့လို့ပါ'

'ဟော...'

နယ်စားက ချင်းရှန်၏စကားကြောင့် အံ့အားသင့်သွားသည်။

'ဒီပွဲမှာ ငါ့ဘက်က အနိုင်ရဖို့ ကျိန်းသေပြီးသားပဲ၊ ဘာကြောင့် မင်း ငါ့ကို ဒီလိုစကားမျိုး ပြောရတာလဲ ချင်းရှန်'

နယ်စားကျောက်ပီယန်က ချင်းရှန် တစ်စုံတစ်ခုကို အလိုရှိနေ၍ သူ့ကို မြှောက်ပင့် ပြောဆိုနေသည်ဟု ထင်နေသဖြင့် စိုက်ကြည့်ရင်း ပြန်မေးလိုက်၏။

နယ်စား၏အကြည့်ကို ချင်းရှန်က သိပေမယ့် ဘယ်လိုမှ တုန်လှုပ်မှုမရှိခဲ့။

မကြာခင် ကျောက်ပီယန်ထံမှ ချီးမွမ်းသံကို သူ ကြားရတော့မည်ဟု သိရှိပြီးသားဖြစ်၏။

ထို့ကြောင့်....



'ကျွန်တော့်စကားဟာ နယ်စားမင်းကို စော်ကားသလို ပြောဆိုတာ မဟုတ်ပါဘူး၊ နယ်စားလိုချင်တဲ့ မှော်ဓားကို ကျွန်တော် ရခဲ့လို့ ဝမ်းသာရအောင် လာပေးတာပါ'

'ဟော...ဟုတ်လား၊ အဲဒီဓား အခု ဘယ်မလဲ'

ချင်းရှန်က ကတ္တီပါအိတ်နှင့် ထုတ်ယူလာခဲ့သည့် မှော်ဓားမကို နယ်စား၏လက်ထဲသို့ အပ်နှံလိုက်လေသည်။

နယ်စားက မှော်ဓားမကိုထုတ်ကြည့်ရင်း ပီတိဖြစ်နေမိသည်။

'ဒီဓားကို မင်း ဘယ်လိုရခဲ့တာလဲ ချင်းရှန်'

'ဇီဂျင်ဟိုးရဲ့သမီးကို အပြတ်ရှင်းပြီး ယူလာခဲ့တာပါ နယ်စားမင်း'

ချင်းရှန်က မုသားပြောဆိုလိုက်၏။

ထိုနေရာ၌ သူ့ဘက်မှ အမှန်အတိုင်းသာ ပြောမိပါလျှင် ပြဿနာက ဆုံးမည်မဟုတ်မှန်း သိရှိထားပြီးဖြစ်သည်။

နယ်စားအနေနှင့်လည်း မျက်စိ ရှေ့မှောက်၌ မှော်ဓား မြင်တွေ့နေရပြီမို့ ချင်းရှန်ပြောသည့်အတိုင်း ယုံစားလိမ့်မည်ဟု ကျိန်းသေတွက်ထားပြီးဖြစ်၏။

'မင်း သိပ်တော်တယ်ချင်းရှန်၊ မှော်ဓားအတွက် ငါ မိုးကြိုးလက်ဝူစီကို ခြေရာခံလိုက်ခိုင်းနေတာ ကြာလှပြီ'

'အခုထိ သတင်းအစအန စုံစမ်းခိုင်းလိုက်တာ ပေါ်မလာခဲ့ဘူးလေ'

မိုးကြိုးလက် ဝူစီဆိုသော အသံကြောင့် ချင်းရှန် တစ်ယောက် မလုံမလဲဖြစ်သွားခဲ့သည်။

အမူအရာပျက်မသွားအောင် သတိထားလိုက်ရင်း....

'နယ်စား ရွှေမျက်ကို မှော်ဓား ရောက်လာအောင် ကျွန်တော် ယူလာခဲ့ပြီးပြီပဲ၊ ဝူစိအကြောင်း ပြောခန့်ဖို့မလို တော့ပါဘူးလေ'

ချင်းရှန်က ဝူစိနှင့်ပတ်သက်၍ နယ်စားမင်းထံမှ နောက်ထပ် မကြားရလေအောင် အလိမ္မာဖြင့် လှည့်ပတ် ပြောဆိုလိုက်လေသည်။

နယ်စားကျောက်ပိယန်က မှော်ဓားမကို ကျေနပ်စွာ ကြည့်ရှုနေရှာသည်။

မှော်ဓားဖိုနှင့် မှော်ဓားမ။

နှစ်ပေါင်း စုံ ထက်မြက်သော အစွမ်းရှိသည့် ဓားနှစ်ချောင်း၊

လောကကြီးကို အကျိုးပြုနိုင်ဖို့ ရည်ရွယ်၍ ပန်းပဲ ဆရာကြီး ဇင်ဂျင်ဟိုအား သစ္စာတိုင်သည် သွန်းလုပ်ဖန်တီးခဲ့ပေမယ့် သူသေဆုံးသွားသည့်နောက် ထိုဓားနှစ်ချောင်းနှင့် ပတ်သက်သူမှန်သမျှအား ကျိန်စာသင့် ခံသွားရသလို ဒုက္ခအပေါင်းနှင့် ကြုံခဲ့ရရှာလေပြီ။

မှော်ဓားကပဲ စွမ်းရည်မထက်မြက်လို့လား။

ဖန်တီးသူ၏ သစ္စာကပဲ စူးရောက်မှုမရှိနိုင်လို့လား၊

မှော်ဓားကို လိုချင်တပ်မက်သူများနှင့် မထိုက်တန်လို့လား။ အကြောင်းတစ်ခုခုတော့ ရှိနေမှာ သေချာနေသည်၊

နယ်စားကျောက်ပိယန်က မှော်ဓားဖိုနှင့် မှော်ဓားမကို ကြည့်ရင်း မကြာခင် နန်ကင်းနယ်၌ ကျင်းပမည့် ပြိုင်ပွဲအတွက် စိတ်ကူးနှင့် ရှုးနေမိသည်။



သိုင်းပညာနှင့် ပတ်သက်၍ အဆင့်မြင့်တတ်ကျွမ်းခဲ့သူ မဟုတ်သော်လည်း ထူးဆန်းသော မှော်ဓားနှစ်ချောင်းဖြင့် သိုင်းလောကကြီးတစ်ခုလုံး တုန်လှုပ်သွားစေရမည်ဟု သူထင်သည်။

ထိုဓားနှစ်ချောင်းကို တုပဖန်တီးနိုင်သည့်လူ မရှိ။

ထို့ကြောင့် မှော်ဓားဘုရင်ဆိုသော ဘွဲ့ထူးဖြင့် အားလုံးအပေါ် ဩဇာအာဏာအပြည့်ဝဆုံးလူမှာ သူကလွဲရင် တခြားမည်သူမျှ မရှိနိုင်တော့ပါချေ။

အဆိပ်ဖြေဆေးအတွက် အသက်မီရဲ့လေး

ငွေကြိုးကြာဝမ်လန်းစံဟ စီလင်ရှအား စိုက်ကြည့်ရင်းရင်ထဲ ဆို့နင့်ကြေကွဲစွာ ခံစားနေရသည်။

စီလင်ရှ၏ ဝေဒနာက တစ်နေ့တခြား ဆိုးရွားနှံလာသည်။

ပြင်းထန်လှသော အဆိပ်ကြောင့် တစ်ချက် တစ်ချက် အလူးအလဲ ခံစားရပြီး အပြင်းဖျားတတ်၏။

အသားအရေများပေါ်၌ မြွေခွံးကွက်လိုပေါ်လာတတ်ပြီး အစာအာဟာရကို မကြာခဏ ပျို့အန်တတ်လေသည်။

အစာအာဟာရချို့တဲ့မှုကြောင့် စီလင်ရှ၏ မျက်နှာလေးမှာ ပိန်ချုံးကျဆင်းလာသည်။

နှုတ်ခမ်းများကလည်း ပူနွေးလာခင်လွန်းသည့် ဝေဒနာကြောင့် အက်ကွဲစပြုလာသည်။

ဝမ်လန်းစံ အနားမှ ပြုစုပေးနေသော်လည်း ချူယီကိုလို သွေးဆိုးများကို တရုတ်အပ်စိုက်နည်းဖြင့် ဖောက်ထုတ်ကုသပေးနေပေမယ့် သက်သာပုံမရ။

မိုးကြိုးတောင်သို့ ချူယီကို ထွက်ခွာသွားသည်မှာ ဆယ်ရက်ရှိပြီ။

သို့ပေမယ့် ယခုအိုင် ပြန်လည်ရောက်ရှိမလာသေး။

မိုးကြိုးလက် ဝူစီ၏လက်ချက်နှင့် ချူယီကိုတစ်ယောက် သေဆုံးသွားပြီလား။

ဘယ်အတွက်ကြောင့် ထိုခရီးက ကြန့်ကြာနေသနည်း။ နှစ်ယောက်စလုံးအတွက် ကြားမှ ခံစားနေရရှာ၏။

စီလင်ရှုကလည်း သတိရလာတိုင်း သူ့အကြောင်းကိုပဲ ခဏခဏ မေးနေပြန်သည်။

ထိုသို့ မေးသည့်အခါတိုင်း ဝမ် စိတ်မကောင်း ဖြစ်ရသည်။

ဘယ်လိုဖြေရမှန်းကို မသိတော့။

ဖြစ်နိုင်လျှင် ချူယီကိုနောက်သာ လိုက်သွားချင်တော့သည်။

သို့ပေမယ့် စီလင်ရှု၏အနားတွင် သူ မရှိလို့ လုံးဝမဖြစ်သေး။

အဖျားရှိန်တက်၍ သတိတစ်ချက် တစ်ချက် လစ်တတ်သော စီလင်ရှု၏ နှုတ်ခမ်းလေးပေါ်သို့ ရေစက်ကလေးများ ချပေးနေမိသည်။



အဆိပ်က ခန္ဓာကိုယ်သို့ ပျံ့နှံ့ကပြုနေရှာလေပြီ။

ထိုအချိန်မျိုး၌ သူ သတိမေ့မြောလွင့်နေလို့ မဖြစ်နိုင်သေး။

အခြေအနေက သေမင်းနှင့် အားပြိုင်လွန်ဆွဲနေရသလို ဖြစ်နေမိသည်။

'ဝမ်ရေ....ဝမ်'

'ဟင်....ဒါ ချူယီရဲ့အသံပါလား'

ချူယီကို၏ အသံကို မျှော်နေဆဲ ကြားလိုက်ရသဖြင့် အရမ်းကို ဝမ်းသာသွားခဲ့၏။

ထို့ကြောင့် ဝမ် အခန်းအပြင်သို့ ကမန်းကတန်း ထွက်လာခဲ့သည်။

'ချူယီ....နင်....နင်....ဘာမှမဖြစ်ဘူးနော်'

အဆိပ်ဖြေဆေး ပုလင်းလေးကိုင်၍ ပြေးဝင်လာသူ ချူအား ဝမ်က အံ့ဩသင့်စွာ မေးယူလိုက်၏။

'အို....ဘာမှ မဖြစ်ပါဘူး ဝမ်ရဲ၊ ဒါနဲ့ သူ....သူရော ဘယ်မလဲ'

ဝမ်၏ မျက်နှာလေးမှာ ဝမ်းသာရွှင်ပျနေရာမှ ချက်ချင်း ညှိုးကျသွားရှာ၏။

ပြီးမှ ....

'ရှိတယ် ချူ၊ သူ အခန်းထဲမှာ နင်အလာကို စောင့်မျှော်နေရှာတယ်'

ရင်ထဲ ထိတ်ခနဲဖြစ်လျက် အခန်းဝသို့ စွတ်ခနဲအဝင်....

'ဟင်'

မမျှော်လင့်ဘဲ မကြာမီ သေခါးတော့မည့် လူမမာ တစ်ယောက်လို မျက်တွင်းဟောက်ပက်နှင့် ပိန်ချုံးညှိုးနွမ်း၍ အသားအရေများပင် သွေးဆုတ်ဖြူရော်၍ပြုနေသည့် စီလင်ရှ အား တွေ့လိုက်ရ၍ ရင်ထဲ အမှာဆို့သလိုလို ကြောင်အမ်း အမ်းလေး ဖြစ်သွားလိုက်မိသည်။

'ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်'

'ကဲ....အချိန်သိပ်မရှိဘူး ချူ၊ နင့်လက်ထဲက အဆိပ်ဖြေ ဆေးပုလင်းလေး ငါ့ကိုပေး'

ဝမ်တ သတိပေးလိုက်မှ ချူ တခန်းကတန်းနှင့် မိုးကြိုး အဆိပ်ဖြေဆေးပုလင်းကို သူမလက်သို့ ကမ်းပေးလိုက်၏။

( ၆၇ )

နှင်းကင်းနဲ့ နှင်းမော၊

စီလင်ရှ ကံကောင်းထောက်မ၍ အသက်မသေခဲ့။

သူ၏အသက်အား ချူယီကိုက ကယ်တင်နိုင်ခဲ့လေပြီ။ မိုးကြိုးအဆိပ်တို့ပြယ်လျက် လူကောင်းတစ်ဦးပမာ ဖြစ်လာ ခဲ့ရလေသည်။

ဝေဒနာ ခံစားနေရစဉ် ရက်များအတွင်း အစာအာဟာရ ချို့တဲ့မှုကြောင့် အင်အားများ ကုန်ခန်းနေသည်ကို ပြန်လည် ဖြည့်တင်းနေရရှာလေသည်။

မည်သို့ဆိုစေ သူ၏ အသက်ဘခင် ကျေးဇူးရှင်မလေး ချူ ယီကိုနှင့် သူ့အား ပြုစုစောင့်ရှောက်ပေးခဲ့သည့် ဝမ်အပေါ် အထူးပင် ချစ်ခင်တွယ်တာမိလာလေတော့သည်။

'ချူ့ရဲ့ မိုးကြိုးတောင် စွန့်စားခန်းဟာ အစ်ကို့ဘဝ တစ်သက်လုံးအတွက် မမေ့နိုင်စရာတစ်ခုပါပဲ'

'ဒါတွေ ပြောမနေပါနဲ့ အစ်ကိုရယ်'

မကြာခဏ သတိရတိုင်း သူ့အပေါ် ကယ်တင်ခဲ့သည့် ကျေးဇူးကို ထုတ်ဖော် ပြောကြားတတ်လွန်း၍ ချူက မနေတတ်အောင် ဖြစ်ရပြန်သည်။

'ချူ့ရဲ့ဖေဖေအပေါ် ဒါဆို တာဝန်ကျေသလို ဖြစ်နေမှာပေါ့နော်'

မှော်ဓားမ အဆုံးအရှုံး ခံလိုက်ရခြင်းကို စီလင်ရှုက ရှုထောင့်တစ်နေရာမှ ထောက်ပြ ပြောဆိုလိုက်၏။

'ဘယ် ထတ်နိုင်ပါ့မလဲ အစ်ကိုရယ်၊ ဒီလို ဖြစ်လာဖို့ အကြောင်းတစ်ခုက ဖန်လာခဲ့တာကိုး'

'အစ်ကို့ အတွက်ကြောင့် မသမာသူတစ်ဦးရဲ့ လက်ကို စတောင်တဆ ရောက်ရှိသွားရတဲ့ မှော်ဓားကို အစ်ကိုကိုယ်တိုင် ပြန်ယူပေးပါစေလား ချူရယ်'

ချူ စိတ်မကောင်း ဖြစ်သွားမိသည်။

ဖြစ်နိုင်လျှင် အတိတ်ကို မေ့ပစ်လိုက်ချင်သည်။

သည်ဓားအတွက် စီလင်ရှုအား ထပ်မံ၍ ဒုက္ခပေးရာ မရောက်စေချင်တော့။

ထို့ကြောင့်....

'ဖြစ်နိုင်မယ် မထင်ပါဘူး အစ်ကို၊ ဒီကိစ္စနဲ့ပတ်သက်လို့ စိတ်မကောင်းဖြစ်စရာတွေ ပြောမနေနဲ့တော့၊ အစ်ကိုသာ ကျန်းမာအောင်နေပါ'



'အို.... ဘယ်ဟုတ်ပါ့မလဲ ချူရယ်၊ အစ်ကိုကြောင့် ချူ့ရဲ့ အကြီးမားဆုံး ရည်ရွယ်ချက်ကို ပျက်စီးသွားခဲ့ရပြီပဲ၊ ဒါကို မေ့ထားလို့ ဖြစ်နိုင်ပါ့မလား'

'အစ်ကို့ စိတ်ချမ်းသာရေးအတွက် ချူ့ဘက်က ဘယ်လိုပဲ ဖြေသိမ့်နေပေမယ့် အမှန်တရားဆိုတာက ရှိနေသေးတယ် မဟုတ်လား၊ နယ်စား ကျောက်ပိယ ရဲ့ လက်ထဲကို မှော်ဓား နှစ်လက်ရောက်ရှိသွားတာဟာ သိုင်းလောကတစ်ခုလုံးအတွက် အကြီးမားဆုံး အန္တရာယ်တစ်ခုပဲ ချူ'

ဒါကြောင့် အစ်ကိုဟာ သိုင်းလောကကို ချစ်ရာမရောက်ဘဲ မသိစိတ်နဲ့ ဥပေက္ခာပြုရင်း သစ္စာဖောက်သလို ဖြစ်နေမှာ အကြောက်ဆုံးပါပဲ'

စီလင်ရှုက သူ့ဘက်က ထင်မြင်ယူဆချက် အားလုံးကို ချူယီကို လက်ခံလာစေအောင် စိတ်ရှည်လက်ရှည်နှင့် တစ်ခုချင်း ရှင်းပြနေသည်။

'နန်ကင်းနယ်မှာ ကျင်းပမယ့်ပြိုင်ပွဲကို အစ်ကို ဝင်ပြီးယှဉ်ပြိုင်နိုင်အောင် ကြိုးစားရင်း မှော်ဓားနှစ်ချောင်းကို နယ်စားထံက ရအောင်ပြန်ယူပေးပါရစေ ချူရယ်'

ရှင်'

ချူ မယုံကြည်နိုင်အောင် ဖြစ်သွားမိသည်။

ပြီးတော့ စီလင်ရှုအနေနှင့် မှော်ဓားနှစ်လက်ကို ပြန်ယူရ ပေးနိုင်ဖို့ကိစ္စမှာ စိတ်ကူးယဉ်တစ်ခုမျှသာ ဖြစ်လိမ့်မည်ဟု ယူဆလိုက်မိ၏။

'အစ်ကို....မှော်ဓားရဲ့အစွမ်းကို သိပြီးပါပြီနော်'

'အင်းလေ'

ဒါဆို အစ်ကို့ရဲ့စကားကို ရုပ်သိမ်းလိုက်ဖို့ သင့်တာပေါ့' ချူကမပြောချင်ပေမယ့် စိုးရိမ်လွန်းသဖြင့် ထားမြစ်သော သဘောနှင့် စကားဦးသန်း ပြောဆိုလိုက်မိလေည်း။

စီထောင်ရှုက ချူ၏စကားကို ကြားပေမယ့် တုန်လှုပ် နောက်ဆုတ်မည့် အနေအထားမရှိ။

ခေါင်းကိုခါယမ်းလိုက်ရင်း....

'ချူ သိပ်ကို မှားယွင်းနေပြီ'

'ဘယ်လို'

'မှော်ဓား နှစ်လက်စလုံးဟာ ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ အစ်ကို ချူ ပြောပြလို့ အံ့ဩမဆုံးနိုင်အောင် သိခဲ့ပြီးပါပြီလေ။

'ဒါပေမယ့် ဖန်တီးခဲ့တဲ့ သူတစ်ဦးရဲ့ မနောထဲမှာရှိတဲ့ စိတ်စွမ်းအင်ကြောင့် မှော်ဓားဟာ တန်ခိုးရှိလာခဲ့ပေမယ့် သိုင်းလောကကြီးကို ဓိဓားနှစ်လက် ရရုံလောက်နဲ့ ပလွှားနိုင်မှာ မဟုတ်ပါဘူး။

'လောကဓမ္မတာအရ အကောင်းနဲ့အဆိုး ဒွန်တွဲ ပေါ်ပေါက်နေစမြဲပါလေ၊ အစ်ကို့ဆီမှာ နှင်းတောင်ဘွားဘွား ဝ ကိုယ်တိုင် ပေးအပ်ခဲ့တဲ့ နှင်းဓားရှိနေတယ်လေ၊ အဲ့ဓိဓားတွေကို ဖျက်ဆီးပစ်လိုက်နိုင်တာပဲ'

'ဘယ်လို....နှင်းဓား၊ ဟုတ်လား အစ်ကို'

## ( ၆၈ )

### ဓားကိုးချက် အမွေဆက်

နှင်းဓား....။

သည်ဓားကို နှင်းတောင်ဘွားဘွား ဝ က မျိုးဆက်တစ်ခု၏ အမွေအနှစ်အဖြစ် ထိန်းသိမ်းခဲ့တာ ကြာခဲ့ပြီ ဖြစ်၏။

ပညာရှင်များက ဓားကျမ်းအမျိုးမျိုးကိုကြည့်ရင်း သိုင်းလောကကြီးကို ထူးဆန်းသော လက်နက်အမျိုးမျိုးနှင့် စိုးမိုးရန် ကြံစည်နေချိန်တွင် နှင်းတောင်မျိုးဆက်၌ နောင်အခါ ပေါ်ပေါက်နိုင်ရန်အတွက် နှင်းဓားတစ်လက်ကို တီထွင်ခဲ့သည်။

နှင်းဓားမှာ မှော်ဓားများနှင့် ဆန့်ကျင်ဘက်သဘာဝဖြင့် တီထွင်ဖန်ဆင်းခဲ့သည့် ထူးဆန်းသော ဓားတစ်လက်ပင် ဖြစ်၏။

မှော်ခါးများကို စွမ်းရည်ယုတ်လျော့စေပြီး ဖျက်ဆီးပစ်လိုက်နိုင်သည်။

ထို့ကြောင့် နှင်းဘောဘွားဘွား ဝင်ကိုယ်တိုင် ယုံကြည်စိတ်ချရသော စီလင်ရှအား သစ္စာပြု ပေးအပ်ထားခဲ့ခြင်းသာ ဖြစ်၏။

ချူယီကိုက နှင်းခါးကို ထူးဆန်းအံ့သြသည့် မျက်လုံးများနှင့် စိတ်ဝင်တစား ကြည့်ရှုနေမိသည်။

နှင်းခါး၏ အစွမ်းသတ္တိကို စီလင်ရှက ပြောပြထားသဖြင့် သူမ ယုံကြည်နေမိသည်။

နှင်းခါးက နယ်စားကျောက်ပိယာန်ထံမှ မှော်ခါးဖိုနှင့် မှော်ခါးမအား ဖျက်စီးပစ်လိုက်နိုင်ဖို့ ကျိန်းသေနေပြီ။

'ချူ အစ်ကို့ကို ယုံကြည်နိုင်ပြီ မဟုတ်လား'

'ဟုတ်ကဲ့ ချူ အစ်ကို့ကို ယုံကြည်ရုံအောင်မကဘဲ အစ်ကို့ရဲ့ စိတ်ဓာတ်ကို အရမ်းလေးစားသွားမိပါပြီ'

နှစ်ဦးသား နားလည်မှုရရှိသွား [illegible] ဖြစ်သည်။

'ဒါဆို နန်ကင်းနယ်ကပြိုင်ပွဲကို အစ်ကို ဝင်ပြီး ယှဉ်ပြိုင်တော့မှာပေါ့နော်'

ချူက ခေါင်းလေးကို စောင်းငဲ့ကြည့်ရင်း စီလင်ရှအား လှမ်းမေးလိုက်၏။

'အင်း....နောက် လေးဝါးရက်ဆို အစ်ကို ကျန်းမာရေး ကောင်းသွားတော့မှာပဲ၊ ဆုံးဖြတ်ထားတဲ့ အလုပ်အတွက် ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်ရတော့မှာပေါ့'



'ဒါဆို ချူ အစ်ကို့ကို လျှို့ဝှက်ခါးချက်တွေကို သင်ပေးပါရစေနော်'

'ဘာ....လျှို့ဝှက်ခါးချက် ဟုတ်လား'

'ပြိုင်စံရှားခါးကိုးချက်ကဲ့၊ အလွန်တန်ဖိုးရှိတဲ့သိုင်းကျမ်းကပဲ အစ်ကို'

'ဝှစ်....ဝှစ်....ဝှစ်'

'ပြိုင်စံရှား ခါးကိုးချက်'

သိုင်းပညာ၏ ခက်ခဲနက်နဲသော ခါးသိုင်းကွက်များကို မမျှော်လင့်ဘဲ ရှာဖွေတွေ့ရှိခဲ့ရသူ ချူယီကိုက သူကိုယ်တိုင် အပင်ပန်းခံ လေ့ကျင့်လာခဲ့သော လျှို့ဝှက် နည်းစနစ်များကို နန်ကင်း၌ ပြိုင်ပွဲဝင်မည့် စီလင်ရှအား လက်ဆင့်ကမ်းပေးဝေလိုက်ပြီ။

ဝှီး....ဝှစ်....ဝှစ်'

'ဟိတ်....'

နှင်းခါးတစ်ချောင်းနှင့် အားမာန်အပြည့် သင်ကြားပြသနေသော ချူက မောရပန်းရမှန်း မသိအောင် ဖြစ်နေမိသည်။

ခါးကွက်တိုင်းက စီလင်ရှ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသဖြင့် အတော့်ကို ဆန်းကြယ်လှပနေသည်။

ချူက အလှကစားပြနေမယ့် စိတ်ဓာတ် ပြင်းထန်လွန်းလှသဖြင့် လေထဲ ဝဲပျံ ခုတ်ပိုင်းပုံကအစ အင်အားအပြည့် ရှိလှ၏။

သူကိုယ်တိုင် နန်းကင်းနယ်၌ရှိသော ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အစီအစဉ်ကို ရုပ်သိမ်းလိုက်ရသော်လည်း စီလင်ရှအား ပံ့ပိုးကူညီခြင်းဖြင့် သူဖြစ်ချင်လှသည့် စိတ်ဆန္ဒအားလုံးကို ပြီးမြောက်စေနိုင်သည် မဟုတ်ပါလား။

'ချူ ခဏလေးစက် နားလိုက်ဦးလေ'

စီလင်ရှက ချွေးတလေးများစို့နေသည့် ချူ၏ မျက်နှာလေးကို မဝံ့မရဲလှမ်းကြည့်ရင်း ပြောလိုက်၏။

ချူက လေ့ကျင့်မှုကိုရပ်လျက် သူ့ထံသို့ လျှောက်လာခဲ့သည်။

သူက အသင့်ခပ်ထားသော ရေအေးအေးလေးတစ်ခွက်ကို အလိုက်သိစွာ လှမ်းပေးလိုက်ရင်း....

'ဓားကွက်တွေက သွက်လွန်းတော့ အခြေခံကျအောင် မနည်း လေ့ကျင့်ယူရမှာပဲနော်'

'ဟုတ်တယ်အစ်ကို ပြိုင်စံရှား ဓား ကိုးချက်ဟာ ကြည့်တော့သာ လွယ်မလိုထင်ရပေမယ့် တကယ်တမ်းလေ့ကျင့်ရင် ဘယ်လောက်ခက်တယ်ဆိုတာ တွေ့လာလိမ့်မယ်'

'ဓားချက်တိုင်းဟာ သွက်ရုံတင်မကဘူး တစ်ဖက်ရန်သူဘယ်လိုကာကွယ်ရမှန်းမသိအောင် တစ်ဆင့်နဲ့တစ်ဆင့် ပိုပြီး ရှုပ်ထွေးလာစေတယ်လေ'

'ဒါကြောင့် အဲဒီအချိန်အခါက ဘုန်းတော်ကြီးဟတ်ကို ဘယ်သူမှ မယှဉ်ရဲကြတာနေမှာပေါ့'

'အင်း....ဒီအတိုင်းဆို ပွဲက ကြည့်ကောင်းပြီပေါ့'



နှစ်ယောက်သား စကားပြောဆိုနေရာသို့ ဝမ်က လျှောက်လာခဲ့သည်။

သူတို့နှစ်ဦးအား တစ်ဦးကိုပင်တစ်ဦး နားလည်မှုရှိသော ချစ်သူများအဖြစ် မမြင်ရသေးသည့်အတွက် သူ၏စိတ်ထဲ တစ်ခုခုလိုနေသလို မတင်မကျဖြစ်မိနေသည်။

'နင်တို့နှစ်ယောက်က ထွက်သွားလိုက်ရင် ပေါ်မလာဘူး၊ ငါ့မှာဖြင့် ထမင်းစားဖို့စောင့်နေရတာ ကြာလှပြီ'

'အခုပဲ လာတော့မလို့ပါ ဝမ်ရဲ့၊ ဟောဒီကဆရာမကြီးက မပြီးနိုင်သေးလို့'

'ဟင်း....ပိုပြီး၊ သိုင်းကွက် အသစ် တက်ချင်တာထက် ချူရဲ့ မျက်နှာချေအေးကို ငေးနေရရင် အမောပြေနေတာပဲ မဟုတ်လား'

'အို—'

ဝမ်က ပွင့်လင်းစွာ ပြောဆိုလိုက်သဖြင့် ချူက မနေတတ်အောင် ခေါင်းလေးငုံ့ပြီး ရှက်နေမိသည်။

တကယ်တော့ သူတို့နှစ်ဦးအား ဝမ်က နီးစပ်မှုရှိသွားရန် တမင် ရည်ရွယ်၍ ပြောဆိုလိုက်မှန်း စီလင်ရှက သိ၍ ပြုံးစိစိ လုပ်နေလိုက်၏။

ချူကတော့ နားလည်နိုင်ပေမယ့် ဖွင့်ဟဖို့ အချိန်မတန်သေးဟု ထင်နေမိသည်။

*　*　*

'နှင့်အနေနဲ့ သူ့စိတ်ထဲ ရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောလိုက်ဖို့ သင့်တာပေါ့'

ဝမ်က ကြားထဲက မနေသာ၍ သူတို့နှစ်ဦးနှင့် ပတ်သက်သမျှ ကြားက ဝင်ရောက် ဆွေးနွေးလိုက်မိသည်။

'ဟင်း....မဖြစ်နိုင်ပါဘူး ဝမ်ရယ်၊ သူ့ ကျေးဇူးတရားကို အခွင့်အရေးယူ စော်ကားလိုက်သလို ဘင်ရင် ဘယ်လိုလုပ်မလဲ'

စီလင်ရှုအ မတင်မကျ ဖြစ်မိသောကြောင့် လေသံပျော့ပျော့နှင့် ပြန်ဖြေလိုက်၏။

ဝမ်က သဘောကျသေဟန်မတူဘဲ အားမလို အားမရဖြစ်မိလေဟန် စိုက်ကြည့်လိုက်ရင်း....

'နှစ်ဦးစလုံးက တစ်ယောက်နဲ့ တစ်ယောက် အသက်ရှင်နိုင်ဖို့ စွန့်စား ကယ်ဖူးတာပဲ၊ နင်နဲ့သူ့ အကြားမှာ ကျေးဇူးဆိုတဲ့ စကားပြောဖို့ မလိုတော့ဘူးလို့ ငါထင်တယ်လေ'

'ငါ သူ့ကို ရည်ရွယ်သားတဲ့အတိုင်း နန်ကင်းနယ်ပြိုင်ပွဲမှာ နယ်စား ကျောက်ပိယန်ကို အနိုင်ရမှ ဖွင့်ပြောမယ်လို့ စိတ်ကူးမိတယ်ဝမ်'

'အင်း....နင့်အတွက် အသိုက်ကတာန်ဆုံးဆုကို ရရှိနိုင်ပါစေလို့ ငါ ဆုတောင်းပေးပါတယ်'

ချူယာ့ကိုက သူတို့နှစ်ယောက်ရှိရာသို့ လျှောက်လာ၍ ပြောဆိုနေသည့်စကားကို ရပ်လိုက်၏။

'ဘာတွေများ တိုင်ပင်နေကြတာလဲ....ဟင်'

'ဩြော်....နန်ကင်းနယ်မှာ ပြိုင်ပွဲဝင်မယ့်ကိစ္စကို ဆွေးနွေးနေကြတာလေ'



ဝမ်က လိမ်ညာပြောဆိုလိုက်သော်လည်း ချူယာ့ကိုက မလုံမလဲ ဖြစ်နေမိသည်။

'ဒီကိစ္စအတွက် သိပ်ပြီး စိတ်ပူပန်မနေကြပါနဲ့၊ ကိုယ့်ကို အနိုင်ရဖို့ ချူ ရဲရဲကြီး အာမခံပါတယ်လေ၊ ဒါပေမယ့် ပြိုင်ပွဲ ဓားကိုးချက်ကိုတော့ မပျက်လေ့ကျင့်ရမယ်နော်'

'စိတ်ချပါ ချူရဲ့အခုတော့ လေ့ကျင့်လိုက်ချင်သေးတယ်'

ဝမ်အာ မရယ်လိုက်မိအောင် မနည်း ထိန်းချုပ်ထားလိုက်ရသည်။

စီလင်ရှု၏ ဝဋ်ဒုက္ခကလည်း မသေးလှ။

သူက နှင်းဓားကို လှမ်းယူလိုက်ရင်း ချူယာ့ကို၏ အလို တော်ကျ လေ့ကျင့်ရန် ပြင်ဆင်လိုက်၏။

'နယ်စား ကျောက်ပိရန်ရဲ့ ရွှေသရဖူကြီးနဲ့တော့ နီးစပ်နေပြီနော်'

ဝမ်က မထိတထိ လှမ်း၍ စလိုက်၏။

ချူကတော့ ဝမ်ပြောလိုက်သည့် အဓိပ္ပာယ်အား ဟုတ်တိပတ်တိ မသိသော်လည်း ပြုံးစိစိ လုပ်နေသည်။

စီလင်ရှုကတော့ ချူ အလစ်၌ ဝမ်အား လက်သီးဆုပ်ပြလိုက်၏။

သူတို့ သုံးယောက်၏ ဘဝက ပျော်မွေ့စရာ ကောင်းလှပါဘိ။

စီလင်ရှု သိုင်းကွက်များကို အပြင်းထန်ဆုံး လေ့ကျင့်နေမိသည်။

ပြိုင်ပွဲ ဝင်ရောက်ရန် နိုးကပ်လာခဲ့လေပြီ မဟုတ်ပါလား။

သိုင်းကွက်များကို အခြေခံ ကောင်းကောင်းရစေရန် ဦးစွာ လေ့ကျင့်ရသည်။

နှင်းတောင် ဘွားဘွား၀ ထံတွင် လေ့ကျင့်ရသည်ထက် ပို၍ ပြင်းပြင်းထန်ထန် လေ့ကျင့်နေမိသည်။

ဝန်းကျင်မှ နှင်းငွေ့များ အုံ့ဆိုင်းနေပေမယ့် ပင်ပန်းပုံမရ။

ဆရာဖြစ်သူ မိုးမခဝေး ဟန်ဖေးကို သတိရမိသလိုကြောင့် အဆင့်ဆင့် တိုးမြှင့်လာခဲ့သော သိုင်းပညာနှင့် ထင်ပေါ်ကျော်ကြားဖို့ အခွင့်အခါ သင့်ခဲ့လေပြီ။

ကိုယ့်ကိုယ်ကို မငဲ့ညှာဘဲ ပြင်းထန်စွာ လေ့ကျင့်ခြင်းကြောင့်ခန္ဓာကိုယ် ကြွက်သားများက ကျစ်လျစ် ခိုင်မာလာခဲ့သလိုပင် သာမန်ရှိအပ်သည်ထက် ပိုပြီး အမောခံနိုင်မှု စွမ်းအင် ပြည့်ဝလာကြောင်းကို သတိပြုမိလိုက်လေသည်။

ချူယ ကိုကလည်း သူ၏ဆရာပင် မဟုတ်ပါလား။

သူ့ကြောင့် ပြိုင်စံရှား ဓားကိုးကွက်ကို စီလင်ရှုကျေညက်အောင် ထတ်မြောက်ခဲ့ရသည်။

ဓားချက်များ သွက်လက်လာမှုကိုကြည့်ရင်း ပြိုင်ပွဲသို့ အမြန်ဆုံး ရောက်ရှိစေချင်မိသည်။

နယ်စား ကျောက်ပိယန် တစ်ယောက်တော့ မှော်ဓားနှစ်ချောင်းဖြင့် သူ့ကိုယ်သူ ဘယ်လောက် အထင်ကြီးလေရှာမလဲ။

( ၆၉ )

ပွဲမစင်မီ အပြင်မှာကျင်းပ

နေရောင်အောက်၌ မှော်ဓားနှစ်ချောင်းကို ကိုင်လျက် ရပ်တန့်နေသည့် နယ်စားကျောက်ပိယန်၏ဟန်က ခန့်ညားလှန်းလှပသည်။

ရက်စက် ကြမ်းကြုတ်သော မျက်လုံးအရောင်က တောင်ကုန်းပေါ်ရှိ သိုင်းသမားနှစ်ဦးထံသို့ စူးရောက်စွာ စိုက်ကြည့်နေသည်။

'ပြိုင်ပွဲစည်းကမ်းအရ ငါ့ကိုယှဉ်နိုင်ဖို့ ကြိုးစားကြ'

ဩဇာမြောက်သော စကားသံနှင့် ပြိုင်ဘက်သိုင်းသမားနှစ်ဦးကို ပြောဆိုလိုက်၏။

သိုင်းသမားနှစ်ဦးစလုံးက နန်းကင်းနယ်၌ ကျော်ကြားသော ဓားသမားနှင့် လှံသမား။

နှစ်ဦးစလုံးက ကြေးစားသိုင်းသမားများဖြစ်ကြ၍ ငွေရချင် ဘာမဆိုလုပ်ဖို့ အဆင်သင့်။

အခုလည်း နယ်စားက ပြိုင်ပွဲမဝင်မီ ဓားစွမ်းပြလို၍ သူတို့နှစ်ဦးအား ပြိုင်ဘက်အနေနှင့် ဖိတ်ခေါ်၍ ယှဉ်ပြိုင်သတ်ပုတ်ဖို့ ရောက်ရှိလာခဲ့ခြင်းသာ ဖြစ်၏။

သူတို့အဖို့ ငြင်းဆန်၍မရနိုင်သည့်အဆုံး နယ်စားအား ယှဉ်ပြိုင်တိုက်ခိုက်ရန် အသင့်ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။

ကြေးစားသိုင်းသမားနှစ်ဦးအား နယ်စားကိုတစ်လှည့် သူတို့အားပေးအပ်မည့် ငွေထုပ်ကိုတစ်လှည့် ကြည့်ရှုလိုက်မိသည်။

'အားလုံးရှေ့မှာ ကျုပ်ရဲ့ အသက်ကို မငဲ့ကွက်ဘဲ ဓားချက်သင့်ရာ ခုတ်ပိုင်းဖို့လိုမယ်၊ ဒါမှ ပြိုင်ပွဲဝင်တဲ့အခါ ကျုပ်ရဲ့ စွမ်းရည် ထက်မြက်လာနိုင်မယ်'

အားလုံးက ရင်ဘထိတ်ထိတ်နှင့် စောင့်ဆိုင်း ကြည့်ရှုနေကြသည်။

ပြိုင်ပွဲက တရားသဖြင့်မှ ဖြစ်ပါ့မလားဟူသော အတွေးများက ပွဲခမ်းမကြီးအား လွှမ်းမိုးစ ပြုနေကြလေပြီ။

နယ်စားကျောက်ပိယန့်က မှော်ဓားဖို မှော်ဓား၈ နှစ်ချောင်း၏ အရှိန်အဝါနှင့် သူ့ကိုယ်သူ ယုံကြည်နေမိသည်။

သည်ပွဲ၌ မှော်ဓားစွမ်းကို စပြီး ပြရပေတော့မည်။



ထို့ကြောင့် နန်းကင်းနယ်မှာရှိသော မိုက်ကန်းကျွမ်းကျင်ဆုံး သိုင်းသမားနှစ်ဦးကို ငွေနဲ့ပေါက်ခေါ်ယူ၍ ဓားချင်းယှဉ်ဖို့ စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။

ငွေကြေးပမာဏက အဆမတန် ပေးထားသည်သာမက သူတို့ကိုယ်သူတို့ နယ်စားအား အနိုင်ရလိမ့်မည်ဟု ယူဆ၍ ယှဉ်ပြိုင်ဖို့ ရောက်ရှိလာသူနှစ်ဦးကလည်း လုံးဝကြောက်ရွံ့ပုံမရ။

သိုင်းပညာကို အထင်အမြင်သေးသော နယ်စားကျောက်ပိယန့်ကို ကောင်းကောင်း ပညာပေးလိုက်ဦးမည်ဟု စိတ်မှာယုံကြည်ထားသူများ ဖြစ်ကြသည်။

နှစ်ဦးစလုံးက အဆင့်မြင့်သိုင်းပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားသည့် သိုင်းသမားများသာဖြစ်ပြီး ပြိုင်ပွဲအတွေ့အကြုံ ရင့်ကျက်သူများ ဖြစ်ကြ၏။

'ဒေါင်....'

ပွဲစဖို့ အချက်ပေးလိုက်သည်နှင့် ဝိုင်းဝန်း ကြည့်ရှုနေသူများက လှုပ်လှုပ်ရွရွ ဖြစ်လာသည်။

'ဝှစ်....ဝှစ်....ဝှစ်'

လှံသမားက လှံရှည်တစ်ချောင်းကို ဝေ့ယမ်း၍ တပ်လှန့်လိုက်၏။

နယ်စားက မှော်ဓားနှစ်လက်ကို လုံးဝ မထုတ်သေးဘဲ တည်တည်ငြိမ်ငြိမ်ကလေး နောက်ဆုတ် ရှောင်ရှားနေသည်။

'ဟိုင်း....'

'ထန်....ထန်....ထန်'

ဓားသမားက အနောက်မှ အလစ်ပိုင်းခုတ်ဖို့ ကြိုးစားလိုက်၏။

နေရောင်၌ မှော်ဓား၏ ပြိုးပြက်ဝင်းလက်သော အလင်းတန်းများက ဖြာခနဲ ထွက်လာခဲ့သည်။

ဓားသမား၏ မျက်လုံးကို စူးရောက်မှုရှိလှသော်လည်း သွက်လက်လျင်မြန်စွာ ခုတ်ပိုင်း၍ အကွာအဝေးတစ်ခုသို့ အမြန်ဆုံး ဆုတ်ခွာလိုက်၏။

ကြည့်ရှုနေသူအားလုံးက နယ်စားကျောက်ပိယန်၏လက်ထဲမှ မှော်ဓားနှစ်လက်ကို စိတ်ဝင်စားသော မျက်လုံးများနှင့် ဘအံ့တသြ ငေးမောကြည့်နေကြ၏။

ထိုဓားမျိုးကို ယခုမှ မြင်ဖူးကြသဖြင့် နဟ်ဒေဝါများကပဲ ဖန်ဆင်းပေးထားသလိုလို အထူးအဆန်း ဖြစ်မိနေကြ၏။

ပြိုင်ဘက် သိုင်းသမားနှစ်ဦးကတော့ တုန်လှုပ်လေဟန်မတူချေ။

'ဝှစ်... ဝှစ်'

'ထန်း... ထန်း... ထန်း'

လှံသမား၏ တိုက်ကွက်ကို မှော်ဓားနှစ်လက်ဖြင့် လုံခြုံအောင် ကာကွယ်နေသည်။

မှော်ဓားကို ထိခတ်မိသာရုံ လှုပ်ခတ် ကစားခြင်းကြောင့် တစ်ဖက်လူ၏ သွက်လက်လှသော တိုက်ကွက်မှာ ငြိမ်သက်စ ပြုလာခဲ့လေပြီ။

'ခြွမ်း... ခြွမ်း'



ကြောက်မက်ဖွယ် မြည်ဟည်းသံကြီးနှင့်အတူ မှော်ဓား၏ ခုတ်ပိုင်းသံက ပိုမိုပြင်းထန်လာခဲ့၏။

သိုင်းသမားနှစ်ဦးမှာ လျှော့တွက်ထားသည့် မှော်ဓား၏ အံ့မခန်းလောက်အောင်ကို အစွမ်းထက်သဖြင့် အားထော်ကို တုန်လှုပ်သွားကြ၏။

ကျောက်ပိယန်က ခံစစ်နေရာမှ တိုက်စစ်နေရာသို့ အသာစီးရအောင် တိုး၍ နေရာယူလာခဲ့လေပြီ။

'ထန်း... တန်း... ထန်း'

'ဒလံ... ဒလံ'

ပွဲက ပိုပြီး ကြည့်ကောင်းလာသည်။

ကျောက်ပိရန်၏ တရကြမ်း တိုက်ခိုက်မှုကို သိုင်းသမားနှစ်ဦးက ရှောင်ရှားရသော အညှိုးသို့ ရောက်ရှိနေပြီ။

နှစ်ဦးစလုံးမှာ တိုက်ကွက်သစ်တစ်ခု ပြောင်းပစ်မှ ရလိမ့်မည် ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ရိလိုက်ကြ၏။

ထို့ကြောင့် လှံသမားနှင့် ဓားသမား နှစ်ဦးစလုံး လူစုခဲ့လိုက်ကြ၏။

ပုံစံအနေအထားအရ တစ်ဖယောက်တစ်ပြန်စီ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ရန်ဖြစ်ပြီး ကျောက်ပိယန်ကို ခုခံကာကွယ်မှု မပေးဘဲ ပိတ်ဆို့တိုက်သွားရန် ဖြစ်၏။

ကျောက်ပိယန်ကလည်း ပါးနပ် လိမ္မာလွန်းလှသည်။ ကိုယ်ကို တစောင်းအနေအထားအတိုင်း နေလိုက်ပြီး ဓားနှစ်လက်ကို ရင်ဝသို့ လုံခြုံမိသာရုံကလေး ယှက်၍ အဆင့်ပြင်ထားလိုက်မိသည်။

တစ်ဦးနှင့်တစ်ဦး သတိလွတ်မသွားနိုင်အောင် အဝင် အထွက် တိုက်ကွက် ရှောင်ကွက်များကို အာရုံပြုထားပေမယ့်....

မည်သူကမှ စိတ်ချယုံကြည်ပြီး တရကြမ်း ဝင်မခုတ်ရဲကြပေ။

ဝိုင်း၍ ကြည့်ရှုနေသူများက ငြိမ်လျက်သား။

တိုက်ခိုက်ရန် ပြင်ဆင်ထားသည့် အနေအထားအရ သိုင်းသမားများအတွက် လွန်စွာ အရေးအနက်ထားရမည့် အခြေအနေသို့ ရောက်ရှိနေရှာလေပြီ။

အကယ်၍သာ အဝင်အထွက် မှားယွင်းခဲ့ပါက မှော်ဓားနှစ်ချောင်း၏အောက်၌ လည်စင်းခံ ရောက်ရှိသွားကြဖို့သာ ရှိတော့သည်။

သိုင်းသမား နှစ်ယောက်စလုံးက စိတ်တွေလှုပ်လှုပ် ရှားရှား ဖြစ်လာခဲ့ကြသည်။

ဓားသမားက ငြိမ်သက်နေရာမှ ခြေကို မသိမသာ ရွှေ့ဖို့ ကြိုးစားနေသည်။

ကျောက်ပိယာန်က ပြောင်လက်နေသော ဓားသွားပေါ်မှ သိုင်းသမားနှစ်ဦး၏ လှုပ်ရှားဟန်ကို ကြေးမုံပြင်၌ မြင်နေမိသလို သတိထားမိပြီးသား ဖြစ်၏။

ခေါင်းငိုက်စိုက်ချ၍ ကျောက်ဆစ်ရုပ်လို ငြိမ်သက်စွာ ရပ်တံ့နေသည့် ကျောက်ပိရန်၏တိုက်ကွက်ကို တစ်ဖက်က လုံးဝ သတိထားမိလေဟန်မတူ။

'ယား....'



'ထန်....ခြမ်း'

ပြင်းထန်သော ခုတ်ပိုင်းသံနှင့်အတူ ထိခတ်မိးပွင့်သံများကြောင့် ထက်ဝက်ကျိုးပြတ် ပျက်စီးပေါ်ထွက်လာသည်။

ထို့နောက် ဓားသမား၏ လက်နက်မှာ မှော်ဓားချက် သွားခဲ့ရှာလေပြီ။

'ဟင်'

'ဟာ'

'အို'

ပရိသတ်အကြားမှ အာမေဋိတ်သံများ ထွက်ပေါ်လာခဲ့လေပြီ။

မှော်ဓားအစွမ်းထက်ကြောင်း ကောင်းစွာ သိရှိခဲ့ပြီ ဖြစ်သည်။

သိုင်းသမားကြီးက ဓားကျိုးကိုကိုင်၍ ငေးငိုင်တွေဝေနေမိ၏။

'ဟိုင်း'

'ရှပ်....ရှပ်'

'အား....'

လက်မောင်းဆီမှ သွေးများပွက်ခနဲ ထွက်ကျလောက်အောင် နယ်စားက အနိုင်ရသော သင်္ကေတအဖြစ် ရက်စက်စွာ ကြက်ခြေခတ် ပြလိုက်၏။

လှသမား၏ မျက်နှာပေါ် သွေးမရှိတော့၊ တုန်လှုပ်ချောက်ချားခြင်း များစွာနှင့် စိန်ခေါ်ပွဲကို မည်သို့ဆက်ရမှန်းမသိအောင် ဖြစ်နေရှာသည်။

'ကိုင်း....ဘယ်လိုလဲ၊ မင်းရော ငါ့ကိုအရှုံးပေးနေချင်ပြီ မဟုတ်လား'

ဂုဏ်ယူဝံ့ကြွားစွာဖြင့် ကျောက်ပိယန်က လှံသမားကို အလျှော့ပေးလေ့လော့ဟု အမိန့်ပေး ပြောဆိုလိုက်၏။

'အို....ကျုပ် လုံးဝ အရှုံးမပေးဘူး'

'ကောင်းပြီလေ၊ ဒါဆိုလဲ မင်းသေဖို့ပဲပေါ့'

လှံသမားက အလျှော့မပေးဘဲ ခေါင်းမာမာနှင့် ဆက်လက် တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချလိုက်၏။

'ဝှီး....ဝှစ်....ဝှစ်'

'ထန်း....ဒလံဒလံ'

လှံကို စကြာလိုဝှေ့ယမ်း၍ အတင်းထိုးဖောက် တိုက်ခိုက်ရန် ကြိုးစားလိုက်၏။

ကျောက်ပိယန်ကတိုက်ကွက်မှန်သမျှကို ပေါ့ပေါ့ပါးပါး မှော်ခါးနှစ်ချောင်း နှင့် ခုခံကာကွယ်နေသည်။

လှံသမားက အနီးကပ် တိုက်ခိုက်မခံဘဲ....

မာန်ကို မလျှော့ဘဲ ဇွဲနပဲကြီးစွာ ရှေ့သို့တိုး၍ တရစပ် တိုက်ခိုက်လာသည်။

'ထန်း....ထန်း....ထန်း'

'ခြွမ်း....ခြွမ်း....ခြွမ်း'

ပြင်းထန်လွန်းလှသည့် ခါးနှင့် လှံဖျားထိခတ်သံများက ပွဲကို အဆုံးသတ်နိုင်ဖို့အရေး ဆူညံစွာ ပေါ်ထွက်လာစပြုနေ သည်။



အလွန်ကြည့်ကောင်းလှသည့် အရှောင်အတိမ်း အခုန်အပျံ အကြား နှစ်ဦးစလုံး၏ တိုက်ကွက်များက အသည်းယားစရာ ကောင်းလှ၏။

နယ်စား လျှော့တွက်ထားသလို မရနိုင်မှန်း သိလာခဲ့၏၊ ထိုပွဲ၌ လှံသမားကို သူ ရှုံးနိမ့်ခဲ့ပါလျှင် မှော်ခါးရှင်ဆိုသော သိက္ခာတရားက အဖတ်ဆည်စရာ မရှိအောင် ဖြစ်သွားနိုင်သည် မဟုတ်ပါလော။

'ဟိုင်း....'

'ချွီလွှမ်း....'

'ရွှပ်....'

'အား....'

လှံသမားက ကန့်လန့်ဖြတ်လှံနှင့် အထိုး မှော်ခါးနှစ်လက်က လှံကို ပယ်လျက် ဓါးသ ပြင်းထန်နေသော နယ်စားက ကျန်ခါးတစ်ချောင်းနှင့် ရင်ဝသို့ ရက်စက်စွာ ထိုးနှက်ဆတ်ဖြတ်လေတော့သည်။

## ပြိုင်ပွဲဝင်ရန်လာကြပြီ

နန်ကင်းနယ်က ပြိုင်ပွဲမစမီ ရက်ပိုင်းအတွင်း၌ လူများစည်ကားစ ပြုလာခဲ့လေပြီ။

နယ်စား၏ အခွန်တော်တိုးမြှင့်ကောက်ခံမှုကြောင့်ရောင်းဝယ် ဖောက်ကားရာ၌ စည်ကားမှု မရှိသလို မထင်မှတ်ဘဲ အပြစ်မရှိသူများကို အဓမ္မဖမ်းဆီးခဲ့သဖြင့် နှစ်ရှည်လများ ခြောက်သွေ့ခဲ့ရသော ထိုနယ်ကလေးက ယခုတော့ စည်ကားစ ပြုလာခဲ့လေပြီ။

နယ်စားက ပြိုင်ပွဲ မကျင်းပမီကတည်းက အခွန်တော် လွှတ်ငြိမ်းခွင့် ပေးခဲ့၏။

ထို့ကြောင့် စားသောက်ဆိုင်တဲလေးများ ပစ္စည်းပစ္စယ အရောင်းဆိုင်လေးများအပြင် ပြိုင်ပွဲဝင်ရန်ရောက်ရှိလာသည့် သိုင်းသမားများအတွက် နေရာထိုင်ခင်း အဆင်ပြေနိုင်ရန် စီစဉ်ပေးထားသော တည်းခိုဆောင်လေးများက နေရာအနှံ့မှိုလိုပေါက် များပြားလာသည်။

သိုင်းသမားများကလည်း အနယ်နယ် အရပ်ရပ်၌ ရွေး သရဖူပေးမည်ဟူသော သတင်းပေါက်ကြားလာသဖြင့် စိန်ခေါ်ပွဲကို ယှဉ်ပြိုင်ဖို့ရောက်လာသူများက မနည်းလှပေ။

ဂိုဏ်းအဖွဲ့အစည်း အမျိုးမျိုးမှ အဆင့်မြင့်သိုင်းပညာရှင်ပေါင်းများစွာတို့က စိတ်ဝင်တစား ရောက်ရှိလာခဲ့ပြီး ကွက်လပ်တစ်ခု၌ ကိုယ်စီတတ်ကျွမ်းရာ ပညာရပ်များကို ဝင်ရောက် မယှဉ်ပြိုင်မီ နံနက်ခင်း၌ လေ့ကျင့်နေကြ၏။

* * *

ဝမ်ချူနှင့် စီလင်ရှတို့လည်း မြင်းကိုယ်စီနှင့် ပြိုင်ပွဲကျင်းပရာသို့ ရောက်လာခဲ့ကြ၏။

ဝင်ရောက်ယှဉ်ပြိုင်ရမည့် စီလင်ရှကတော့ အပြည့်အဝ လေ့ကျင့်မှုရယူထားပြီးဖြစ်သောကြောင့် မည်သည့်ပြိုင်ဘက်မဆို ရင်ဆိုင်ဖို့ အသင့်ရှိနေ၏။



'လူတွေက များလိုက်တာနော်၊ ဘယ်လိုများ ပြိုင်ကြရမယ် မပြောတတ်ဘူး'

'အားလုံးကို မဲလိပ်ချပြီး ပြိုင်ဖို့ ခွဲပေးမှာပေါ့၊ ဒါမှ ပြိုင်ပွဲက တရားမျှတမှု ရှိမှာလေ'

စီလင်ရှက သူ သိထားသမျှကို ရှင်းပြလိုက်၏။

'ပြိုင်ပွဲနဲ့ပတ်သက်လို့ အစ်ကို စိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်မနေဘူးလားဟင်'

'ဟင့်အင်း....မဖြစ်ပါဘူး၊ ချူက ဘာလို့မေးတာလဲ'

'ပြိုင်ပွဲဝင်ဖို့ ရောက်လာတဲ့ လူတွေကို ကြည့်ရင်း ချူကြားထဲက တုန်လှုပ်နေမိလို့ပါ'

ချူယီကိုက ကွက်လပ်တစ်ခုထဲ၌ သိုင်းလေ့ကျင့်နေသူများကိုကြည့်ရင်း ရင်ထဲရှိသည့်အတိုင်း ပြောပြလိုက်၏။

'ဒါကတော့ တရားမျှတစွာယှဉ်ပြိုင်ရမယ့်ပွဲပဲ၊နယ်စားက လွဲရင် ကြောက်စရာလိုမယ် မထင်ပါဘူး'

မြင်းများကိုချည်နှောင်၍ တည်းခိုဆောင်သို့ သုံးယောက်သား ထွက်လာခဲ့ကြ၏။

တည်းခိုဆောင်ဝသို့အရောက် သံတင်းပုတ် ချင်းရှန်နှင့် ပက်ပင်းတိုးမိ၏။

'ဟင် မင်း....မင်း....ငါ့ကို ဘာကိစ္စနဲ့ လာတာလဲ'

ချင်းရှန်က သူမအား မမှတ်မိစရာအကြောင်းမရှိ။ တွေ့တွေ့ချင်း အရဲတစ္ဆေ တစ်ကောင် မြင်တွေ့လိုက်ရသကဲ့သို့ မျက်စိမျက်နှာပျက်ဖြစ်လျက် သူမကို မေးလိုက်လေသည်။

ကျွန်မ….နယ်စားကျောက်ပီယန်နဲ့ ဓားချင်းယှဉ်ဖို့ လာခဲ့တာလေ၊ ကဲ….ခွင့်ပြုပါဦးနော်'

ချူယီကိုက သံတင်းပုတ် ချင်းရှန်အား တခွင်အရွဲ့တိုက်ပြောဆိုရင်း ချာခနဲ လှည့်ထွက်လာခဲ့၏။

ချင်းရှန် တွေဝေသွားမိသည်။

ချူယီကိုသည် ပြိုင်ပွဲသို့ ရောက်မလာတော့ဟု သူမနှင့်ပတ်သက်သမျှ ခပ်ပေါ့ပေါ့ သဘောထားမိခဲ့၏။

အခုတော့ ခက်ပြီ။

ချူယီကိုက ဓားပြိုင်ပွဲ ဝင်ရောက်ရန် ရောက်လာသည်တဲ့။

သူနှင့်ပတ်သက်၍ သံတင်းပုတ်ချင်းဂန် တုန်လှုပ် ချောက်ချား နေရသည်။

သူ့ကြောင့် နယ်စားမသိစေရန် ဖုံးကွယ်ထားသည့်ကိစ္စများ အားလုံး အကုန်ပေါ်တော့မည်။

ပထမကိစ္စက မိုးကြိုးလက်ဝူစီကို ဇာတ်တူသားချင်း သတ်ဖြတ်ခဲ့သည့်ကိစ္စ။

ဒုတိယကိစ္စက ချူယီကိုအား သေပြီဟု နယ်စားကို လိမ်ညာခဲ့သော ကိစ္စ။

ထိုပြစ်ချက်များကို ကျောက်ပီယန်သာ သိခဲ့လျှင် သူ့လည်ပင်း ကြိုးကွင်းစွပ်သလို ဖြစ်နေပေတော့မည်။

သူ ဘယ်လိုဆက်လုပ်ရမည်နည်း။

ချူယီကိုအား မြင်မိသည်နှင့် ပန်းပဲဆရာ ဇီဂျင်ဟိုး၏ သမီးဖြစ်မှန်း နယ်စားကသိမှာ သေချာနေပြီ။



မိမိအတွက် အကျိုးအမြတ် တစ်ခုခုကိုသာကြည့်၍ အရာရာကို ပတ္တတ်ထိုး လုပ်ခဲ့မိသမျှ အားလုံး ဘူးပေါ်သလို ပေါ်လာခဲ့ပါက ရာထူးမှ ပြုတ်သွားရုံအပြင်မကဘဲ အသတ်ခံ ရပေတော့မည်။

'တောက်'

'ဒုက္ခပါပဲ'

ဒေါသစိတ်ဖြင့် တက်ခေါက်၍ ချူယီကိုသွားရာဘက်သို့ ငေးကြည့်နေလိုက်မိသည်။

ချူယီကိုဆိုသော မိန်းကလေးက သူ့အတွက် အန္တရာယ်အပေးနိုင်ဆုံး မြွေပွေးတစ်ကောင်လို ထင်နေမိသည်။

မြွေပွေးကို ခါးပိုက် ပိုက်ထားဖို့တော့ မကောင်းလှ။

သူ့အတွက်တော့ သည်တနေ့ ဂွိုဟ်ဆိုးနှင့် ပက်ပင်းတိုးသကဲ့သို့ စိတ်တွေလေးလံပြီး သေအမောမျှား တောက်လောင်လာသလို ဖြစ်နေမိသည်။

* * *

၂

'စားလေ ချူရဲ့'

'ဟင့်အင်း….အစ်ကိုက မကြာခင် ပြိုင်ပွဲဝင်ရမယ့် လူဆိုတော့ အစ်ကိုပဲစားပေါ့'

တူတစ်ချောင်းနှင့် ခေါက်ဆွဲပြုတ်ပန်းကန်ထဲမှ အသား ဖတ်ကို ပန်းကန်ပြောင်းထည့်ပေးနေသော သူတို့နှစ်ဦးကို ဆိုင်ရှင်အမျိုးသမီးကြီးက ပြုံးစိစိနှင့် အကဲခတ်ကြည့်ရှုနေ သည်။

'ညည်းတို့ ှစ်ယောက်ကလဲ အပြစ်သည်းနေလိုက်တာ၊ မစားချင်လဲ ပေးလေ'

ဝမ်က အသားဖတ်ကို တူဖြင့်ညှပ်၍ ဆတ်ခနဲ ဆွဲလုလိုက် သည်။

'အို…ဘယ်ရမလဲ'

စီလင်ရှက ခေါက်ဆွဲငုံ့စားနေရာက ဝမ်၏ တူကြားထဲမှ အသားဖတ်ကို သူ့ပန်းကန်ထဲ ရောက်လာအောင် လျှပ်တစ် ပြက် လုယူလိုက်ပြန်သည်။

ူတို့အချင်းချင်း ညီသူတာ မညီမျှလျှင်အသည်ကို ပြောဖို့ မလိုလောက်အောင် ဆုံဖြတ်လိုက်ပြီးသား ဖြစ်သွားသည်။

နောက်ဆုံး အသားဖတ်ကလေးက စီ ငရှ၏ ပါးစပ်ထဲ သို့ ရောက်ရှိသွားလေပြီ။

ချူယီကိုက သဘောကျလွန်းသဖြင့် တခစ်ခစ်ရယ်မော နေသည်။ တကယ့်ကိုကြည်နူးစရာကောင်းသည့် မြင်ကွင်းလေး တာ မမေ့နိုင်စရာ။

( ၃၀ )

ကြမ္မာငင်တဲ့ည

အပြင်ဘက်၌ ရွှန်းမြသည့် လမင်းကြီးကို အတိုင်းသား မြင်တွေ့နေရသည်။

ကျယ်ဝန်းသည့် ကောင်းကင်ကြီးပေါ်မှ တိမ်ညိုတစ်အုပ် ကို ထိုးဖောက်လျက် တရွေ့ရွေ့ ထွက်ပေါ်လာခဲ့၏။

ပြတင်းတံခါးပေါက်ကိုကျော်၍ ချူယီကို ငေး ညိုနေ ရင်း ရင်ထဲ၌ လွမ်းသလိုလို ဖြစ်လာခဲ့သည်။

ဖခင်ကြီး ဆုံးပါးသွားစဉ်ကတည်းက ဖွယ်ရာမဲ့ဖြစ်ခဲ့ ရရှာသော လူ့ဘဝထဲတွင် ဖခင်၏ အမွေအနှစ် မှော်စားမ တစ်ချောင်းကလွဲ၍ တခြား မည်သည့်အရာကိုမှ သံယောဇဉ် တွယ်ဖို့ သတိမရနိုင်သေး။

ကြမ်းတမ်းလှသော ဘဝတစ်လျှောက်၌ ချီးကျူး တစ်ခုရာ၌ မမျှော်လင့်ဘဲ ဆုံစည်းခဲ့မှုအညီ ငမ်နဲ့ စီလင်ရှုက သူ့ဘဝအတွက် အားပေးဖော်အဖြစ် သံယောဇဉ်တွယ်စရာ ဖြစ်လာခဲ့သည်မှာ အံ့သြစရာ ကောင်းလှပေသည်။

တစ်ယောက်က ဆေးကုသပေးသော ကျေးဇူးရှင်၊ တစ်ယောက်က အသက်ဆာခင် ကျေးဇူးရှင်။

သူတို့ နှစ်ယောက်စလုံးနှင့် အတူ နေထိုင်ရသောအခါ သောကမှန်သမျှ ခမ့ပျောက်ပြီး ချူယီကို၏ဘဝ ချမ်းမြေ့ပျော်ရွှင်လာမိသည်။

ဇာခုသည်း စီလင်ရှုက သူဖြစ်ချင်သော ဆန္ဒအတွက် ဖြည့်စွမ်း ပေးနိုင်ရန် ပြိုင်ပွဲသို့ လေ့ကျင့်ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

မဖခင်ပြောဖူးသော စာအားအရဆိုလျှင် သိုင်းသမားတို့ ကိုင်ဆောင်သော ဓားတိုင်းတွင် အမှန်တရားတို့ ရှိနေကြသည်။

သို့ပေမယ့် တချို့ကတော့ အမှန်တရားကို မိုက်မဲမှုက ဖုံးကွယ်ကြသည်။

တချို့ကတော့ တွေဝေဘက်မှု စိုးရှိမ့်မှုက ဖုံးကွယ်ကြသည်။

တချို့ကတော့ သတ္တိ ဗျတ္တိဟု တုပ အယောင်ဆောင်ထားသည့် မိုက်ရူးရဲဆန်မှုက ဖုံးကွယ်ကြသည်။

ထိုအခါ အနှုန်တရားဆိုတာကို မြင်ဖို့မလွယ်ကြဘဲ မမှန်တရားကိုသာ မြင်မိကြသည်။



မှော်ဓားဖိုနှင့် မှော်ဓားမမှာ သူ၏ဖခင်ကိုယ်တိုင် သစ္စာသွေးဖြင့် သွန်းလုပ်ခဲ့သည့် ဓားနှစ်လက်သာဖြစ်၏။

နယ်စားကျောက်ပိယန်က မှော်ဓားကို ပြုလုပ် ဖန်တီးပေးရန် ပြောဆိုခဲ့စဉ် ဖခင်ကြီးကိုယ်တိုင်က လူသားများ၏ အသက်ကို သေကျေပျက်စီးစေမည့်လက်နက်အား လုပ်ကိုင်ပေးရန် ဆန္ဒမရှိကြောင်းကို အကြိမ်ကြိမ် ငြင်းဆိုခဲ့ဖူးသည်။

နောက်ဆုံး နယ်စားကျောက်ပိယန်၏ အဓမ္မခိုင်းစေချက်ကြောင့်သာ မလွန်ဆန်နိုင်၍ ပြုလုပ်ပေးလိုက်ရခြင်း ဖြစ်သည်။

အခုတော့ ကြားရသည့်သတင်းက ဆိုးရွားလှပေစွ။ နယ်စား၏ မှော်ဓားက လူ့သွေးကို အကြိမ်ကြိမ် သောက်ခဲ့ဖူးပြီဟု ဂုဏ်ယူဖွယ် ပြောဆိုသံများ ကြားရသည့်အခါ ဖခင်ကိုယ်စား သူမ ခံစားလို့မဆုံးနိုင်ခဲ့။

စီလင်ရှုနှင့်သာမတွေ့လျှင် ကျောက်ပိယန်၏အန္တရာယ်ကို သူမ ဘယ်လိုမှ ဖြေရှင်းတတ်မည်မဟုတ်ပေ။

ကျောက်ပိယန်ကို သူမ ဘယ်နည်းနဲ့မှ ရန်ငြိုး မချေနိုင်ခဲ့။

သို့ရာတွင် တရားသောနည်းဖြင့်သာ ရင်ဆိုင်တိုက်ခိုက်ရန် အကြောင်း ဖန်လာသောကြောင့် အခွင့်အခါတစ်ခုကို မျှော်လင့်ထားခဲ့၏။

မကြာမီ နန်းကင်းနယ်၌ ပြိုင်ပွဲတစ်ခု ကျင်းပပေးမည် ဆိုသော သတင်းကို ကြားရသည့်အခါ သူမ ဝမ်းသာလုံး ဆို့ခဲ့ရသည်။

ကျောက်ပိယန်ကို ကလဲ့စားချေရန် အခွင့်အလမ်းတစ်ခု ကို ရရှိခဲ့သည်မဟုတ်ပါလား။

သို့ပေမယ့် အကြောင်းတစ်ခုက သူမ မျှော်လင့်ချက်အား ဖျက်ဆီးပစ်လိုက်လေသည်။

စီလင်ရှုတစ်ယောက် သူမအား ရှာဖွေရင်း မိုးကြိုးလက် ဝူစိ၏ အဆိပ်လက်နက်ကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ သည် ဆိုသော သတင်းကြောင့် သူမစိတ်ဓာတ် ဦးကျိုးခဲ့ရ ပြန်သည်။

နောက်ဆုံး စီလင်ရှု အသက်ရှင်နိုင်ရေးအတွက် အဆိပ် ဖြေဆေးနှင့် မှော်ဓားမကို အလဲအလှယ်လုပ်၍ အဆုံးရှုံး ခံလိုက်ရသည်။

အခုတော့ မှော်ဓားနှစ်လက်နှင့် ကျောက်ပိယန်က သိုင်း လောကကြီးတစ်ခုလုံးကို ရဲဝံ့စွာ စိန်ခေါ်နေပြီ မဟုတ်ပါ လား။

'ဘာတွေများ ဗိုလ်လောက်တောင် ငေးပြီး စဉ်းစားနေရ တာလဲ ချူ'

ဝမ်က ပြတင်းတံခါးပေါက်၌ ငေးနေသော သူ့ထံသို့ လျှောက်လာရင်း မေးလိုက်သဖြင့် အတွေးများပြတ်တောက် သွားခဲ့၏။



'ဘာရယ်မဟုတ်ပါဘူးဝမ်ရယ် ထုံးစံအတိုင်း ကိုယ့်ဘဝ ဇာတ်ကြောင်းကိုပဲပေါ့'

'ဟင်း...မကြာခင် ကိုယ်ဖြစ်ချင်တဲ့ဆန္ဒတွေ ပြည့်စုံပြီး စိတ်ချမ်းသာတော့မှာပဲချူရယ် အတိတ်ကို တွေးမနေစမ်း ပါနဲ့၊ ကဲ.... ဗီ အနီးအနား လမ်းလျှောက် ထွက်ကြရ အောင်'

'ကောင်းသားပဲ၊ ဒါနဲ့ အစ်ကိုရောဟင်'

'သူက အခန်းအောင်းပြီး အတွင်းအား ကျင့်နေတယ် လေ'

'ကြော်....'

နှစ်ယောက်သား စီလင်ရှုအား ခွင့်မပန်မိဘဲ သာယာ လှပသော ညဉ်၏ လရောင်အောက်၌ အလှပဆုံး နန်းကင်း ရှုမျှော်ခင်းကလေးကို လျှောက်ကြည့်ရန် ထွက်လာခဲ့ကြ သည်။

အပြင်သို့ရောက်သည်နှင့် ပူဆွေးစရာများကို လေပြေ လေညင်းက အဝေးသို့ တွန်းပို့ဖယ်ရှားပေးလိုက်သလို ဖြစ် သွားမိ၏။

လရောင်က သူတို့သွားလိုသည့်လမ်းဆီသို့ အလင်းပြပေး နေသည်။

နန်းကင်း၏ ညရှုခင်းကလေးကလည်း ပွဲတော် တစ်ခုပမာ တစ်မျိုးတစ်ဖုံ လှပနေသည်။

ဈေးဆိုင်ကလေးများ၏ မီးရောင်များက ဝန်းကျင်၌ လင်းထိန်နေပြီး လမ်းပေါ်၌ လူသွား လူလာ ပြတ်လတ်မှု မရှိသလောက်ဖြစ်၏။

နန်းကင်းသို့ရောက်လာသော ဧည့်သည်များကလည်း ည အချိန်ရောက်သည့်တိုင် အတိုးချ၍ လွတ်လပ် ပျော်ပါးစွာ ထွက် လည်ပတ်နေကြသည်။

များသောအားဖြင့် သိုင်းပညာကို တတ်မြောက်သော မိသားစုက များသဖြင့် အခြားနေ့များလို နှောက်ပြောင် ကျီစယ်ပြီး အနှောင့်အယှက်ပြုမည့်လူများ လုံး၀ မတွေ့ ရပေ။

နှစ်ယောက်သား မီးပုံးနီနီကြီးများ နဂါးရုပ်ကြီးများ မီးထွန်းညှိထားရာ အဆောက်အအုံများသို့ ငေးမောကြည့် ရင်း ဖြတ်သန်းလာခဲ့ကြ၏။

'သိပ်ကို လှပနေတာပဲနော်'

တစ်လမ်းလုံး ချူယီကိုက လှပသောည၏ ရှုခင်းကို တစ်ဝကြီး အရသာ ခံစားရင်း စကားတပြောပြောနှင့် လျှောက်လာခဲ့ကြ၏။

စီလင်ရှူ့တော့ အခုလောက်ဆို သူတို့ထွက်လာတာကို သိ လောက်ပြီ။

သူတို့နှစ်ဦးအား မှောင်ရိပ်ထဲမှ ဝံပုလွေတစ်ကောင်လို ချောင်းငံ့နေသည့် စူးရှသော မျက်လုံးတစ်စုံ လှုပ်ရှားဟန် ကို လိုက်လံကြည့်ရှုနေသည်။

'ဝှစ်....ဖတ်....ဖတ်'



အကွယ်တစ်ခုနှင့်တစ်ခု လျှပ်တပြက်ကူးချင်း လိုက်လာခဲ့ ၏။

နှစ်ယောက်စလုံးကတော့ လုံး၀ သတိပြုမိလေဟန် မတူ ချေ။

သူက မည်သူနည်း။

မိတ်ဆွေလော ရန်သူလော။

မည်သူကမျှ ကွဲကွဲပြားပြား မသိနိုင်ရှာသေး။

တောကြောင်နက်တစ်ကောင်လို ဝတ်ရုံနက်ကို ဆင်မြန်း ထားပြီး လူသတ်လက်နက်ကို ကိုင်ဆောင်လျက် နောက်ယောင် ခံလိုက်နေသည်ကို ကြည့်ခြင်းအားဖြင့် အန္တရာယ်ပေးမည့်သူ ဖြစ်ကြောင်း ထင်ရှားလှပေသည်။

ငွေကြိုးကြာဝမ်လန်းစံက ဝန်းကျင်ကို အကဲခတ်ကောင်း သူပီပီ ရိပ်ခနဲမြင်တွေ့ပြီး ပျောက်ကွယ်သွားသည့် အရိပ်တစ်ခု ကို စိတ်ထဲ မသင်္ကာသလို ဖြစ်လာသည်။

'ကဲ... ပြန်ကြရအောင်နော်'

'ဟယ်....ဝမ်ကလဲ ပြန်ချင်တော့လဲ ချက်ချင်းပဲ'

ကလေးငယ်လေးလို အလိုမကျလေဟန်နှင့် အပြစ်တင် ပြောဆိုနေသော ချူအား အန္တရာယ်ရှိကြောင်း ပြောပြလိုက် မည်ဆိုလျှင် စိတ်လှုပ်ရှား ကြောက်လန့်သွားမှာစိုး၍ သူကိုယ် တိုင်ပဲ စောင့်ရှောက်ခေါ်လာခဲ့၏။

အရိပ်က နောက်သို့ ခပ်လှမ်းလှမ်းမှ အမှောင်ကိုကွယ်၍ ပါလာနေတုန်း ဖြစ်၏။

ငွေကြိုးကြာ ဝမ်လင်းစံက ကစ်ချက်တစ်ချက် မသိမသာ အကဲခတ်နေမှုန်းကို သိလောက်သည်။

သို့ပေမယ့်မိန်းမသားနှစ်ယောက်တည်းမို့ ရဲတင်းလွန်းလှပေသည်။

သည်အတိုင်းဆို မကြာခင် သူတို့နှစ်ယောက်စလုံးအား တစ်နည်းနည်းနှင့် အန္တရာယ်ပေးတော့မည်ကို တွက်ဆလို့ရပြီ။

မည်သို့ ရှောင်ပြေးရမည်နည်း။

ဝမ်က အကယ်၍ တိုက်ခိုက်ခဲ့ပါလျှင် လွတ်မြောက်ရာလမ်းကို ခေါင်းထဲဘည့်၍ စဉ်းစားလာမိသည်။

'ဘာဖြစ်နေတာလဲ ဝမ်၊ မျက်နှာလဲ့ မကောင်းပါလား'

'ဘာမှ မဖြစ်ပါဘူး ချူရယ်'

ချူက ပုံစံအမူအရာပျက်နေမှုန်း သိသာလာသဖြင့် လှမ်းမေးလိုက်၏။

ဝမ်က လမ်းသို့ရောက်လာသည့်အထိ ချူအား လိမ်ညာနေဆဲ ဖြစ်၏။

'ဝှစ်....ဝှစ်'

'ချူ....'

'ရှပ်....'

'အား....'

ရန်သူ့ထံမှ လင်းလက်ထွက်ပေါ်လာသော ကြယ်တခုရာစလေးများကို ရုတ်တရက် မြင်တွေ့လိုက်ရသည်။

လက်နက်ပုန်း အဆိပ်ကြယ်လေးများ ဖြစ်၏။



ဝမ်က ချူကို ကမန်းကတန်း ပစ်တွန်းချလိုက်၏၊

သူ့လက်မောင်းသို့ ကြယ်လေးတစ်ပွင့်မှာ ရှပ်မှန်သွားသော်လည်း ချူကတော့ အန္တရာယ်စက်ကွင်းမှ လွတ်မြောက်သွားရှာလေပြီ။

'ယား....'

ဝမ်က ရန်သူ့ထံသို့ ဒေါသတကြီးနှင့် ရင်ဆိုင်တိုက်ခိုက်ရန် လွှားခနဲ ခုန်ဝင်လာခဲ့သည်။

ချူက ပုံလျက်သားလေး လဲကျနေရာမှ ဝမ်၏ သွက်လက်လှသည့် လှုပ်ရှားဟန်ကို ကြောင်အမ်းအမ်းလေး ငေးကြည့်နေလိုက်မိသည်။

'ဝှစ်....ဝှစ်'

'ဟိုင်း....'

'ဝိုး....ဝှစ်....ဝှစ်'

ဝမ်၏ သတ္တိကလည်း မခေလှ၊ ဓားတစ်လက်နှင့် အသက်အန္တရာယ်ကို အနီးစပ်ဆုံး တိုက်ခိုက်နေသည့် တစ်ကိုယ်လုံး အနက်ရောင် ဆင်မြန်းထားသည့် ရုပ်ဖျက်ထားသော ရန်သူကို လက်နက်မဲ့ ခုခံကာကွယ်နေရှာသည်။

'ချူ ပြေး....ပြေး....လွတ်အောင်ပြေး'

ချူအပေါ် ရန်သူက ထပ်မံတိုက်ခိုက်မည်ကို သိသဖြင့် စိုးရိမ်တကြီးနှင့် သတိပေး အော်ဟစ်နေပြန်သည်။

သို့ပေမယ့် ချူကတော့ ဝမ်ကို တစ်ယောက်တည်းထား၍ ထွက်မပြေးဝံ့ပေ။

'ဝိုး....'

'ဖြောင်း....'

'အင့်....'

ဝမ်က ရန်သူ၏ ဓားချက်ကို ဝေ့ရှောင်လျက်လေထဲတွင် ဝဲပျံ၍ ပစ်ဆန်လိုက်၏။

ရန်သူက အလူးအလိမ့် ခံနေရရှာလေပြီ။

ချူက တစ်ယောက်တည်းတိုက်ခိုက်နေသော ဝမ်ဆီသို့ကူ၍ တိုက်ခိုက်ရန် ပြေးလာခဲ့သည်။

ရန်သူက ချူကို မြင်လိုက်သဖြင့် သူမနှင့် တိုက်ခိုက်မှုကို အပြီးသတ်ပြီး သူမထံသို့ ဦးလှည့်တိုက်ခိုက်ရန် ကြိုးစားလိုက်၏။

'ဟိုင်း....'

'ဖြောင်း....ဖြောင်း'

သို့ပေမယ့် ဝမ်က ရန်သူအား ချူထံသို့ မရောက်မခံဘဲ ရှေ့မှ ပိတ်ဆို့ တိုက်ခိုက်လျက်ရှိ၏၊

ချူက အနီးသို့ ရောက်ရှိလာခဲ့လေပြီ။

ရန်သူကို ဝမ်၏နည်းတူ ဖင်ဆိုင်ရန် အသင့်ပြင်ထားလိုက်သည်။

နှစ်ယောက်နှင့် တစ်ယောက် ဖြစ်နေပေမယ့် မိန်းမသား နှစ်ယောက်မို့ ရန်သူက အထင်အမြင် သေးသိမ်လေဟန်ရှိသည်။

တိုက်ပွဲက ပြင်းထန်လာသည်။

'ဟိတ်'

'ခြွမ်....ခြွမ်....ခြွမ်'



ပျော့ပျောင်းသောဓားက သံမဏိပြားကို ဆန့်ထုတ်ပြီး တိုက်ခိုက်လိုက်သလို သူတို့ နှစ်ဦးထံ ဆန့်ထွက်ရောက်ရှိလာခဲ့သည်။

တစိစိ ဖြတ်သန်းနေသော ဓားချက်များက ရှောင်ရခက်လာပါပေ့။

'ဝမ်....သတိထားနော်၊ အတင့်မရဲနဲ့'

ချူက အနီးကပ် တိုက်ခိုက်နိုင်ဖို့ကို စိတ်လိုက်မာန်ပါ ကြိုးစားနေသည့် ဝမ်အား မကြာခဏ သတိပေးနေရသည်။

ဝမ်တစ်ယောက်ကတော့ ပျော့ပျောင်းသော ဓားရိပ်အောက်မှာ လွှားခနဲ ခုန်ရှောင်လိုက်ပြီး နှစ်ဦးစလုံး၏ လွတ်မြောက်ရာ လမ်းစကို ရှာဖွေနေသည်။

ရန်သူက ဘာကြောင့်များ သူတို့နှစ်ဦးကို သဲကြီးမဲကြီး တိုက်ခိုက်နေရသနည်း။

အကြိုးကိစ္စ တစ်ခုခုတော့ ရှိနေမှာ သေချာသည်။

ရန်သူ၏ တိုက်ကွက်များက ချူယီကိုအား မလွှတ်တမ်း တိုက်ခိုက်နေသည့်အတွက် သူမ၏ ရန်သူသာဖြစ်ကြောင်း ဝမ်က သိလိုက်၏။

လက်မောင်းမှ ဒဏ်ရာက နာကျင်စွာ ခံစားနေရသော်လည်း ရန်သူ့ လက်ထဲတွင် အသက်အသေမခံချင်။

ချူယီကိုက တိုက်ပွဲအတွေ့အကြုံ မရှိသူဖြစ်၍ရှောင်ကွက်များက မှားယွင်းနေတတ်၏။

ဝမ်အပင် သတိတစ်း ထိန်းနေရသေးသည်။

သူတို့နှစ်ယောက် တိုက်ခိုက်နေသောနေရာက လူပြတ်လှသဖြင့် ကူညီမည့်လူဟူ၍ မရှိ။

တိုက်ပွဲအတွေ့အကြုံနှင့် ကိုယ်ခံအားတို့က ရေရှည်တိုက်ပွဲတစ်ခုကို ထိရောက်မှု ရှိနိုင်ကြောင်းကို သိအောင် ပြောင်းလဲလာစေသည်။

ရန်သူက အဆင့်မြင့် သိုင်းသမားပီပီ ကြံ့ခံမြင့်စွာ တိုက်ခိုက်နေသော်လည်း စွမ်းအင်က လုံး၀ လျော့ကျ မသွားခဲ့။

သွက်လက်လှသော သိုင်းကွက်များနှင့် အားမာန်အပြည့် တိုက်ခိုက်နေဆဲ။

'ဝှီး....ဝှီး....ဝှစ်....ဝှစ်'

ဝမ်က ချူယိကိုအား မထိခိုက်စေရန် ပြင်းထန်လှသော ဓားချက်များကို ရှောင်တိမ်း ကာကွယ်ပေးလျက် ရှိသည်။

တရကြမ်း တိုက်ခိုက်လာသော တိုက်ကွက်ကို နောက်ဆုတ်၍ ရှောင်တိမ်းလိုက်စဉ်....

'အိုး....'

'ဘုန်း'

ချူယိကိုက အမှောင်အကွယ်မှ ကျောက်တုံးတစ်တုံးအား ခလုတ်တိုက်မိပြီး လဲကျသွားလေတော့သည်။

ဝမ်၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွားခဲ့သည်။

ချူယိကို၏ လက်ကို ဆွဲယူ၍ တစ်ဖက်သို့ တွန်းရန် ပြင်ဆင်ခိုက်....

'ဝှီး....'



'ဒုတ်....'

'အင့်....'

'ဟင်....ဝမ်'

ရန်သူ၏ လှမ်းပစ်လိုက်သော ဓားတစ်စင်းက ရင်ဝသို့ စိုက်ဝင်သွားခဲ့လေပြီ။

ဝမ်တစ်ယောက် ဒဏ်ရာနှင့် နာကျင်စွာ ခံစားနေရာမှ ချူယိကိုအား တိုက်ခိုက်ခွင့်မရအောင် အတင်းပိတ်ဆို့ထားခဲ့လေပြီ။

ဓားက နှလုံးသား တည့်တည့်ကို စူးစိုက်ဝင်ခဲ့ခြင်းဖြစ်၍ မဟန်နိုင်တော့ဘဲ မြေပြင်ပေါ်သို့ ဘုန်းခနဲ လဲကျသွားရှာလေသည်။

'ဝမ်....'

ချူယိကိုက ကြေကွဲသံနှင့်လှမ်းအော်လိုက်၏။ သူမ ဘာမှ မတတ်နိုင်တော့။

ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

အန္တရာယ် တက်ကွင်းမှ လွတ်ကင်းရာသို့ အမြန်ဆုံးပြေးနေမိသည်။

'ဟိတ်....မပြေးနဲ့လေ'

ရန်သူက ဝမ်၏ ရင်ဝ၌ စိုက်နေသော ဓားကို ဆွဲနုတ်၍ သူမနောက် ဆက်လိုက်လာသည်။

ရန်သူက သဲကြီးမဲကြီး လိုက်နေဆဲဖြစ်၏။

သူမ ရန်သူ့လက်မှ လွတ်မြောက်ရန် လမ်းစ မမြင်နိုင်ခဲ့ရှာပေ။

'ယား....'

'ဖြောင်း....'

'ဝုန်း....'

ရုတ်ဘရက် ကြုံးဝါးအော်ဟစ် တိုက်ခိုက် လိုက်သော အယ်တင်ရှင်ကြောင့် ချူ၏အသက် ရန်သူ့လက်သို့ ရောက်ခါနီး အချိန်လေး၌ လွတ်မြောက်သွားခဲ့၏။

'စီလင်ရှု'

ရန်သူနှင့် ရင်ဆိုင်ရမည့်လူက စီလင်ရှု ဖြစ်ကြောင်းကို အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။

'ချူ...ဘာမှ မစိုးရိမ်နဲ့၊ ခပ်ဝေးဝေးမှာပဲနေ'

'ထန်း....ထန်း....ထန်း'

'ခြွမ်...ခြွမ်'

တဒင်္ဂ အတွင်းမှာပင် ပြင်းထန်သော တိုက်ပွဲတစ်ခု၏ ဓားသံများ ဆူညံစွာ ပေါ်ထွက်လာခဲ့လေသည်။

နှစ်ယောက်စလုံးက တစ်ဦးနှင့်တစ်ဦး အလွတ်မပေးဘဲ တိုက်ခိုက်လျက်ရှိကြ၏။

စီလင်ရှုက နှင်းဓားကို သံပူအောင် စိတ်ပိုင်းနေရသဖြင့် စိတ်မရှည်နိုင်အောင်ဖြစ်နေမိသည်။

သံပူတိုက်ပေးမှ ဓားစွမ်းက တဖြည်းဖြည်း ထက်မြက်လာမည့်ကိစ္စမို့ ခံစစ်နေရာမှ အကာအကွယ်ယူ၍ တိုက်ခိုက်နေရခြင်းသာ ဖြစ်ပါသည်။

'ဝှီ...ဝှစ်'

'ထန်း....ထန်း....ထန်း'



ပိုင်ကွက်ရပြီအထင်နှင့် ခုတ်ပိုင်းနေသော ဓားထမား အတွက် မျှော်လင့်ထားသလို ဖြစ်မလာနိုင်ခဲ့၊ စီလင်ရှု၏ ကာကွယ်ပုံက လုံခြုံလှပေသည်။

ဓားသမားအာ တိုက်ခိုက်နေရင်း အားမလိုအားမရဖြစ်လျက် အပေါ်စီးမှ ဓားကိုမိုး၍ လွှားခနဲ ခုန်ခုတ်ရန်ကြံစည်လိုက်၏။

'ခြွမ်း....'

နှင်းဓားက ရန်သူ့ဓားကို ဖျက်ဆီးပစ်လိုက်လေပြီ။

ရန်သူက အတော့်ကို တုန်လှုပ် ချောက်ချားသွားဟန်ရှိသည်။

စီလင်ရှုက လက်နက်မဲ့သူတစ်ယောက်အပေါ် အခြောက်တိုက် အနိုင်ယူလိုစိတ်မရှိပေမယ့် ရက်စက်စွာ အသတ်ခံလိုက်ရသော ဝမ်အတွက် အတော့်ကို ခံပြင်းသော ဒေါသစိတ်ဖြင့် ရန်သူအား လွတ်ထွက်မသွားအောင် တိုက်ခိုက်လိုက်၏။

'ရှပ်....'

'အား....'

ရန်သူ၏ လက်မောင်းကို ဓားသွားနှင့် မှန်းလိုက်လေသည်။

'ဝှီး....'

'ပွစ်....'

စီလင်ရှု၏ဓားရိပ်မှ လွတ်အောင် ရ သူက သတိထား ရှောင်တိမ်းနေပြန်သည်။

စီလင်ရှုက ဒဏ်ရာရထားသော ရန်သူကို ပြေးပေါက်မရှိအောင် ပိတ်ဆို့ထားလိုက်၏။

'ဟိုင်း....'

'ယား....'

'ခွပ်....'

'အား....'

စီလင်ရှုက ဓားဖြင့်ခုတ်ပိုင်းရန် ပြင်ဆင်လိုက်စဉ် ရန်သူက လွှားခနဲ တိမ်းရှောင်ဖို့ ကြိုးစားလိုက်၏။

သို့သော် သူ ရှောင်မည့်နေရာသို့ စီလင်ရှု၏ ဓားသွားက ထောက်မိလျက်သား ဖြစ်သွားခဲ့လေသည်။

ရန်သူက နှင်းဓား၏ ပွဲဦးထွက် တိုက်ခိုက်မှုအောက်၌ နိဂုံးချုပ်သွားခဲ့လေပြီ။

ချူယီကိုက ရန်သူ့ အလောင်းနားသို့ ပြေးလာရင်း ခေါင်းမြီးခြုံထားသည့်ဝတ်ရုံကို အသာအယာလှပ်ကြည့်လိုက်သည်။

'သံတင်းပုတ် ချင်းရှန်ပါလား'

သူမကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားသူမှာ တခြားလူမဟုတ်ဘဲ နယ်စား ကျောက်ပိယန်၏ တပည့်ဖြစ်ကြောင်း သိရှိလိုက်ရလေပြီ။

'သူ့ကို ချူ သိလို့လားဟင်'

'သူက နယ်စား ကျောက်ပိယန်ရဲ့ တပည့်အရင်းပဲ အစ်ကို'

'ဒီလိုဆိုရင် နန်ကင်းနယ်မှာ ငါတို့အတွက် အန္တရာယ်က တပ်လှန့်လိုက်ပြီပေါ့'

( ၇၂ )

ချူယီကို၏ စိန်ခေါ်သံ

'တောက်'

နယ်စား ကျောက်ပိယန်က သံတင်းပုတ် ချင်းရှန်၏ အလောင်းကိုကြည့်ရင်း ဒေါသပုန်ထလျက် ရှိ၏။

ချင်းရှန်၏ အလောင်းထဲမှ စိန်ခေါ်သည့် စာကလေးတစ်စောင်ကို ရလိုက်သောကြောင့် ပို၍ ဒေါက်ချားသွားရသည်။

ကျောက်ပိယန်

နန်ကင်း ဓားကွင်းမှာ

ကျားနဲ့ဆင် တွေ့ဖို့သာပြင်ပေတော့။

ချူယီကို

ချူယ်ကိုဆိုသော နာမည်ကို အဖန်ဖန် ရေရွတ်မိတိုင်း ဇီဂျင်ဟိုး၏ သမီးကလွဲလျှင် တခြားလူ မဖြစ်နိုင်မှန်းကို သိလိုက်ရလေပြီ။

သို့သော်လည်း ချင်းရှန်ကိုယ်တိုင် ချူယ်ကိုအား အသေသတ်၍ မှော်ဓားကို ရယူခဲ့သည်ဟု ပြောခဲ့ဖူးသည်။

ချင်းရှန်က သေဆုံးနေပြီဖြစ်၍ ထိုအကြောင်းကို မသိရှိနိုင်ရှာတော့။

နယ်စား စဉ်းစားစရာ ဖြစ်လာခဲ့သည်။

သူ့လက်ထဲ၌ ရရှိခဲ့သော မှော်ဓားကိုပင် အစစ်ဖြစ်ကြောင်းကို မယုံကြည်နိုင်လောက်အောင် သံသယများ ဖြစ်ပေါ်လာခဲ့သည်။

အစေယ်၍ အတုဖြစ်ခဲ့ပါက ပြိုင်ပွဲ၌သူအနိုင်ရရှိဖို့ ယုံကြည်စိတ်ချထားလို့ မဖြစ်နိုင်သေး။

ပြိုင်ပွဲ၌ ယှဉ်ပြိုင်ရမည်ကိုပင် လိပ်ပြာမသန့်သလို ဖြစ်လာမိသည်။

ချူယ်ကိုက ထိုပြိုင်ပွဲ၌ ဖခင်အတွက် လက်စားချေဖို့ ပါဝင်လာမည်မှာ သေချာနေပြီ။

သိုင်းပညာရှင်များကြားထဲ၌ ချူယ်ကို ပါဝင်ရဲသည်မှာ သူ့လက်ထဲတွင် မှော်ဓား နောက်ထပ်တစ်ချောင်းများ ရှိနေလေရော့သလား။

နယ်စားကျောက်ပိယန် စဉ်းစားရင်း ခေါင်းရှုပ်လာခဲ့သည်။

'ပြိုင်ပွဲဝင်ဖို့ စာရင်းတွေ ယူခဲ့စမ်း'



ပြိုင်ပွဲဝင်မည့် လူစာရင်းကို တောင်းယူလိုက်၏။

စာရင်းများကို သူ စစ်ဆေးကြည့်ရှုလိုက်မိသည်။

စေ့စပ်သေချာမှုရှိအောင် အကြိမ်ကြိမ် စစ်ဆေးကြည့်ရှုနေပေမယ့် ပြိုင်ပွဲဝင်မည့်သူများ၏ စာရင်းထဲတွင် ချူယ်ကိုဆိုသော နာမည်တစ်လုံးမှ မပါခဲ့။

'ဘယ်လိုသဘောပါလိမ့်'

နယ်စား ဦးနှောက်ခြောက်လာသည်။

ချူယ်ကိုက သူ့အား စိန်ခေါ်ခဲ့သလို စာကို သေချာအောင် ထပ်မံ ဖတ်ရှုလိုက်မိပြန်သည်။

စာကတော့ ထင်ထင်ရှားရှား သိသာမှအောင် ရေးပြထားခြင်းသာ ဖြစ်သည်။

'အင်း....ဒါဟာ တမင် ပြိုင်ပွဲကို အနှောင့်အယှက်ပေးလိုတဲ့ သဘောပဲလား'

နယ်စား မေးခွန်းအမျိုးမျိုးတုတ်၍ စစ်ဆေးကြည့်နေသမျှ မရေမရာ အဖြေတစ်ခုခုကိုသာ ရရှိနေသောကြောင့် စိတ်အိုက်နေမိသည်။

ကျောက်ပိယန်က မှော်ဓား ကျိန်စာသင့်ခံနေရသည့် လူတစ်ယောက်လို အတိတ်တစ္ဆေ ခြောက်လှန့်မှုကို ခံနေရသူဖြစ်သည်။

မှော်ဓားသခင်ဟူသော ဂုဏ်ထူး ဘွဲ့ထူးအောက်၌ တပည့်အပန်းပေါင်းများစွာနှင့် ကြီးကျယ်ခမ်းနားစွာ နေထိုင်လိုပြီး ဒုစရိုက်လုပ်ငန်းများကို ဟန့်တားမည့်သူ မရှိလောက်အောင် လုပ်ကိုင်ချင်သူဖြစ်၏။

သူကိုယ်တိုင် ကြီးမှူးကျင်းပမည့် သိုင်းစွမ်းရည်ပြပွဲ၌ သူ့ထာလျှင် ခင်းမူနိုင်သူမရှိ အနိုင်ရလိုသည်။

ထို့ကြောင့် မှော်ဓားမကို မြေလှန်ရှာဖွေခဲ့သည်။

သို့ပေမယ့် မတွေ့။

ကံအားလျော်စွာ သံတင်းပုတ် ချင်းရှန့်ထံမှ ရရှိခဲ့ပြီးမှ သူ့အား စိန်ခေါ်ရဲသည့် ချူယိကိုကြောင့် စိတ်အနှောင့်အယှက် ဖြစ်လာခဲ့မိသည်။

'သင်းက ငါ့ကို ဘယ်သိုအားကိုးနဲ့ စိန်ခေါ်ပါလိမ့်၊ မှော်ဓားအကြောင်း သိရှိထားသူက ခုလို စိန်ခေါ်ရဲတယ်ဆိုတော့ ငါ့အတွက် အကြောင်းထူးတစ်ခုတော့ ရှိပြီထင်ပါရဲ့'

တွေရာလေးပါး စဉ်းစားရင်း မှော်ဓားနှစ်ချောင်းကို လှမ်းကြည့်လိုက်မိ၏။

မှော်ဓားများက ဘာမှမပြောင်းလဲ၊ တန်ခိုးဣဒ္ဓိပါဒ်ရှိထလို တောက်ပနေဆဲ၊

စီလင်ရှူနှင့် ချူယိကိုတို့နှစ်ယောက် ဝမ်၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်၍ ဂါရဝပြုနေမိသည်၊

ဝမ်ဘစ်ယောက်က သစ္စာရှိစွာ အသက်ပေးသွားပြီ မဟုတ်ပါလား၊

မြေပုံပေါ်တွင် ဝမ်နှစ်သက်သော ပန်းဖြူဖြူကလေးများ ပြန့်ကျဲနေသည်။

ဝမ်က သူတို့နှစ်ဦးအတွက် သစ္စာအရှိဆုံး သူငယ်ချင်းကောင်း တစ်ယောက်သာဖြစ်သည်။



'ဝမ်ရယ်... နင့်အတွက် ငါတို့ အရမ်းကို ဝမ်းနည်းကြေကွဲရပါတယ်၊ လောကကြီးထဲ နင်မရှိပေမယ့် နင်ဖြစ်စေချင်တဲ့ ဆန္ဒတွေနဲ့ အများအကျိုးကို ဆောင်ရွက်သွားပါမယ်လို့ သစ္စာပြုပါတယ်'

မြေကျစ်စာခဲလေးကို ဆုပ်ကိုင်ရင်း စီလင်ရှူက သစ္စာပြုနေသည်။

ချူယိကိုကတော့ မျက်ရည်မကျအောင် ထိန်းထားပေမယ့် ရင်ထဲ၌ ငိုရှိုက်သံတို့ ထွက်ပေါ်နေသည်။

သူ့အသက်ကို ကယ်ရင်း အသက်စွန့်သွားရသူ ဝမ်ကို ဘယ်လိုမှ မေ့နိုင်မည်မဟုတ်တော့ပါ။

နယ်စားကျောက်ပိယန်၏ ရက်စက်မှုကြောင့် မှော်ဓားကိစ္စနှင့် သေဆုံးခဲ့ရသူပေါင်း မနည်းတော့။

ထို့ကြောင့် ချူယိကိုက နယ်စားအပေါ် ခါးသီးစွာ နာကြည်းနေမိသည်။

ဘယ်တတ်နိုင်မလဲ ချူရယ်၊ သူ့အဖြစ်က သေနေ့စေ့ချိန်မှ အပြင်ထွက်လည်ချင်တာကိုး'

လသာသောနေ့ကလေးကို ချူ ပြေးသတိရမိလိုက်၏။

ထိုနေ့က အပြင်သို့ထွက်လည်ဖို့ ဝမ်က သူမအား အတင်းခေါ်ခဲ့သည်ကိုလည်း မမေ့။

ထိုကိစ္စအား စီလင်ရှူကို အမှန်အတိုင်း ဖွင့်ပြောလိုက်၍ သိရှိသွားခဲ့ခြင်း ဖြစ်၏။

'အခုလောက်ဆို နယ်စားကျောက်ပိယန် ချောက်ချားနေရောပေါ့နော်'

'ဟုတ်တယ်အစ်ကို၊ ပြိုင်ပွဲကျရင်သာ သူ့ကိုသတိထားဖို့ လိုလိမ့်မယ်၊ ကျောက်ပိယန်ဟာ အကြံပက်စက်တဲ့လူပဲ'

စီလင်ရှက စကားစပေးလိုက်သည်နှင့် ချူယဲ့ကို မှုန်းတီးနေသူ ကျောက်ပိယန်အပေါ် နာကြည်းလေသမျှ စွဲချက်တင် ပြောဆိုနေမိသည်။

'သံတင်းပုတ် ချင်းရှန်ကို နယ်စားက လုပ်ကြံခိုင်းတယ်ဆိုတာ သေချာလို့လား ချူရယ်'

'သိပ်သေချာတာပေါ့၊ ဖေဖေ့ကို လုပ်ကြံသတ်ဖြတ်ပြီး အကည်းက ကျောက်ပိယန်ဟာ ချူကို အကြိမ်ကြိမ် သတ်ဖြတ်ဖို့ ကြိုးစားခဲ့တာပဲ အစ်ကို'

'မဟုတ်သေးဘူးချူ၊ ကျောက်ပိယန်လိုလူမျိုးဟာ သူလိုချင်တဲ့ မှော်ဓားကိုရရင် အသက်ကို ဘယ်နည်းနဲ့မှ ရန်ရှာမှာ မဟုတ်ဘူးလို့ အစ်ကိုယူဆတယ်'

လေးလေးနက်နက် စဉ်းစားစရာ တစ်ခုပမာ ဖြစ်သွားခဲ့သည်။

မည်သို့ဆိုစေ သံတင်းပုတ်ချင်းရှန်ကြောင့် ဝမ်သေဆုံးသွားရခြင်းက အခဲမကျေနိုင်စရာ ဖြစ်လာသည်။

'ဒီပြိုင်ပွဲမှာ အစ်ကို့အနေနဲ့ မာန်တွေအာဃာတ အငြိုးတွေနဲ့ လက်စားချေဖို့ ယှဉ်ပြိုင်ဖို့ စိတ်ကူးမရှိတာ အမှန်ပဲ'

တရားမျှတတဲ့ စွမ်းရည်ပြပြိုင်ပွဲ ဖြစ်လာစေဖို့ ကိုယ့်ဘက်က အားထုတ်ရလိမ့်မည်၊ ဒါကြောင့် ရန်တုံ့ရန်ခြေကင်းပြီး နှင်းဓားကို လူအများက ယုံကြည်ကိုးစားလာအောင် ပြဖို့အခွင့်ပါပြီ ညီမရယ်'



စီလင်ရှ၏စကားက ယုံကြည်လေးစားဖွယ် ကောင်းလှသလို ဂုဏ်ယူလောက်အောင် နှင်းဓားကို ပြိုင်ပွဲ၌တရားမျှတစွာ အသုံးပြု၍ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သစ္စာထားတိုင် ဖြစ်တော့သည်။

ချူယဲ့ကိုက လှမ်းကြည့်ရင်း ကြည်နူးမှုပီတိ ဖြာဝေနေမိ၏။

**အထိုက်တန်ဆုံးသူ**

နောက်တစ်နေ့ ပြိုင်ပွဲဝင်ရတော့မည့်အတွက် လေ့ကျင့်မှုကို ပြင်းထန်စွာ ပြုလုပ်နေရသည်။

ပြိုင်စံရှား ဓားကိုးချက်ကို ကျေညက်အောင် တိုက်ကွက်ဆင် လေ့ကျင့်နေရသည်မို့ ပင်ပန်းရမှန်းမသိအောင် ဖြစ်မိနေသည်။

ချူယီကို သင်ကြားပေးထားသော ဓားကျမ်း၌ ပါရှိသော လျှို့ဝှက်တိုက်ကွက်များကြောင့် သိုင်းလောကတွင် ဘုရင်တစ်ဆူ ဖြစ်လာနိုင်သည် မဟုတ်ပါလား။

သူ့နဖူး၌ ချွေးပြိုက်ပြိုက်ကျဆင်းနေသည်။

ကျန်းမာရေး ကောင်းလာကတည်းက သက်လုံကောင်းအောင် ထွက်သက်ဝင်သက်နှင့် ခြေချက်ကို တိုက်ကွက်ဆင်တိုင်း စည်းချက်ကျကျ မှတ်တတ်အောင် လေ့ကျင့်မှု လုပ်လာခဲ့သည်။

မာကျော ကျစ်လျစ်လှသည့် ယောက်ျားပီသသည့် ခန္ဓာကိုယ်နှင့် နှင်းဓား တွဲဖက်လိုက်သောအခါ သူ့ပုံစံက ယောက်ျားပီသသော လူတစ်ယောက် ဖြစ်လာသည်။

ခက်ထန်မာကျောသည့် မျက်နှာနှင့် စိတ်တည်ငြိမ်မှုရှိအောင်သာ ထိန်းချုပ်ထားလိုက်ပါလျှင် တစ်ဖက်ပြိုင်ဘက်က မြင်မိရုံနှင့်ပင် တုန်လှုပ်ချောက်ချား သွားစေနိုင်ခဲ့သည် မဟုတ်ပါလား။

ချူယာမိကိုကတော့ ပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် စီလင်ရှကို ကြည့်ရင်း အားရကျေနပ်နေမိသည်။

သည်ပွဲတွင် စီလင်ရှသာ အနိုင်ရရှိရမည်။

နှင်းဓားသာလျှင် သိုင်းလောကတစ်ခုလုံး လွှမ်းမိုးထားစေရမည်ဟူသော ယုံကြည်ချက် ပြင်းထန်သော စိတ်က ခွကပ်နေရှာသည်။

ရေအေးအေးလေးတစ်ခွက်နှင့် ချွေးသုတ်ကို ကိုင်လျက် စီလင်ရှ၏အပေါ်တွင် အားပေးနေမိသည့်ဘဝဟာ ချူအတွက် ကြည်နူးဖွယ် ကောင်းလှပေသည်။

ချူ အနားတွင်ရှိနေကြောင်း သိသော်လည်း သူကတော့ လေ့ကျင့်မှုကိုမပျက် အာရုံစူးစိုက်မှုလည်း လျော့မသွား၊ ဓား၏ ဝိညာဉ်ဟာ သူ့ကိုယ်၌ ပူးကပ်နေသလိုပင် အတွင်း



အားကို လိုသလိုချိန်ဆ၍ ဓားကွက်တိုင်း ထိရောက်မှုရှိလာစေရေးအတွက် ဝီရိယအပြည့်နှင့် လေ့ကျင့်နေသည်။

စီလင်ရှ လေ့ကျင့်ခြင်းကို တခဏလျှော့ချပြီး ရပ်နားလိုက်ရင်း ချူယာမိကိုထံသို့ လျှောက်လာခဲ့၏။

'ချူရောက်နေတာ ကြာပြီလားဟင်'

'ကြည့်....အစ်ကိုကတော့ လုပ်ပြီ၊ ဓား၊ တစ်လက်နဲ့သာ သိုင်းလေ့ကျင့်နေရရင် အနားမှာ ချူရောက်နေမှန်းတောင် သတိမထားမိတော့ဘူးပေါ့လေ'

မျက်နှာလေးကို ဟန်မင်သုန်သုန်မှုန်မှုန်လေးလုပ်ရင်း အပြစ်တင် ပြောဆိုလိုက်သည့်အတွက် သူ အနေရခက်လှ၏။

'မဟုတ်ရပါဘူး ချူရယ်၊ အစ်ကိုက ဓားကွက်တွေကို အာရုံစိုက်နေရတော့ ချူ အကြာကြီး စောင့်နေရမှာကို အားနာနေမိလို့ပါ'

'ချူက နောက်တာပါ အစ်ကိုရယ်၊ ဒီအချိန်မှာ ချူထက် ပြိုင်ပွဲကပိုပြီး အရေးကြီးနေမှန်း နားလည်ပြီးသားပါ'

စီလင်ရှက ချွေးသုတ်လိုက်ရင်း ချူ၏ မျက်နှာလေးကို ငေးကြည့်နေမိသည်။

အပြစ်ကင်းစင်လှသည့် ကျက်သရေရှိသော မျက်နှာလေးပင် ဖြစ်၏။

'ချူ....'

'ဘာလဲ....အစ်ကို'

'အစ်ကို ချူ့ထံက ကတိစကားတစ်ခုလောက် တောင်းချင်တယ်'

ထူးဆန်းလှသည့် စကားတစ်ခွန်းကြောင့် ချူ အံ့အားသင့်သွားမိသည်။

ချူအနေနှင့် သူ့ထံမှ ဘယ်သို့ကတိစကား တောင်းခံမည်ကို ဝမ်းမသေချာသေးမီ တိတ်တိတ်ကလေး ပြောပြခဲ့ဖူးသဖြင့် သိရှိနားလည်ပြီး ဖြစ်သည်။

ထို့ကြောင့် စီလင်ရှု၏ အကြည့်ကို လွှဲဖယ်ထားပေမယ့် ရင်တွေ တလှပ်လှပ် ခုန်နေ၏။

'ချူ ဘယ်လို ကတိမျိုးပေးရမှာလဲ အစ်ကို'

သူ့စကားသံက တုန်ယင် လှိုက်မောစရာတို့ ရောစွက်ပါနေမှန်း သိသာလှပေသည်။

'ချူ့ကို အစ်ကို မေတ္တာမျှနေတာ ကြာခဲ့ပါပြီ၊ ဒါပေမယ့် ပြောဖို့ အခွင့်အခါကို စောင့်နေ ခဲ့ရတယ်လေ၊ ဘာကြောင့် ဆိုတာတော့ ချူသိမှာပါ'

အစ်ကိုဟာ ကိုယ်မြတ်နိုးတဲ့ သိုးပညာနဲ့ ဘဝကြင်ဖော်အဖြစ် တွယ်တာရမယ့် ချစ်သူအပေါ် တန်ဖိုးထားတတ်လွန်းလို့ပေါ့'

စကားကို တစ်လုံးချင်း ရင်ထဲသို့ရောက်လာစေရန် လေးနက်စွာ ပြောဆိုလိုက်သည့်အတွက် ဝမ်းသာမှုများ လှိုက်တက်လာခဲ့သည်။

'နှင်းခါးဟာ ဘွားဘွားဝ ကိုယ်တိုင် အမျှားအကျိုးကို သယ်ပိုးနိုင်ဖို့ နှင်းအပ်ထားတဲ့ ဘဝရဲ့ အထိုက်တန်ဆုံးဆုဖြစ်သလို....



'အစ်ကိုတောင်းမယ့် ကတိစကားတစ်ခွန်းဟာလဲ ကိုယ့်ဘဝတစ်လျှောက်လုံးအတွက် အထိုက်တန်ဆုံးဆုအဖြစ် သတ်မှတ်ထားမိတယ်လေ'

'ချူ....'

ချူယံကိုက မျက်တောင်ကော့ကလေးများကို ပုတ်ခတ်၍ ဖြည်းညှင်းစွာ မော့ကြည့်လိုက်၏။

အစ်ကိုက ချစ်တယ်မဟုတ်လားဟင်'

ချူ ခေါင်းလေးညိတ်ပြလိုက်မိသည်။

ပြီးမှ....

ချူကိုမေးဖို့ လိုသေးလို့လား အစ်ကိုရယ်'

'ဝမ်းသာလိုက်တာ ချူရယ်၊ အစ်ကို ကျေနပ်ပါပြီ'

စီလင်ရှုက သတိလက်လွတ်နှင့် ချူ၏ လက်ကလေးကို နွေးထွေးစွာ ဆုပ်ကိုင်လိုက်မိသည်။

ကြမ်းတမ်းလွန်းလှသည့် သိုင်းသမားတစ်ဦး၏လက်ဖဝါးနှင့် အေးစက်နူးညံ့နေသည့် မိန်းကလေးတစ်ဦး၏ လက်ဖဝါးလေးမှာ မည်မျှပင်ခြားနားလှသော်လည်း ရင်ခုန်သံ ပင့်သက် နှလုံးသွေးစက်တို့က တူနေမည်မှာ သေချာနေသည်။

ပြိုင်ပွဲ၌ အနိုင်ရရှိရေးအတွက် ချစ်သည် အရေးကြီးဆုံး အင်အားတစ်ခုဖြစ်ကြောင်း စီလင်ရှု တောင်းစွာနားလည် လိုက်မိသည်။

အခုတော့ သူ့အတွက် မျှော်လင့်ချက်တစ်ခု ပြည့်ဝလာခဲ့ရှာလေပြီ။

ချူကာ ရှက်စိတ်ကြောင့် မျက်နှာလေး နီမြန်းစ ပြုနေသည်။

စီလင်ရှ၏ လက်တစ်ဖက်တွင် ကိုင်ဆောင်ထားသည့် နှင်းဓားကို လွှဲပြောင်းယူလိုက်ရင်း လွတ်လပ်ပျော်မွေ့စွာ ချစ်သူ ပခုံးလေးကို မှီထားလိုက်၏။

ညနေခင်းလေးက သူတို့အတွက် မမေ့နိုင်စရာ အလှပဆုံးသာ ဖြစ်ခဲ့လေပြီ။

ကျီစယ်တိုက်ခတ်လိုက်သော လေညင်းကလေးကသောတအပူတို့ကို အဝေးသို့ သယ်ဆောင် သွားရှာလေပြီ။

ချစ်သူနှစ်ဦးအတွက်တော့ ကြည်နူး ချမ်းမြေ့စရာပင်။

( ၃၄ )

ရွှေသရဖူဟာ ဘယ်သူ့အတွက်လဲ

'နန်ကင်းနယ်လုံးဆိုင်ရာ သိုင်းပြိုင်ပွဲကြီး'

အဝတ်စနီကြီးပေါ်၌ ရွှေစာလုံးကြီးများက ထင်းနေသည်။

ခုနစ်ရက်၊ ခုနစ်လီ ပြုလုပ်ကျင်းပသော သိုင်းစွမ်းရည်ပြပွဲ၏ နောက်ဆုံးနေ့ ဖြစ်သောကြောင့် ရွှေသရဖူကြီးကို မည်သူရမလဲမည်လဲဆိုသည့် စိတ်ဝင်စားမှုများနှင့် ရောက်ရှိနေသောလူများက စည်ကားလှပေသည်။

ကျင်းပပြီးသော ရက်များအတွင်းက အသက်ဆုံးရှုံးခဲ့ရသည့် သိုင်းသမားများကို မေ့လျော့ ထားလိုက်ကြလေပြီ။

မည်သည့် သိုင်းသမားမဆို မည်သို့သော လက်နက်ကိုင်စွဲ၍ ပြိုင်ပွဲဝင်နိုင်သည်ဟူသော စည်းကမ်းအရ လွတ်လပ်စွာ ခွင့်ပြုထားသည့် ပြိုင်ပွဲတစ်ခုသာ ဖြစ်ပါသည်။

သိုင်းပညာစွမ်း ထက်သူက အသက်တစ်ချောင်းကို အတိဖြတ်ပြနိုင်မှ ဂုဏ်ဝင့်နိုင်သည့် အယူအဆကို လက်မခံချင်ကြသော်လည်း....

ဂိုဏ်းအဖွဲ့ အသီးသီးမှ ပညာခြင်း၊ ကျင့်စဉ်ခြင်း၊ ရည်ရွယ်ချက်ခြင်း သဘောထား ကွဲလွဲ ဆန့်ကျင်သူများကတော့ ထိုပွဲမျိုးမှသာ အနိုင်ရရှိခဲ့ပါလျှင် ဩဇာအာဏာ အပြည့်ရှိနိုင်လိမ့်မည်ဟု ယုံကြည်မှု အပြည့်နှင့် အသက်ကို ပဓာနမထားဘဲ ရောက်ရှိနေခြင်းသာ ဖြစ်၏။

ဏတ္တိပါ ကော်ဇောနီကြီး ခင်းထားရာလမ်းသို့ လူများ ရုပြုံ ဝိုင်းကြည့်နေကြသည်။

နယ်စား ကျောက်ပီယန်ကို ထူးဆန်းစွာ စောင့်မျှော်နေကြခြင်းသာ ဖြစ်ပါသည်။

'ဘာမျှား စောင့်မျှော်စရာရှိလို့လဲဗျာ၊ အချိန်ကျရင် ထွက်လာမှာပေါ့'

'နယ်စားကို ကြည့်နေတာလေ၊ သူ့မှာ နတ်ဘီလူးပေးထားတဲ့ ဓားနှစ်လက်ရှိတယ်ဗျာ၊ သိပ်ကို ထူးဆန်းပြီး အစွမ်းထက်တာ၊ အဲဒီဓားကြောင့် ပြိုင်ပွဲတိုင်းအနိုင်ရပြီးပြီလေ'

'ဩော်....'



'လူသာ အဓိကပါဗျာ၊ ကိုယ့်ဘက်က ဘယ်လိုအစွမ်းရှိမယ်ဆိုတာကို သိရင် ပြိုင်ပွဲမှာ နိုင်မှာပါပဲဗျာ'

'အို....ဘယ်ဟုတ်မလဲဗျာ၊ သူ့ဓားနှစ်လက်ကို ဘယ်သူက လှယ်ဖို့ လှယ်ရမှာလဲ၊ တချို့သိုင်းသမားတွေဆို ဒီ ပြိုင်ပွဲကို မယှဉ်ရဲလို့ နုတ်ထွက်ကုန်ကြပြီတဲ့'

ကြားရသည့် သတင်းစကားများက နားသက်သာမှု မရှိလှပေ။

မှော်ဓားဖို မှော်ဓားမ၏ အရှိန်အဝါက အားလုံး တုန်လှုပ်သွားလောက်အောင် ဖြစ်နေသည်။

'ဒူ....'

အချက်ပေး မောင်းသံကြီး ပေါ်ထွက်လာသည်နှင့် နယ်စား ကျောက်ပီယန်က နောက်လိုက် တပည့်များနှင့် ပြိုင်ပွဲရှိရာသို့ ရောက်ရှိလာခဲ့၏။

သူ့အသွင်က ယှဉ်ပြိုင်တိုင်း အနိုင်ရထားမှုကြောင့် တုပသူမရှိ ဘဝင်မြင့်နေလောဟန် ရှိသည်။

ပြိုင်ဘက်များရှိရာသို့ စူးစိုက်ကြည့်ရင်း ဟန်ဆောင်ပြုံးပြလိုက်၏။

နယ်စား၏ အသက်မပါသော အပြုံးကို ရင်ထဲချေလှသော်လည်း ပြိုင်ရမည့်လူများက တုံ့ပြန်ပြီး ပြုံးကြရ၏။

စီလင်ရှကတော့ မပြုံး။

နယ်စား ကျောက်ပိယန်ကိုမြင်၍ ဝမ်း သာဆုံးခဲ့ရပုံကို သတိရပြီး ဒေါသစိတ်များပင် တဖွားဖွား ပေါ်ပေါက်နေ သေးသည်။

ချူယိက်က ပွဲကြည့်စဉ် ရွှေဆုံး၍ ထိုင်လျက် နယ်စား ကျောက်ပိယန်ကို မုန်းတီးနာကြည်းသော မျက်လုံးများနှင့် ငေးကြည့်နေသည်။

နယ်စားက အသက်ရှင်နေသမျှ ကာလတစ်ခုလုံး အမြဲတမ်း မတရား ဖိနှိပ် ချုပ်ချယ်လာခဲ့သူဖြစ်၍ လူမုန်းများသူ တစ်ယောက်သာ ဖြစ်၏။

သို့သော် သူ့အား ဘယ်လိုမှ တုံ့ပြန်ဖို့ မစဉ်းစားမိခဲ့ကြ။

မြို့၌ နယ်စား၏ တပည့်တပန်း အနက်ရောင် သိုင်းသမားများက သဲ့ခနဲကြားလိုက်သည်နှင့် ဝန်းရံ နှိပ်ကွပ်လေ့ရှိကြသည်။

နယ်စား ကျောက်ပိယန်၏ အာဏာစက် အောက်တွင် သည်တစ်သက် လွတ်မြောက်ရန် လမ်းမရှိဟု ထင်ထားမိကြသည်။

သို့သော် သိုင်းစွမ်းရည်ပြ ယှဉ်ပြိုင်ပွဲပြီး၍ နယ်စား ကျောက်ပိယန်နှင့် ယှဉ်ပြိုင်ရမည်ဆိုသော ထိုကိစ္စမှာ မွန်း ကျပ်နေသည့် ပြည်သူများအတွက် အခွင့်အလမ်း တစ်ခု မရှိခဲ့သလို ဖြစ်လာခဲ့သည်။



အရေးကြီးဆုံးက နယ်စားကျောက်ပိယန် ပျောက်ဆုံး သွားဖို့ပင် ဖြစ်သည်။

ထို့ကြောင့် ထိုအခွင့်အရေးကို လက်လွတ်ဆုံးရှုံးမခံဘဲ တစ်နယ်တစ်ကြေးမှ သိုင်းပညာရှင်များကို ငှားရမ်းပြီး တိုက်ခိုက်ယှဉ်ပြိုင်ဖို့ ကြိုးစားခဲ့ကြသည်။

သို့ပေမယ့် ထင်သလို ဖြစ်မလာခဲ့ကြ။

အဓိက ပြဿနာမှာ နယ်စား၏ လက်ထဲတွင် ရှိနေသော မှော်ဓားဖို မှော်ဓားမကြောင့်ပင် ဖြစ်၏။

နယ်စား ရှေ့သရဖူကြီးကို ချီးမြှင့်မည့် သူကိုယ်တိုင်လည်း ပါဝင် ယှဉ်ပြိုင်မည်ဟု ကြေညာ၍ ပြိုင်ပွဲကို ပြီးစီးအောင် ကျင်းပခဲ့သော်လည်း မှော်ဓားနှစ်လက်ကို ကြောက်ရွံ့ တုန်လှုပ်မှုကြောင့် ထွက်ပြေးသွားကြကုန်သည်။

သိုင်းသမားတချို့သာ နယ်စားနှင့် ယှဉ်ပြိုင်ဖို့ အသင့် ကျန်နေကြလေတော့သည်။

* * *

ရွှေသရဖူကြီးက ဝင်းလက်တောက်ပသော မီးလျှံများလို လင်းဖြာလျက် ဆွတ်ခူးရရှိမည့်ပိုင်ရှင်အား မျှော်လင့်စောင့်စားနေရှာသည်။

သိုင်းပညာရှင်တချို့မှ တပ်မက်လာအောင် ဖန်တီးထားသည့် သရဖူကြီးကို ဂရုမစိုက်နိုင်ရှာတော့။

အသက် …စ်ချောင်းကိုသာ စောင့်ရှောက်ဖို့အချိန် ရောက်ရှိလာပြီဟု သတိပြုမိလိုက်၏။

'ယနေ့တစ်ပြိုင် နန်းကင်းနယ်စား၏ သိုင်းစွမ်းရည်ပြိုင်ပွဲကို နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်၊ နန်းကင်းကို ရောက်လာတဲ့ သိုင်းပညာရှင် အပေါင်းဟာ မဲသင့်ရာ ပြိုင်ဘက်နဲ့ ယှဉ်ပြိုင်ဖို့အတွက် စင်မြင့်ပေါ်ကို မဲနှိုက်ရန် ကြွခဲ့ကြပါခင်ဗျား'

ပြိုင်ပွဲကျင်းပရာ အစီအစဉ်ကို ကြေညာလိုက်သည်နှင့် သိုင်းသမားများက ရင်ခုန်လာခဲ့ကြသည်။

တခြား မည်သည့် ပြိုင်ဘက်မဆို ယှဉ်ပြိုင်ရဲသော်လည်း နယ်စား၏ မှော်ဓားကိုတော့ ကြောက်ရွံ့နေကြရှာသည်မဟုတ်ပါလား။

စီလင်ရှကတော့ လုံးဝ တုန်လှုပ်မှုမရှိ။

နှင်းတောဝ် ဘွားဘွားဝ ပေးအပ်ခဲ့သည့် နှင်းဓားကို ဆုပ်ကိုင်လျက် နယ်စား ကျောက်ပိယန်နှင့်သာ ယှဉ်ပြိုင်ရပါလိုကြောင်း ဆုတောင်းနေမိသည်။

'ဂလောက်....ဂလောက်....ဂလောက်'



သောမင်းခံတွင်းဝသို့ ဆင်းရန် ခေါင်ငင်နေသံ တစ်ခုလုံး မဲထည့်ထားသော ငွေဖလားကြီး တစ်လုံး၏ ခလောက်သံကို နားဆင်ရင်း သိုင်းသမားဆယ်ဦးက မဲနှိုက်ရန် စင်မြင့်ပေါ်သို့ တန်းစီရောက်သွားနေကြလေပြီ။

( ၄၅ )

မှော်ဓားနှင့် နှင်းဓား

မဲများ နှိုက်ပြီးလေပြီ။

စီလင်ရှူက သူ ဆုတောင်းထားသည့်အတိုင်း နယ်စား ကျောက်ပိယန်နှင့် ယှဉ်ပြိုင်ဖို့ မဲကျခဲ့အဖြင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်မိနေသည်။

သူ့ကို အားလုံးက သနားကရုဏာသက်သော မျက်လုံး များနှင့် စိတ်ဝင်တစား ဝိုင်းကြည့်နေကြ၏။

'မောင်ရင်တော့ သိပ်ကို ကံဆိုးရှာတာပဲကိုး၊ စိတ်ဓာတ် မကျပါနဲ့ကွယ်၊ နဂိုကတည်းက ပြိုင်ပွဲကို ဝင်သင့်မဝင်သင့် ဆုံးဖြတ်ခဲ့ဖို့ကောင်းတယ်'

'ခင်ဗျား ပါးစပ်ကြီး ပိတ်ထားရင် ကောင်းလိမ့်မယ်၊ ကျုပ်တာ နယ်စားနဲ့ ယှဉ်ပြိုင်ခွင့်ရတာကိုပဲ ဝမ်းသာနေတာဗျ သိလား'

အသက်အရွယ်ငယ်လှသူမို့ အတွေ့အကြုံမရှိဟု ထင်မြင်ယူဆလျက် တစ်ယောက်တစ်ပေါက် ဝိုင်း၍ ပြောဆိုသည့် စကားသံများကို ရိုင်းပျခက်ထန်စွာ တုံ့ပြန် ပြောဆိုလိုက်ရင်း အားမာန်ကို သွင်းထားလိုက်မိသည်။

သူ့အပြုအမူကိုတော့ ချူယာကိုက လွဲ၍ မည်သူကမျှ နားလည်နိုင်လိမ့်မည်ဟု မထင်ခဲ့။

လုံး၀ အထင်ကြီးလေဟန် မရှိသော မျက်လုံးများနှင့် ဝိုင်း၍ ကဲ့ရဲ့လေဟန် ကြည့်ရှုနေကြ၏။ စီလင်ရှုတာ ဘာကိုမှ ဂရုမစိုက်နိုင်ခဲ့။

ခေါင်းထဲမှ ပြိုင်စံရှား ဓားကိုးချက် အာရုံမပျက်စေဖို့သာ ဂရုပြုမိလိုက်၏။

ချူယာကိုထံမှ သူ့အပေါ် ယုံကြည် အားကိုးသော အကြည့်နှင့် ဆုံမိရလေတိုင်း ပူနွေးရှိန်းမြစွာ ခံစားလိုက်ရသည်။

ကျောက်ပိယန်ကို အည်ပွဲတွင် သူ ဘယ်လိုမှ အရှုံးမပေးနိုင်ခဲ့။

ဖွတ် မိကျောင်းဖြစ်တော့ မြစ်မချမ်းသာဆိုသလိုဖြစ်သွားလိမ့်မည်။

မှော်ဓားနှစ်လက် အရောင်ထွက်လာသည်နှင့် ဒုစရိုက်လုပ်ငန်းများကို ထင်ထင်ပေါ်ပေါ် လုပ်ကိုင်လာမည့်အပြင်



ရွှေသရဖူရှင် မှော်ဓားသခင်ဟူသော ဘွဲ့ထူးဖြင့် သိုင်းလောကကြီး တစ်ခုလုံးကို ခြောက်လှန့်နေပေဦးမည်။

နယ်စား ကျောက်ပိယန်က သူနှင့် ပြိုင်ဘက်ရှိရာခုံသို့ စားကောင်း သောက်ဖွယ်များ စားရင်း အကဲခတ် ကြည့်ရှုနေသည်။

အသက်အရွယ်အားဖြင့် ငယ်လှသူကလေး။

သူ ဘာကြောင့် သည်ပြိုင်ပွဲကို ဝင်ရောက်လာပါလိမ့်။ သူ့ အသက်အရွယ်အားဖြင့် ထိုပြိုင်ပွဲမျိုးကိုဝင်ရောက်ယှဉ်ပြိုင်ဖို့ မသင့်သေး။

ရွှေသရဖူကို မက်မောလိုစိတ် ကြောင့်သာ ယှဉ်ပြိုင်ရန် ရောက်ရှိလာရခြင်း ဖြစ်လိမ့်မည်ဟု စိတ်ထဲအောက်မေ့ထား ခဲ့သည်။

မည်သို့ဆိုစေ ထိုလူရွယ်လေးကို သူ လွယ်လွယ်နှင့် အနိုင်ရမည်ဟု လျှော့တွက်ထားလိုက်၏။

ချူယာကိုအနေနှင့် ဆန္ဒအားလုံး ပြည့်စုံပြီးမြောက်သွားလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်မိထားလေသည်။

ဖခင်ကြီးကိုယ်တိုင် သွန်းလုပ်ခဲ့သော မှော်ဓားဖိုနှင့် မှော်ဓားမက ပြည့်သူ့ဘက်မှ ဘယ်အခါမှ သစ္စာဖောက်လိမ့်မည်ဟု မထင်ပါ။

ဘုန်းတော်ကြီး ဟတ်၏ ပြိုင်စံရှား ဓားကိုးချက်က အံ့သြတုန်လှုပ်ဖွယ်ကောင်းအောင် နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေသမျှ ပြန်ပေါ်လာလေတော့မည်။

ထိုအခါ ပြည်သူများက စီလင်ရှုအပေါ် အားကိုးယုံကြည် လာပေတော့မည်။

တစ်ယောက်တစ်ပေါက် ဆူညံစွာပြောဆိုနေသံများလည်း မကြာခင် အချိန်အတွင်း၌ ပျောက်ကွယ်သွားပေတော့မည်။

မှော်ဓား နှစ်ချောင်းနှင့် မာန်မာနတရား ထောင်လွှားနေသူ နယ်စား ကျောက်ပိယန်လည်း မကြာခင်အချိန်အတွင်း၌ နိဂုံးချုပ်သွားပေတော့မည်။

မှော်ဓားနှစ်ချောင်းအတွက် ပေးဆပ်ခဲ့ရသည့် အသက်သေဆုံးပေါင်းများစွာလည်း မကြာခင် နယ်စားထံမှ သွေးကြွေး ဆပ်ရသလို ဖြစ်နေရှာပေတော့မည်။

ကိစ္စအားလုံး အဆင်ပြေ ချောမောစေရန် အဓိက လှုပ်ရှားရမည့်သူအာ စီလင်ရှုပင်ဖြစ်သည်။

ယခုအချိန်၌ သူ၏ ကြင်နာယုယတတ်သော နှလုံးသားလေးက စီလင်ရှုအတွက် အင်အားတစ်ခုသာ ဖြစ်ကြောင်း သူမ ကောင်းစွာ နားလည်မိသည်။

သူမ စီလင်ရှုအား အသက်နှင့် ထပ်တူထပ်မျှ ချစ်ရပါသည် ဆိုသော စကားကို ယခုအချိန်တွင် အထူးပြောနေဖို့ လိုလိမ့်မည် မထင်ပါ။

စီလင်ရှုအတွက် အထိုက်တန်ဆုံးဆုမှာ ရွှေသရဖူမဟုတ်။ သူမ၏ နှလုံးသားလေးသာ ဖြစ်ပါ၏။

စီလင်ရှုအာ သူမအား လှမ်းကြည့်ရင်း ခေါင်းစည်းအနီလေးကို ထောင်ပြလိုက်၏။



ထိုခေါင်း၊ အနီစည်းလေးက သူမ ဘဝတစ်လျှောက်လုံးအတွက် မျိုးဆက်အမွေအနှစ်အတွက် ဖခင်ကိုယ်တိုင် ပေးအပ်ခဲ့သည့် အရာလေးပင် မဟုတ်လား။

ပန်းပဲပညာတွင်အထူးချွန်ဆုံးအဖြစ် ကရာဇ်ကသတ်မှတ်ပေးထားသည့် ခေါင်းစည်းလေးကို အမှတ်အသကေ်တစ်ခုအနေဖြင့် စီလင်ရှုအား ပေးအပ်လိုက်ခြင်းသာ ဖြစ်၏။

ထိုခေါင်းစည်းလေးကို နယ်စား ကျောက်ပိရန် မြင်စေချင်သည်။

မည်သို့ ခံစားဖြစ်ပေါ်နေမည်ကို သိပြီးဖြစ်၏။

ချင်းရှန် သေဆုံးစဉ်က သူမ ရေးပို့လိုက်သည့် ခြိမ်းခြောက်စာလေးကို နယ်စား မှစမ ဖေ်ားလျှင် စီလင်ရှုက သူမအတွက် တိုက်ပွဲဝင်မည့်သူဖြစ်ကြောင်း နားလည်သဘောပေါက်မည်သာ ဖြစ်၏။

ပြိုင်ပွဲဆော စပြီ။

ဒူး

မောင်းသံကြောင့် ပြိုင်ဘက်နှစ်ဦးစလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

သံကြိုးတပ် စကြာသိုင်းသမားနှင့် ရဲတင်းသမားပင် ဖြစ်သည်။

နှစ်ဦးစလုံးက မာန အာဃာတမရှိပေမယ့် ရွှေသရဖူကို ရယူနိုင်ဖို့တော့ လောဘရှိကြသည်။

ဝိုး....ဝိုး

သံကြိုးတပ် စကြာကြီးက တစီစီနှင့် ပြင်းထန်စွာ ကျ ရောက်လာသည်။

ရဲတင်းသမားက နောက်ဆုတ် ရှောင်ရှားရင်း တုံ့ပြန်ရန် အသင့်စောင့်ဆိုင်းနေသည်။

နှစ်ဦးစလုံးမှာ သွက်လက်လှသော တိုက်ကွက်များနှင့် ပြင်းထန်စွာ တိုက်ခိုက်နေသူများဖြစ်၍ ကြည့်ရှုနေသူများက ဟင်ခနဲ ဟာခနဲ ဖြစ်နေကြရှာသည်။

ထက်မြက်လှသော စကြာကြီးက ဝှီးခနဲ အရှိန်နှင့်ရောက်ရှိ လာခိုက် ရဲတင်းသမားက လွှားခနဲအသည်းယားဖွယ် လွတ်ရုံ မျှ ခုန်ရှောင်လိုက်၏။

နှစ်ဦးစလုံးမှာ ထူးဆန်းလှသော သိုင်းကွက်များကို တီထွင်ထားသည့် သိုင်းပညာရှင်များဖြစ်ကြ၍ ပြိုင်ပွဲမှာ ရင် တမမနှင့် ကြည့်ကောင်းလှပေသည်။

စီလှင်ရှုကတော့ သဲကြိုးမဲကြီး တိုက်ခိုက်နေသူနှစ်ယောက် အား စိတ်ဝင်တစားမရှိလှ။ သိုင်းကွက်မဲ့ တိုက်ခိုက်နေခြင်း ဟုသာ ထင်မိသည်။

'ဂွစ်....ထန်း....ထန်း'

'ချလွမ်း'

ပုဆိန်ကို ဝှေ့ယမ်းတိုက်ခိုက်သံနှင့် စကြာဓားသွား ထိ ခတ်သံက မုန်တိုင်းတစ်ခုလို ပြင်းထန်ပြီး ကြောက်မက်ဖွယ် ကောင်းလွန်းလှပေသည်။

တစ်ရှူးထိုးတိုက်ကွက်များကမျက်စိနောက်စရာ အသည်း ထိတ်စရာ ကောင်းလွန်းလှပေသည်။



'ချလွမ်....ချလွမ်'

'ယား....ဝှီး....ဒုတ်'

စကြာကြိုးသိုင်းသမားက သံကြိုးကို အသုံပြုလျက်၊ ကြမ်းပြင်ပေါ်သို့ စကြာဓားဝိုင်းကြီးကို ရိုက်ချပြီး ကပျာ ကယာ ရုပ်သိမ်းလိုက်၍ တိုက်ကွက်တစ်မျိုးကို ပြောင်းလဲနေ ပြန်သည်။

ပုဆိန်သမားက ကျွမ်းအတတ်ပညာ ကြွယ်ဝလှသဖြင့် ရှောင်တိမ်းရ မခက်လှပေမယ့် အကာအစီးရခနေသော စကြာ သမား၏ တိုက်ကွက်ကို အလွယ်တကူ ဖျက်မရနိုင်ခဲ့။

အနိုင်အရှုံးက စွမ်းရည်တူညီနေသောကြောင့် ခန့်မှန်းရ ခက်လှပေသည်။

'ဝှီး....ဝှီး'

နောက်သို့ ရှောင်တိမ်းနေရာမှ ဇွဲကောင်းကောင်းနှင့် တိုက် ခိုက်နေသော စကြာသိုင်းသမားကို ရဲတင်းသမားက မည်သို့ တိုက်ကွက်ဆင်လေမည်ဆိုတာ ပရိသတ်အ စူးစမ်း လေ့လာ နေကြသည်။

'ခုတ်လေ....ဝင်ခုတ်ပါတော့လား'

'ဟုတ်ပြီ....အပိုင်ဝင်တော့'

အားမလို အားမရ ပွဲတောင်းသံများ ကြားနေရသည်။

'ဟိုင်း....ဝှီး'

ပုဆိန်သမားက ပိုင်လောက်ပြီအထင်နှင့် ရဲတင်းကိုထအား လွှဲခုတ်၍ ခုန်ဝင်လိုက်သည်။

လျင်မြန်လွန်းလှသည့် တိုက်ကွက်။

တစ်ဖက်မှ စကြာသိုင်းသမားကလည်း မျက်စိလျင် ပါး နပ် ပြီးသားတို့ကြောင့် ရဲတင်းလမ်းကြောင်းပေါ်မှ လွှစ်ခနဲ ခုန်၍ ရှောင်ထွက်လိုက်ပြန်သည်။

ယှဉ်ပြိုင်သည့် အနေအထားက တစ်ဦးနှင့်တစ်ဦး ကြည့်ရှု နေသော သူများပင် အသက်ရှူ ရပ်သွားမတတ် ရင်ဖိုစရာ ကောင်းလှပေသည်။

နှယ်စားကျောက်ပိယန်အားနေနှင့် ထိုပြိုင်ပွဲကလေးကို ကျေနပ် အားရမှုအပြည့်နှင့် ပြုံး၍ကြည့်နေလိုက်၏။

သူ၏အပြုံးက စဉ်းလဲသောအပြုံးသာ ဖြစ်၏။

သိုင်းကျင့်စဉ်များအရ တစ်ဦးနှင့် တစ်ဦး တိုက်ခိုက်မှု စွမ်းရည်က ရေချိန်တွင် တဖြည်းဖြည်း ကွာခြားလာနိုင်မှန်း သိပြီးဖြစ်၏။

နှစ်ဦးစလုံးက အတော်ကို ပင်ပန်းနွမ်းနယ်နေကြပြီ။

လှုပ်ရှားမှုများက တစ်ချက်တစ်ချက် အသက်ထက်ဆုံး တိုက်ခိုက်နိုင်ပြီး ကျန်အခြေအနေတွင် လေးလံထိုင်းမှိုင်းစ ပြုလာခဲ့လေပြီ။

ထိုပြိုင်ပွဲမျိုး၌ စိတ်ဓာတ် ကြံ့ခိုင်မှုသာ အဓိကကျ၏။ တင်းကြသော စိတ်ဓာတ်ကို အနိုင်ယူလိုမှု လွှမ်းမိုးထား သည့်အခါ ကိုယ်အားနည်းချက်ပျော့ကွက်ကိုပင် မြင်နိုင် စွမ်း မရှိလောက်အောင် ဖြစ်ရသည်။

ရဲတင်း သိုင်းသမားက ညာဘက်လက်၌ သံကြိုးနှင့် ရိုက် ခတ်မိထားသဖြင့် နာကျင်နေသည်။



စကြာ သိုင်းသမားကတော့ တစ်ချိန်လုံး တိုက်ခိုက်လာ သဖြင့် မောဟိုက် ပင်ပန်းနေရှာသည်။

နှစ်ဦးစလုံးက တိုက်ခိုက်နိုင်စွမ်း ရှိသူများ ဖြစ်သော် လည်း သိုင်းစွမ်းရည် ပြည့်ဝသူများ မဟုတ်ပေ။

သိုင်းပညာရှင်ကောင်းတစ်ယောက် မဖြစ်လာနိုင်ပေ။

သူတို့၌ အခုပေါ်လွင်နေ့ ရည်ရွယ်ချက်များက ငွေသရဖူ ကြီးကို ရရှိနိုင်ဖို့ပင် မဟုတ်ပါလား။

'ဝှီး....ဝုန်း....ဝေါ'

စကြာကြီးကို လေတိုးမိသံက အတွင်းအားအပြည့်အဝ ယူ၍ တိုက်ခိုက်လာမှန်း သိသာလှန်းသည်။

ရဲတင်းသမားက လွတ်ရုံလေးသာ ကပ်ရှောင်နေသည်။

'ခြွမ်း....ချလွမ်း'

ပြင်းထန်သော ခုတ်ချက်နှင့် ရဲတင်းအသွားထိခတ်မှု ကြောင့်....

'ခြွမ်....ခြွမ်'

'ဖြောင်း....ဖြောင်း....ဖြောင်း'

ပရိသတ်ထံမှ လက်ခုပ် ဩဘာသံများ ပေါ်ထွက်လာ သည်။

စကြာ သိုင်းသမား၏ မျက်နှာမှာ အခဲမကျေလေဟန် ဖြင့် မဲ့စပြုလာခဲ့လေပြီ။

သိုင်းသမားတစ်ဦး၏ လက်နက်က မြတ်နိုးတန်ဖိုးထားစရာ အရာဝတ္ထုတစ်ခုပင် ဖြစ်၏။

ထိုလက်နက် ထိခတ်မိရုံနှင့် ပျက်စီးသွားခြင်းမှာ သူ့အတွက် အလွန် ရှက်ဖို့ကောင်းလှပေ၏။

'ဘယ်လိုလဲ....ပြိုင်ပွဲကို ရပ်ပြီး အရှုံးပေးမှာလား၊ ဆက်ပြိုင်မှာလား'

ပြိုင်ပွဲ ကျင်းပရာဒိုင်က စကြာသိုင်းသမား၏ ဆန္ဒကို ဖွင့်ဟမေးမြန်းလိုက်၏။

'အို....ကျုပ် ဘယ်လိုမှ အရှုံးမပေးနိုင်ဘူး'

ပြတ်သားသော စကားသံ ထွက်ပေါ်လာခဲ့လေပြီ။

'ဖြောင်း....ဖြောင်း....ဖြောင်း'

ပရိသတ်က သက်ခုပ်သြဘာပေး၍ ချီးမြှင့်လိုက်ကြ၏။

'ဝီ....ဝီ....ဝီ'

စကြာသိုင်းသမားက အသွားပဲ့နေသည့် လက်နက်ကို ပင် ကိုင်လျက် တစ်ခြမ်းစောင်း မညီမညာ ဖြစ်နေသည့် စကြာဓားကို လေပေါ် ဝှေ့ယမ်း၍ ရင်ဆိုင်ရန် အသင့်ပြင်ထားခဲ့လေပြီ။

စီလင်ရှုက ပြိုင်ပွဲအားခြအနေကို ချက်ချင်းခန့်မှန်းရရှိသွားခဲ့သဖြင့် သက်ပြင်း ချလိုက်မိသည်။

အမှန်တော့ သူ့အနေနှင့် ဆက်လက်တိုက်ခိုက်ရန်မလိုဘဲ အရှုံးပေးလိုက်ဖို့သာ သင့်လှပေသည်။

အသက်တစ်ချောင်းထက် ဘယ်အရာကမှ တန်ဖိုးမရှိနိုင်။

သိက္ခာတရားဆိုသည်မှာ အသက်ရှင် နေထိုင်ခွင့်ရနေစဉ် ကာလပတ်လုံး အရှုံးမှ အနိုင်ပြုလာအောင် လုပ်ယူလို့ရနိုင်သေးသည်။



အခုတော့ မှားယွင်းသော ဆုံးဖြတ်ချက်နှင့် စကြာသိုင်းသမားက ပြိုင်ပွဲကို ဆက်လက်တိုက်ခိုက်ဖို့ ပြင်ဆင်နေပြန်သည်။

'ဟိတ်....ဝိုး'

ရဲတင်းသမားက ပဏာမ အနိုင်ရရှိထားသောကြောင့် ပိုမိုရဲတင်းလာသည်။

စကြာ သိုင်းသမားကို အလစ်ဝင် တိုက်ခိုက်လိုက်၏။

စကြာသိုင်းသမားက မောဒနာပမယ့်လည်းလွတ်အောင်ရှောင်နိုင်သေးသည်။

'ထန်း....ထန်း....ခြမ်း'

လျှပ်တစ်ပြက်အတွင်း မီးပွင့်သင်းလက်လာသည်။

လှုပ်ရှားဟန်များက ပိုမိုသွက်လက်လာသည်။

'ယား....'

'ရှမ်း....'

'ရှပ်'

'အင့်'

လေပေါ်တွင် ဝဲပျံလျက် ရဲတင်းကို စုံကိုင်၍ အရှိန်နှင့် လွှဲခုတ်လိုက်၏။

စကြာဓား လုံးဝ ပျက်စီးသွားခဲ့ရှာလေပြီ။

တဒင်္ဂအတွင်း၌ ရဲတင်းကြီးက လက်ခနဲမြောက်တက်လာပြီး စကြာဓားသမား၏ ရင်ဝသို့ ရှတ်တရက် လှမ်းပက်ပြီးသွား ဖြစ်သွားခဲ့၏။

သွေးများက မြင်ရက်စရာမရှိအောင် ကြမ်းပြင်ပေါ်သို့ ဖြန်းခနဲ ကျလာခဲ့၏။

ပရိသတ်က ငြိမ်သက်သွားရှာလေပြီ။

ရဲဘင်းအမေး၏ ရက်စက်စွာ ပွဲသိမ်းနိုင်ခြင်းက ဘာမျှ ဂုဏ်ယူစရာကောင်းစရာ ကျန်ခဲ့မည်နည်း။

( ၃၃ )

ကျောက်ပိယန်၏အကြံ

ပြိုင်ပွဲ ခေတ္တနားချိန်ကလေး၌ စီလင်ရှုနှင့် ချူယ°ကိုတို့ နှစ်ယောက် မိုးမခပင်ရိပ်၌ တွေ့ဆုံဖြစ်ခဲ့ကြ၏။

'ပြိုင်ပွဲ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်ခဲ့တယ် မသိဘူးနော်၊ ရက်စက်ကြမ်းကြုတ်မှုက အပြည့်ပဲ'

'ဟုတ်တယ် ချူ၊ ဒါတွေဟာ သိုင်းလောကအတွက် ကောင်းတဲ့အသွားအလာ မဟုတ်ဘူး၊ ငါဆိုတဲ့ အတ္တမာန် ထူထောင်ဖို့ နယ်စား ကျောက်ပိယန်က ပရိယာယ်တစ်မျိုးနဲ့ မြှောက်ပင့်ပေးလိုက်သလိုပါပဲ'

'အစ်ကိုရော နယ်စားနဲ့ ရင်ဆိုင်ရမယ်ဆိုတော့ မတုန်လှုပ် မိဘူးလား'

'ဟင့်အင်း....နည်းနည်းလေးတောင် ကြက်သီးမထမိပါဘူး၊ ကိုယ်က ဒီပြိုင်ပွဲဝင်ဖို့ ရောက်လာကတည်းက အခြားသိုင်းသမားတွေနဲ့ ရည်ရွယ်ချက်ချင်း တူတာမှ မဟုတ်တဲ'

စီလင်ရှ၏ ရှင်းပြချက်အပေါ် ချူယီ ကိုက နားလည်ပြီးသားမို့ ကျေနပ်ပီတိ ဖြစ်နေမိသည်။

'ဝမ် သာရှိရင် ဘယ်လောက် ဝမ်းသာရှာမလဲ မသိဘူးနော်'

ချူယီ ကိုက ဝမ်လန်းစံကို သတိရမိလေဟန်နှင့် ပြောဆိုလိုက်သည်။

'အင်း....ဝမ်ဟာ နှင်းတောင်ဘုရားဘုရား ဝ ထံမှာ တွေ့ပြီး ရင်းနှီးလာကတည်းက စိတ်ထားပြည့်ဝသူ တစ်ယောက်မို့ အထူးပြောပြဖို့ လိုမယ်မထင်တော့ပါဘူးကွယ်'

'ဝမ်တစ်ယောက် မြင့်မြတ်တဲ့ဘဝကို ပြန်လည်ရောက်ရှိပါစေလို့ ကိုယ်တော့ ဆုတောင်းနေမိတာပါပဲ'

ကြေကွဲဝမ်းနည်းဖွယ် စကားတို့ကြောင့် ပြိုင်ပွဲမဝင်မီ စိတ်အနှောင့်အယှက်ဖြစ်မည်ကို စိုးသဖြင့် စကားကိုဖြတ်ထားလိုက်ရသည်။

'နယ်စား ကျောက်ပီယန်က အစ်ကို့ကိုကို အထင်အမြင်သေးသိမ်နေတဲ့ ပုံပဲနော်'

'ကိုယ်နဲ့ ပြိုင်ဘက်အပေါ် အထင်သေးတာဟာ သူ့ရဲ့ မှားယွင်းတဲ့ အားနည်းချက်တစ်ခုပဲပေါ့၊ အစ်ကို့အနေနဲ့က သူ့ရဲ့သိုင်းပညာကိုရော သူ့လက်ထဲက မှော်ဓားကိုပါ သတိထားနေရမှာပဲ'



ပြိုင်ပွဲစတော့မည်ဖြစ်၍ စကားတပြောပြောနှင့် ပြိုင်ပွဲကျင်းပရာဆီသို့ လျှောက်လာခဲ့ကြသည်။

ပြိုင်ပွဲ ပွဲစဉ်က စိတ်ဝင်စားစရာ အကောင်းဆုံးပွဲစဉ်ဖြစ်သည်။

ငွေလှ ရှည်သိုင်းသမားနှင့် ဓားသမားတို့ပြိုင်ပွဲ။

ရွှေနဂါးဂိုဏ်းမှ အကျော်ကြားဆုံး ငွေလှံရှည်သိုင်းသမားမှာ သူနှင့် ယှဉ်ပြိုင်ဖူးသူမှန်သမျှ အရှုံးနှင့်သာရင်ဆိုင်ရမည်ဟု ကြိမ်းဝါးထားသူ လူတစ်ယောက်ဖြစ်ပြီး အပြောနှင့်အညီ တကယ့်ကို စွမ်းရည်ထက်မြက်လှသူ ဖြစ်၏။

ဓားသမားကတော့ ဆန်းပြားလှသော တိုက်ကွက်များကို ဓားကျမ်းတစ်စောင်မှ ဖတ်မြောက်ခဲ့သူပီပီ နားထင်သွေးရောက်နေရှာသည်။

သူ၏ သံလျက်ပုံစံ ဓားကြီးကို ကြမ်းပြင်ပေါ်သို့ ထိုးစိုက်၍ ပရိသတ်ကို ဂါရဝပြုနေသည်။

ဓား၏ အလေးချိန်ပမာဏက သူ၏ ကိုင်တွယ်နိုင်သည့် ခန္ဓာကိုယ်နှင့် ညီမျှလှ၏၊

ဓားသမား၏ ပုံစံမှာ နေလောင်နေသော ဆံပင်နှင့် နီစပ်စပ် အသားအရေတို့ကြောင့် ဘီလူးတစ်ကောင်နှင့် တူလှသည်။

ငွေလှံရှည်သမားက ညင်သာပျော့ပျောင်းပြီး မင်းသားလေးလို တိုက်ကွက်မျိုးနှင့် ယှဉ်ပြိုင်မည့် အနေအထား ဖြစ်သည်။

အုံ့မှိုင်းဖွယ် အစွမ်းထက်သော သိုင်းပညာကို မည်သို့ မည်ပုံ ပြသကြဦးမည်နည်း။

'ခြိမ်း'

ဓားသမားက စဘောင်ခုတ်ပိုင်း၍ မိတ်ဆက်လိုက်သဖြင့် လှံဖျားမှာ ယိမ်းလှုပ်သွားလေသည်။

လှံသမားက လှံကို တုတ်တစ်ချောင်းလို ဝှေ့ယမ်း၍ စက်ဝိုင်းလို အနီးကပ် တိုးဝင်လာခဲ့သည်။

ငွေရောင်စက်ဝိုင်းကလေးများက ဓားသမား၏ မျက်စိရှေ့မှောက်၌ ရိပ်ခနဲ ရိပ်ခနဲ ပေါက်ရှိစ ပြုလာခဲ့လေပြီ။

ဓားသမားက နောက်သို့ လွှားခနဲ ခုန်ရှောင်လိုက်၏။

ထပ်မံ တိုက်ကွက်ဆင်လာမည့် အနေအထားကို စောင့်စား ကြည့်ရှုနေသည်။

ဓားကို လက်ပြောင်းကိုင်၍ တိုက်ကွက်အသစ်ကို ပြင်ဆင်ရန် ခေါင်းထဲ စဉ်းစားနေပုံရသည်။

'ဝှီး... ထန်း....ထန်း'

'ခြိမ်...ခြိမ်'

နှစ်ဦးစလုံးက လျင်မြန်ဖျတ်လတ်မှု ရှိလှ၏။

ဓားသမားက အတွင်းအားနှင့် လှုပ်ရှားမှုမှာသာလွန်လှ၏။

သို့ပေမယ့် လှံသမားက ဖြတ်ထိုး ဉာဏ် ရှိပုံရသည်။

သူ၏ တစ်ချက်တစ်ချက် တိုက်ကွက်ဆင်လိုက်ပုံက လှံဖျားနှင့် ထိုးစိုက်လုနီးပါး ပွတ်ကာ သီကာလေး ဖြစ်နေ သည်။



'ဟိုဝ်း'

ပိုင်ကွက်နင်း၍ ထိုးဆွလိုက်သည့် လှံဖျားက ရင်ဝဆီကို ရောက်ရှိမလာခင် လွှားနေ့ ခုန်ရှောင်လိုက်၏။

စီလင်ရှုကတော့ နှစ်ဦးစလုံး၏ တိုက်ကွက်များကို အရင်ပွဲများထက် ကြည့်ရှုရ အဆင်မပြေနေသလို ထင်မိ၏။

နှစ်ဦးစလုံးက ထူးချွန် ပြောင်မြောက်မှု ရှိလှသည့် သိုင်းသမားများပင် မဟုတ်ပါလား။

ဓားသမား၏ ခုတ်ပိုင်းပုံက ကြမ်းတမ်းလွန်းလှသလို လှံသမား၏ အထိုးအဆုတ် အရှောင် အတိမ်း ကလည်း သေသပ်လှ၏။

ချွန်မြသောလှံဖျားက မျက်နှာရှေ့တွင် တစ်စီစီ ဖြတ်ဆန်းနေပုံက အသည်းယားစရာ။

ပရိသတ်က ငြိမ်သက်စွာ ကြည့်ရှုနေသည်။

နှစ်ဦးစလုံး၏ တိုက်ခိုက်နေပုံကတော့ ယိမ်းတိုက်ထားသည့် အလား။

တစ်ချက်မှားလျှင် မမေ့သည်ချဝံ့စရာဖြစ်သွားနိုင်သည် မဟုတ်ပါလား။

( ၄၈ )

'ဝှီး....ဝှီး....ဝှီး'

တိုက်ကွက် သွက်လက် မြန်ဆန်စွာဖြင့် တစ်ဖက်လူ၏အာရုံကို ပြောင်းပစ်လိုက်၏။

လေတိုးသံကို နားစွင့်လျက် ဓားဖြင့် ကာကွယ်ရင်း နောက်ဆုတ်လာခဲ့သည်။

လှံသမားက ရဲဝံ့စွာ ရှေ့သို့တိုးလာဖို့ သင့်မသင့် ချင့်ချိန် စဉ်းစားနေမိသည်။

'ထန်....ထန်....ထန်'

ဟစ်ချိန်လုံး ဓားသံပေး၍ ကာကွယ်လာသမျှ လျှပ်အစ်ပြက် အတွင်းမှာပင် ဓားကို ပိုင်နိုင်စွာကိုင်၍....

'ဟိုင်း....ဖြောင်း....ချလွမ်း'

လွှားခနဲ လေပေါ် ခုန်လျက် လှံရိုးကိုအားရပါးရခုတ်ပစ်လိုက်လေသည်။

'ဖြောင်း....ဖြောင်း....ဖြောင်း'

'ဖြောင်း....ဖြောင်း....ဖြောင်း'

လှံသမားက အရှုံးပေးလိုက်ရလေပြီ။

ထက်ခုပ်သံများက ဆူညံလာခဲ့၏။

'သူ့ကို အနိုင်အရှုံး သေချာအောင် သတ်ပစ်လိုက်လေ'

နယ်စား ကျောက်ပိယန်က ရှုံးနိမ့်နေသူ လှံသမားအား သတ်ပစ်လိုက်ဖို့ အမိန့်ပေးနေသည်။

ဓားသမားက မသတ်ရက်ဘဲ တွေဝေစွာ စဉ်းစားနေဆဲ....

'သတ်ပစ်လိုက်လေ....သတ်ပစ်လိုက်'

ပရိသတ်ထံမှ နယ်စားအလိုကျ သံပြိုင်ယောင်လိုက် အော်ဟစ်သံများ ဆူညံစွာ ပေါ်ထွက်လာခဲ့ပြီ။

လှံသမား၏ မျက်နှာတစ်ခုလုံး၌ သေရတော့မည်မို့ ချွေးစေးများ ပြန်နေသည်။

သန့်စင်သော သိုင်းသမား နှစ်ဦး၏ အဖြစ်အပျက်ကို ကျောက်ပိယန်က ငေးကြည့်နေရင်း ကျေနပ်စွာ ပြုံးလိုက်သည်။

သူ့ အကြံအစည်တစ်ခုတော့ အောင်မြင်ပြီ၊



စီလင်ရှုက စိတ်မအေးမချမ်းဖြစ်နေရှာသည်။

ပြီးတော့ ရင်ထဲ၌ ဒေါသများ လှိုက်တက်လာခဲ့မိသည်။

'တောက်....'

နှင်းဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း စိတ်ကို ထိန်းထားသော်လည်း အသံးဖျော့ တဆတ်ဆတ် တုန်လာသည်။

လူတစ်ယောက်၏ အသက်ကို သတ်ဖြတ်ရမှု သိုင်းပညာ စွမ်းရည်ပြပွဲ၏ အနိုင်အရှုံးက ပေါ်လွင် ထင်ရှားမည် မဟုတ်။

ထက်သက်မဲ့ အရည်အချင်းပြည့်ဝသော သိုင်းသမားများ သောကထဲက ပျောက်ဆုံးသွားအောင်ကြံစည်နေသည်မဟုတ်ပါလား။

စီလင်ရှု ကွင်းလယ်သို့ နှင်းဓားကိုကိုင်လျက် ရဲရဲထွက်လာခဲ့၏။

ဓားသမားက ခိုင်းစေသည့်အတိုင်း မလွန်ဆန်နိုင်၍ သတ်ဖြတ်ရန် ကြံစည်နေရှာလေပြီ။

'ဟိတ်....ရပ်လိုက်စမ်း'

သူ၏အမိန့်ပေးသံကြောင့် ကြောင်အမ်းအမ်း ဖြစ်နေစဉ် ဓားသမား၏လက်ထဲမှ လက်နက်ကို လှမ်းယူ၍....

'ဗိုး....ဒုတ်'

နယ်စားကျောက်ပိယန်၏ ရှေ့တည့်တည့်သို့ စိုက်ဝင်သွားအောင် လှမ်းပစ်လိုက်လေတော့သည်။

ပရိသတ်အားလုံးက အံ့အားသင့်ကုန်ကြ၏။

ဆူညံစွာ ပြောဆိုသံများက ငရဲပွက်သလို ပေါ်လာခဲ့လေပြီ။

'မင်း ဘာသဘောနဲ့ အခုလိုလုပ်လိုက်တာလဲ'

နယ်စား ကျောက်ပီယန်က ဝုန်းခနဲထရပ်၍ လက်ညှိုးထိုး၍ ဩဇာသံနှင့် လှမ်းမေးနေသည်။

'ကျုပ် ဒီလုပ်ရပ်ကို လုံးဝ သဘောမတူနိုင်ဘူး'

'ဘာ....မင်း အများ လူဝါးဝလို'

'သိုင်းစွမ်းရည်ယှဉ်ပြိုင်ပွဲဆိုတာ အရှုံးပေးသူကိုသတ်ဖြတ်ရတယ်ဆိုတဲ့စည်းကမ်းချက် လုံးဝမရှိခဲ့ဘူး၊ တိုက်ရင်း ခိုက်ရင်းနဲ့ မသေဆုံးသွားတာမျိုးသာ ဖြစ်သင့်ပါတယ်'

'ဒါ...မင်းနဲ့မဆိုင်ပါဘူးလေ၊ မင်းက ပြိုင်ပွဲဝင်ဖို့ရောက်လာတဲ့ သိုင်းသမားပဲ'

နယ်စားက အမှန်တရားကို ရပ်တည်ပြောဆိုလိုက်သဖြင့် ရှုပုံအလယ် အရှက်ရသွားဟန်ရှိသည်။

သူ့အကြံအစည်အတိုင်း ဖြစ်မလာ၍ ဒေါသဖြစ်နေရှာသော်လည်း သူကိုယ်တိုင် ကြီးမှူးပြုလုပ်ရသော ပြိုင်ပွဲကို ပြီးဆုံးခါနီးမှ ပွဲပျက်မသွားစေချင်။

'ဒါဆို ဓားသမားကို အနိုင်ပေးလိုက်ဖို့သာ စီစဉ်ပါ၊ သူ့ကိုသတ်မယ်ဆိုရင် ကျုပ်ဘက်က အသက်နဲ့လဲကာကွယ်ရလိမ့်မယ်'

'ဩော်....မင်းက အာဂတောင်ပါလား၊ ကောင်းပြီလေ သူ့ကို မင်း ပြောသလို အသက်ချမ်းသာခွင့် ပေးလိုက်ပါ့မယ်။



'ဒါပေမယ့် အစီအစဉ်ကိုကျော်ပြီး မင်းနဲ့ငါ ဓားချင်းယှဉ်ရလိမ့်မယ်၊ ဘယ့်နှယ်လဲ'

'ကျုပ်ဘက်က အဆင်သင့်ပါပဲလေ'

နှစ်ဦးနှစ်ဖက် ပဋိပက္ခက ပြင်းထန် လာသော်လည်း စီလင်ရှု၏ သတ္တိရှိစွာ ပြုမူဆောင်ရွက်မှုကြောင့် လှံသမားမှာ အသက်ချမ်းသာခွင့် ရရှိသွားခဲ့ရှာလေပြီ။

ပရိသတ်များက စီလင်ရှုအပေါ် နားလည်မှု ရရှိသွားခဲ့ကြလေပြီ။

သူ့အပေါ် ယုံကြည်အားကိုးလိုစိတ်များက တဖွားဖွားပေါ်ပေါက်လာစ ပြုနေကြလေပြီ။

ပြည်သူ့ဘက်မှ ရပ်တည်သောသိုင်းသမားအဖြစ် အမြင်ကြည်လင်လာကြလေပြီ။

ပွဲကြည့်စင်မှ ချူယီကို တစ်ယောက်က အခြေအနေအားလုံးကို သုံးသပ်နားလည်ခွင့် ရထားသူမို့ ချစ်သူအတွက် ဂုဏ်ယူနေမိ၏။

ကျောက်ပီယန်က ဒေါသ ပြင်းထန်လွန်းလှသည့် နဂါးကြီး တစ်ကောင်လို တရှူးရှူး ဖြစ်နေရှာသည်။

သူ၏ အကြံအစည်အား အနှောင့်အယှက်ပေးဆည့်သူက သူ၏ ပြိုင်ဘက် ဖြစ်နေသောကြောင့် တရားနည်းလမ်းကျသလိုလိုနှင့် ရှင်းပစ်ရန် ကြံစည်လိုက်၏။

( ၃၉ )

ကျွားနဲ့ဆင် နှံ့နိကင်း၌ မှုန်တိုင်းဆင်ပြီ

ပြိုင်ပွဲကျင်းပရာ ကွက်လပ်၌ ကျွားနှင့်ဆင် တွေ့ကြလေပြီ။

အားလုံးက ငြိမ်သက်စွာ စေးမော်ကြည့်ရှုနေရပေမယ့် စီလင်ရှုအား အနိုင်ရစေချင်သူက များလှ၏။

နှင်းမားနှင့် မှော်မား။

မားနှစ်လက်နှင့် မားတစ်လက်။

မည်သည့်မားက ပိုပြီး ထက်မြက်ရှာမည်နည်း။

စီလင်ရှုက ခေါင်းစည်းအနီလေးကို စွပ်လိုက်ပြီး ချူယဲ့ကိုအား လှမ်းအကြည့်....

'ဟင်... ခါ....ဇီဂျင်ဟိုးရဲ့ ခေါင်းစည်းပါလား'

စီဆင်ရှု ကြည့်ရာဆီသို့ ထိတ်ထိတ်ပျာပျာနှင့် ကျောက်ပိယန် ငေးကြည့်လိုက်မိ၏။

ပွဲကြည့်စင်မြင့်ရှေ့ဆုံး၌ရှိသော မိန်းကလေးက သူ့ထံသို့ နာကြည်းချက်များဖုံးလွှမ်းထားသည့်မျက်လုံးများနှင့် လှမ်းကြည့်နေသည်။

'ဩော်....မင်းတို့က ဇီလိုကိုး'

နယ်စား ကျောက်ပိယန်က သဘောပေါက် နားလည်သွားခဲ့၏။

သူ့ကို စိန်ခေါ်ခဲ့သူက ဇီဂျင်ဟို၏ သမီး ချူယင်ကိုး၊ သူ့ကို တိုက်ခိုက်ဖို့ အသင့်ပြင်ထားသူက စီလင်ရှု။

မှော်ဓားနှင့် နှင်းဓားတို့ ပြိုင်တူထုတ်လိုက်သဖြင့် ဝန်းကျင်၌ သက်တံရောင်များ ဖြာထွက်လာခဲ့သည်။

မှော်ဓားဖိုနှင့် မှော်ဓားမတို့မှ ထွက်ရှိလာသည့်ရောင်ပြန်များက နှင်းဓားကို ဖြတ်သန်းထိုးဖောက်နိုင်ဖို့ ကြိုးစားနေသည်။

စီလင်ရှုက နေရောင်ကိုစူးစိုက်ကြည့်ရဲသည့်လူတစ်ယောက်ဖြစ်၍ သည်အရောင်များလောက်တော့ မမှု။

ခက်ထန်ကြမ်းကြုတ်သော ကျောက်ပိယန်၏ အကြည့်ကို ရဲရဲပင် ရင်ဆိုင်၍ ရှေ့သို့တိုးလာခဲ့၏။

ကျောက်ပိယန်က ဒေါသအထွတ်အထိပ်သို့ ရောက်နေ၍ မုန်ယိုနေသော ဆင်တစ်ကောင်နှင့် တူနေသည်။

'ဟိုင်း....ယိစ်'



'ထန်း....ထန်း....ထန်း'

'ခြွမ်....ခြွမ်'

မှော်ဓားနှင့် နှင်းဓား စတင်ထိခတ်ပဲ့တင်ရိုက်ခတ်ခဲ့လေပြီ။

ဦးတည် တိုက်ခိုက်လိုက်သော ဓားလမ်းကြောင်းကို နှစ်ဦးစလုံးက မရှောင်မိကြပေမယ့် လုံခြုံစွာကာကွယ်တတ်သဖြင့် ထိခိုက်မှုမရှိခဲ့။

'ဟား....ဟား....ကောင်လေးက ဘယ်ဆိုးလို့တုံးကွ၊ ဓားကိုတော့ မြဲအောင်ကိုင်နိုင်သားပဲ'

'သိပ်အပြောမကြီးနဲ့ဦးလေး၊ ဓားစွမ်းသိချင်ရင် ထပ်ခုတ်ကြည့်လိုက်'

နယ်စားကျောက်ပိယန်ကိုစီလင်ရှုက တစ်ခွန်းမခံ ခွန်းတုံ့ပြန်လိုက်၏။

သို့ပေမယ့် ကျောက်ပိယန်က ပါးနပ်လိမ္မာသူဖြစ်၍ တမင်ခုတ်ခွင့်ပေးထားသော ဆင်ကွက်ထဲသို့ ဝင်မလာခဲ့။

'ယား'

'ထန်....ထန်....ဒလ'

နှစ်ဦးသား လေထဲခုန်ပျံရင်း အလစ်တိုက်ခိုက်မိကြ၏။

စီလင်ရှုအနေနှင့် နှင်းတောင် ဘွားဘွားဝ ပေးသော နှင်းဓားကို တာဝန်ကျေရုံမျှသာ သံပူတိုက်နေသည့်သဘောဖြစ်သည်။

ပြိုင်စီးရွားဓားကိုးချက်ကို ခေါင်းထဲ ထည့်ထားပေမယ့် မသုံးဖြစ်နိုင်သေး။

ဝမ်၏ မရှုမလှ သေဆုံးခဲ့ရပုံကို သတိရမိတိုင်း ကျောက်ပိယန်၏ အပေါ်တွင် နာကြည်းစိတ်များ ပေါ်လာတတ်သဖြင့် သတိထား၍ စိတ်ကိုထိန်းချုပ်ထားရသေးသည်။

သူ ပြိုင်ပွဲဝင်လာရသော ရည်ရွယ်ချက်မှာ ကလဲ့စားချေဖို့မဟုတ်။

မှော်ဓားဖိုနှင့် မှော်ဓားမ နှစ်ချောင်းကိုရလျှင် သိုင်းလောကကြီးကို ဖျက်ဆီးပစ်နိုင်ပြီဆိုသော ကျောက်ပိယန်၏ ခေါင်းထဲမှ အတွေးကို ဖယ်ထုတ်ပစ်ရန်သာ ဖြစ်၏။

ကျောက်ပိယန်ကတော့ သူ့အား ကလဲ့စားချေရန် ရောက်ရှိလာခဲ့ပြီဟု ထင်သဖြင့် အတိတ်ကစ္ဆေ ခြောက်လှန့်ခံနေရလေပြီ။

သူ့အပိုင်တွက်ထားသလို စီလင်ရှအား လွယ်လွယ်နှင့်တိုက်ခိုက်လို့ မရနိုင်သည့်အတွက် ညက်နီညက်နက်များ ထုတ်နေမိသည်။

ပရိသတ်အများစုက စီလင်ရှဘက်မှ ရှိနေကြလေပြီ။

ချူယီကိုက ကျောက်ပိယန် မာနများ တဖြည်းဖြည်းမာန်စွယ်ကျိုးကျနေကြောင်းကို သိသဖြင့် လှောင်၍ ပြုံးနေမိသည်။

သူ၏ဖခင်စီရင်ခဲ့သော မှော်ဓားနှစ်ချောင်းက ကျောက်ပိယန်အတွက် သည်ပွဲ၌ သာမန် ဓားတစ်ချောင်းလောက်မျှ အသုံးဝင်နိုင်ပါ့မလား။

'ဟိုင်း'

'ဝှီး....'



'ဝှစ်....ဝှစ်....ဝှစ်'

ကျောက်ပိယန်က ဓားနှစ်လက်ကို ကြောလိုလှည့်၍ တစ်ကိုယ်လုံး ပေါ့ပေါ့ပါးပါး လည်ပတ်လျက် စီလင်ရှအား တုံ့ပြန်မှု မရှိနိုင်အောင် သဲကြီးမဲကြီး တိုက်ခိုက်နေသည်။

( ၁၀ )

စီလင်ရှုက လှစ်ခနဲလှစ်ခနဲ သွက်လက်စွာ ရှောင်တိမ်းလျက် ရှိ၏။

ကျော့ခက်ပိယန်က ပြိုင်ပွဲမဝင်ခင်ကတည်းက မှော်ခါးနှစ်လက်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်နိုင်ဖို့ လေ့ကျင့်ထားသဖြင့် သူ၏တိုက်ကွက်များက ကြည့်ကောင်းလှ၏။

ပရိသတ်က ရင်တမမ ဖြစ်နေသလောက် စီလင်ရှု ဟစ်ယောက်ကတော့ တုန်လှုပ်ခြင်း အလျင်းမတွေ့ရ။

ကျော့ခက်ပိယန်၏တိုက်ကွက်များ လေးလံစပြုလာခဲ့လေပြီ။

အသက်အရွယ်ချင်း မမျှသဖြင့် မောဟိုက်ပင်ပန်းစ ပြုနေကြောင်းကို သတိထားမိလိုက်၏။

သူ့အနေနှင့် သည်လောက် အပင်ပန်းခံ တိုက်ခိုက်ရမည်ဟု လုံးဝထင်မထားခဲ့။

အခုတော့ တိုက်ကွက်ဆင်တိုင်း ထိရောက်မှုမရှိနိုင်ကြောင်း လက်တွေ့သိလာခဲ့ရလေပြီ။

'ဝှီး....ဝှီး....ဝှစ်....ဝှစ်'

အတွင်းအား မည်မျှပြင်းထန်ကြောင်းသိစေရန် ကျောက်ပိယန်က မှော်ဓားနှစ်လက်နှင့် လေထဲဝဲပျံ ခုတ်ပိုင်းကစားပြရင်း တစ်ဖက်ပြိုင်ဘက်ကို တပ်လှန့်ပြလိုက်၏။

စီလင်ရှုက အံ့ဩခြင်းမရှိလေဟန်နှင့် ဆုံးဖြတ်ချက်ချပြီး မလှုပ်မယှက် ရပ်တန့်နေသည်။

သူ၏ခေါင်းထဲ၌ ပြိုင်စံရှား ဓားကိုးချက်သာရှိ၏။

တစ်ဦးနှင့်တစ်ဦး သဲသဲကွဲကွဲမြင်နိုင်သည့်နေရာ၌ ရှိနေကြသည်။

တစ်ဦးနှင့်တစ်ဦး မည်သို့တိုက်ခိုက်ရဦးမည်ကို ကြံရွယ်၍ လုံခြုံအောင် ကာကွယ်ရန်အတွက် အကဲခတ် ကြည့်ရှုနေကြသည်။

'ခုတ်လေကွာ ကြောက်နေပြီလား'

ကျောက်ပိယန်က လူငယ်တစ်ဦး၏ အားမာန်ကို အထင်အမြင်သေးလေဟန်နှင့် စိတ်ကို ဆွလိုက်ပြန်သည်။

စီလင်ရှု၏ ခန္ဓာကိုယ်ထဲမှ သွေးများ ဆူပွက်လာခဲ့လေပြီ။



နှင်းဓားကို ကိုင်ဆောင်ထားသော လက်၌ အကြောများပင် ထောင်လာခဲ့၏။

ဓားကို လွှတ်ထွက်မသွားစေရန် မသိမသာလေး တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလိုက်၏။

ကျောက်ပိယန်သို့ အကြည့်ချင်းဆိုင်၍ တိုက်ခိုက်နေမိရင်း ခြေကို ဖွဖွလေး တဖြည်းဖြည်း ရွှေ့လာခဲ့သည်။

ထို့နောက်....။

'ယား....'

'ထန်း....ထန်း'

'ချလွမ်း....ခြွမ်း'

အတွင်းအားထည့်၍ ခုတ်ပိုင်းလိုက်သော နှင်းဓား၏ အစွမ်းကြောင့် ကျောက်ပိယန်၏ မှော်ဓားတစ်လက် ပျက်စီးသွားခဲ့လေပြီ။

'အောက်....'

ကျောက်ပိယန်၏ စိတ်တွေ မတည်ငြိမ်နိုင်တော့ မှော်ဓားမှုကို လွှင့်ပစ်ရင်း အထင့်ပြင်ထားပေမယ့်....

နှင်းဓား၏ အစွမ်းထက်မြက်ပုံကို အမှတ်တမဲ့ သိရှိနားလည်သွားမိသဖြင့် ကြက်သီးများ ဖြန်းခနဲ ထလာခဲ့သည်။

လူပုံအလယ်၌ အရှက်တော်ကွဲစေရန် ဟန်မပျက်ထိန်းချုပ်နေရသော်လည်း သူကိုင်ဆောင်ထားသည့် မှော်ဓားတစ်လက်ကိုပင် စွမ်းရည်ထက်မြက်မှု ရှိနိုင်ပါ့မလားဟုသံသယစိတ်များ ဝင်နေမိသည်။

ပရိသတ်က နယ်စားရှုံးနိမ့်နေသဖြင့် အရင်လို လက်ခုပ်လက်ဝါးတီးပြီး အားမပေးမိပေမယ့် စိတ်ထဲ၌ ကျေနပ်ပီတိဖြစ်နေကြ၏။

မှော်ဓားနှစ်လက်နှင့် မာနထောင်လွှားသည့် နယ်စားတော့ ကောင်းကောင်း သင်ခန်းစာရနေပြီဟူသော အသိနှင့်နားလည်မှုနေကြသည်။

ကျောက်ပိယန် စိတ်ဓာတ်များ ကျဆင်းစ ပြုလာခဲ့လေပြီ။

သူကိုယ်တိုင် အပိုင်ဆုံးတွက်ဆလျက် ကျင်းပပြုလုပ်ခဲ့သော ပြိုင်ပွဲ၌ သူရှုံးနိမ့်ခဲ့ပါလျှင် ဘယ်သို့လုပ်ရမည်နည်း။

'ဟိုင်း....'

'ဝှီး....ဝှီး'

'ဝှစ်....ဝှစ်....ဝှစ်'

စီလင်ရှုက အခြေအနေကို နားလည်မိသဖြင့် အသာစီးရအောင် တိုက်ကွက်ဆင်နေလိုက်၏။

ကျောက်ပိယန်က မှော်ဓားနှင့် ခုခံကာကွယ်ခြင်းမရှိဘဲ သတိထား၍ ကိုယ်လွတ်ရှောင်တိမ်း နေရရှာသည်။

စီလင်ရှု၏ တိုက်ခိုက်မှုက အားမာန်အပြည့်ရှိလှပြီး ပြိုင်စံရှား ဓားကိုးချက်ကို စတင်လှုပ်ရှားနေပြီဖြစ်ကြောင်း ချူယီကိုက သိရှိနားလည်ခဲ့၏။

ကျောက်ပိယန်က လှပသေသပ်သော ဓားချက်များကို ကြည့်ရင်း အံ့အားသင့်နေမိသည်။



ထိုဓားချက်များက သူ့အရှယ်နှင့်မမျှအောင် သွက်လက်မြန်ဆန်လွန်းရုံမကဘဲ ပီရိသေသပ်လှကြောင်းကို သတိထားမိလိုက်၏။

ကျောက်ပိယန်၏ စိတ်များ နောက်ကျိရှုပ်ထွေးစ ပြုလာခဲ့လေပြီ။

ရှောင်ကွက်ကို အလွဲလွဲအချော်ချော် မှားယွင်းမှုမရှိစေရန် သတိမလွှတ် ထိန်းချုပ်နေရပေမယ့် ဖြစ်နိုင်ရင် ပြိုင်ပွဲမှထွက်ပြေးချင်စိတ် ပေါက်နေသည်။

နှင်းဓားအစွမ်းကတော့ တဖြည်းဖြည်း ထက်သည်ထက်ပိုထက်လာသည်။

နှင်းဓားအပေါ် ထားရှိအပ်သော သူ၏ သစ္စာတရားကြောင့် သူ့အပေါ် စောင့်ရှောက်နေခြင်း ဖြစ်သည်ဟု နားလည်လိုက်မိသည်။

ကျောက်ပိယန်၏ အခြေအနေက ပြေးမလွတ်နိုင်အောင်ချောင်ပိတ်မိနေမှန်း စီလင်ရှု သတိထားမိလိုက်သည်။

လက်ရုံးရည်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ရပေမယ့် နှလုံးရည်ကသန့်စင်မွန်မြတ်ဖို့ လိုသည်။

သို့မှသာ တရားမျှတသော သိုင်းစွမ်းရည်ယှဉ်ပြိုင်ပွဲတစ်ခုအောင်မြင်စွာ ပြီးစီးသွားပေလိမ့်မည်။

ကျောက်ပိယန်ကို သူ ကလဲ့စားချေလိုသော စိတ်ဆန္ဒသာရှိခဲ့ပါလျှင် တိုက်ကွက်တိုင်း မှားမှားယွင်းယွင်း ဖြစ်ပေလိမ့်မည်။

သူ့အနေနှင့် တစ်ဖက်သတ် အနိုင်မလိုချင်။

ရွှေသရဖူကြီးကိုလည်း မမက်မောခဲ့။

သူလိုချင်သောအရာမှာ မှော်စားနှစ်လက်ကို သိုင်းလောက တစ်ခုလုံးအား မဖျက်ဆီးနိုင်အောင် နှင်းခါးနှင့် ချိုးဖွဲ့ပစ်လိုက်ချင်သည့် ဆန္ဒတစ်ခုသာ ပြင်းပြနေသည်။

'ထန်း....ထန်း....ထန်း'

'ခြိမ်း....ခြိမ်း....ခြိမ်း'

'ရှပ်....'

'အား....'

စီလင်ရှု တရကြမ်း ဖိတိုက်ခိုက်လိုက်၏။

ကျောက်ပိယန်က နောက်ဆုတ်ရှောင်ရှားနေစဉ်သော်လည်း၊ စားစကေကွင်းမှ လွတ်ရာသို့ လှစ်ခနဲရှောင်အထွက် နှင်းစား၏ အသွားထက်ထက်က လက်မောင်းတစ်ဖက်သို့ ပွတ်ဆွဲပစ်လိုက်မိပြီးသား ဖြစ်သွားခဲ့သည်။

လက်မောင်းမှ သွေးများ ရဲခနဲ ဖြာဆင်းကျလာခဲ့လေပြီ။

'ဒီလောက်ဆို နေခင်တရဖို့ ကောင်းပါပြီလေ'

စီလင်ရှုက သိုင်းသမားကောင်း ပီသစွာ နှုတ်ခွန်းခြွေ ပြောကြားလိုက်၏။

နာကျင်သော ဝေဒနာတစ်ခုကိုခံစားနေရသည့် ကျောက် ပိယန်ကို ရိုးသတ်ထံမှ တညီတညွတ်တည်းဆူညံစွာအော်ဟစ် သံများ ထွက်ပေါ်လာခဲ့လေပြီ။

( ၁၁ )

'နယ်စားမင်း....အရှုံးပေးလိုက်ပါ'

'နယ်စားမင်း....ရွှေသရဖူကို ပေးလိုက်ပါ'

နားထဲသို့ ပဲ့တင်ရိုက်ရိုက်လာသံများက သံရည်ပူနှင့် လောင်းချလိုက်သည့်အလား မချိမဆံ့ ခံစားလိုက်ရ၏။

စီလင်ရှုအား သူ ဘယ်နည်းနှင့်မှ အရှုံးမပေးချင်။

သူ ကြံစည်ထားသည့် အတိုင်း သည်ပြိုင်ပွဲ၌ မှော်စား သခင် ဘုရင်တစ်ဆူသာ ဖြစ်လိုသည်။ အခုတော့ မှော်စားက သူ့အတွက် မစွမ်းသာတော့။

အဘယ်ကြောင့် အစွမ်းသတ္တိများ လျော့ကျသွားရသည် ကို စဉ်းစားမရနိုင်အောင် ဖြစ်နေမိသည်။

'ကောင်းပြီလေ၊ ဒါဆို ကျုပ်ဘက်က အရှုံးပေးတယ်'

ကျိုးပဲ့နေသော မှော်ဓားမကို တစ်လှည့် တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားသည့် စီလင်ရှုကို ထစ်လှည့်ငေးကြည့်ရင်း ကတိစကားတစ်ခွန်းကို မငံ့မရဲလေး ပြောဆိုလိုက်သည်။

စီလင်ရှုက ကျေနပ်မှုရှိသွားသေဟန် ချာခနဲလှည့်ထွက်ဖို့ ကြိုးစားလိုက်သည်။

ကျောက်ပိယန်အ အကြံပက်စက်အောသူသာ ဖြစ်သည်။ သူ့အား ပရိယာယ်တစ်မျိုးနှင့် လှည့်စားလိုက်မှန်းကို လုံးဝ မသိရှာခဲ့၊

လှည့်ထွက်သွားသော စီလင်ရှု၏ ကျောပြင်ကို ကြည့်ရင်း ဒေါသအသွေးများ ဗလောင်ဆူပွက်လာခဲ့သည်။

ထို့နောက် ကျောက်ပိယန်က ဓားကို ဆုပ်ကိုင်ရင်း စီလင်ရှုရှိရာသို့ တစ်ဟုန်ထိုးပြေး၍ ပိုင်းခုတ်ရန် ကြိုးစားလိုက်၏။

'ယား....'

'အစ်ကို....နောက်မှာ....နောက်မှာ'

ပွဲကြည့်စင်ရှေ့မှ ကျောက်ပိယန်၏အခြေအနေကို စောင့်၍ ကြည့်ရှုနေသူ ချူယီကိုက အလန့်တကြားလှမ်း၍သတိပေးလိုက်၏။

'ခြွမ်း....'

စီလင်ရှုက မြေပေါ်သို့ လွတ်သာရုံလေး လှဲချလိုက်ရင်း နှင်းဓားကို ပိုင်နိုင်စွာကိုင်လျက် အကြံ ပက်စက်လှသည့် နယ်စား ကျောက်ပိယန်အား လူရော ဓားပါ ခုတ်ပိုင်းပစ်လိုက်၏။



မှော်ဓားမှာ ကျိုးပဲ့သွားပြီး အရှိန်နှင့် ပြေးခုတ်သူ ကျောက်ပိယန်၏ရင်ဝသို့ တည့်တည့်စိုက်ဝင်သွားခဲ့ရှာလေပြီ၊

နှင်းဓားက အားလုံးအတွက် တာဝန် ကျေပွန်ခဲ့လေပြီ၊ ကျောက်ပိယန်မှာ သူ့ဓားနှင့်သူ ရင်ဝသို့ စိုက်ဝင်လျက် နိဂုံးချုပ်သွားရှာခဲ့၏။

စီလင်ရှုတစ်ယောက် ချူယီကိုထံသို့ လျှောက်လာခဲ့လေပြီ။

စီလင်ရှုထံသို့ ပြိုင်ပွဲကျင်းပပေးသူ ပုဂ္ဂိုလ်များက ရွှေဆုဖလားကို ပေးအပ်ရန် ယူဆောင်လာခဲ့၏။

'ကျုပ် ဒီပစ္စည်းကို လုံးဝ လက်မခံနိုင်ပါဘူး၊ သေဆုံးသွားသူ နယ်စားမင်းနဲ့အတူ မြှုပ်နှံပေးစေချင်ပါတယ်'

စီလင်ရှုက ရွှေသရဖူကို လက်မခံဘဲ ငြင်းဆို၍ ထွက်လာခဲ့၏။

ပြိုင်ပွဲတစ်ကွင်းလုံးက သူနှင့် ချူယီကိုအား မည်သို့ နားလည်ရမှန်း မသိအောင် ငေးစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့ရှာလေပြီ။

'အစ်ကို....အားလုံး အတွက် တာဝန် ကျေခဲ့ပါပြီလေ၊ ဒီတော့ ညီမပေးထားတဲ့ ကတိအတိုင်း အထိုက်တန်ဆုံးဆုတစ်ခုတော့ အစ်ကို မျှော်လင့်နေပါတယ်'

ချူ၏မျက်ဝန်းထဲ၌ မျက်ရည်များ ဝဲလာမိသည်။ သူမဘဝအတွက် အရာရာကို ဆန္ဒပြည့်ဝအောင် ကူညီပေးခဲ့သော စီလင်ရှုအား နားလည်တတ်လွန်း၍ ဝမ်းနည်းကြေကွဲစွာ ခံစားနေရသလို ဖြစ်လာမိသည်၊

'ဪ...ဆစ်ကိုရယ်'

စီလင်ရှ၏ ရင်ခွင်ထဲသို့ ရှက်စိတ်လုံအောင် တိုးဝင်လိုက်မိလေတော့သည်။

ဇာတ်သိမ်းပိုင်းပြီး။

ရဲမာန်အောင်